
# မြဘုန်းလှလှ

(ဆေးတက္ကသိုလ်)

## မင်းလေးကိုပဲ



NYI NYI

# မြဘုန်းလူလူ (ဆေးတက္ကသိုလ်)

## မင်းလေးကိုပဲ

စာမူခွင့်ပြုချက်အမှတ်
၅၀၀၆၁၁၀၅၀၅

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၃၀၉၀၅၁၀

၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ
ပထမအကြိမ်

တန်ဖိုး
၈၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်

## စေတနာစာပေ၏ အမှတ်တရ အစီအစဉ်

မြဘုန်းလူလူ

တို့ထက်ငယ်မယ်ထင်လို့ ဒီလိုပဲခေါ်မယ်နော်။ မင်းကို တို့ရဲ့ညီမလေးလို သဘောထားပါရစေ။ မင်းရဲ့ ပထမဆုံးဝတ္ထုသစ် 'မျှော်လင့်ခြင်းရဲ့ရင်ခုန်သံ' ဝတ္ထုလေးကို တို့ သိပ်ကြိုက်တယ်။ မြဘုန်းလူလူ မင်းကို တို့ အမြဲအားပေးနေမယ်။ မင်းရဲ့ပရိသတ်အဖြစ် ထာဝရရှိနေမယ်။ မြဘုန်းလူလူဆိုတာ မင်းနာမည်ရင်းပဲလား။ ကလောင်နာမည်လားဆိုတာ။ ပြီးတော့ စာအုပ်အတွင်းမျက်နှာစာကပုံလေးနှင့် အပြင်ကျောဖုံးကပုံလေးက မင်းရဲ့ပုံလားလို့ တို့ကိုမင်းရဲ့ပြန်စာလေးနှင့် ဓာတ်ပုံအလှလေးတစ်ပုံလောက် မင်းလက်မှတ်ထိုးထားတဲ့ဆိုင်းလေးနှင့်ပေါ့။ ထည့်ပေးပါလို့ တောင်းဆိုပါရစေလားကွာ။ မင်းရဲ့အရေးအသားကကောင်းပါတယ်။ တို့စာလေးကိုဖတ်ပြီး တို့ဆီ စာပြန်ရေးပါ။ တို့တောင်းဆိုတဲ့ပုံလေး ထည့်ပေးပါ။

မြဘုန်းလူလူ ...

ဒီ့ထက်မက အောင်မြင်ပါစေ

မင်းရဲ့ပရိသတ်

စောသီတာ

စိန်သီဟာ
(ဆောက်လုပ်ရေးပစ္စည်း)
န-၇၄၊ အနောက်ရပ်၊
ဟိုပုံးမြို့နယ်၊ တောင်ကြီးမြို့၊
ရှမ်း/တောင်။

မမြဘုန်း

မမြဘုန်းလို့ ရင်းနှီးခင်မင်မှုလေးနဲ့ ခေါ်မယ်နော်။ မမြဘုန်း စာအုပ်ဖတ်ပြီးပြီးချင်း ဒီစာရေးလိုက်တာပါ။ စာအုပ်တွေကို ဖတ်ပြီး မိတ်ဆက်စာရေးတာ မမြဘုန်း ပထမဦးဆုံးသူပါ။ စာအုပ်ဆိုင်အန်တီကြီးက မြဘုန်းလူလူ အသစ်ထွက်တာ ဖတ်ကြည့်ပါလားလို့ပြောတယ်။ ညီမလေးလည်း သူငယ်ချင်းတွေကို လည်း ဖတ်ခိုင်းတယ်။ သူတို့က အရမ်းကောင်းတယ်လို့ ပြောတော့ ညီမလေး ဝမ်းသာလိုက်တာ။ ဘယ်လိုပြောရမှန်းကို မသိဘူး။ မမြဘုန်း လစဉ်ထွက်တဲ့စာအုပ်ကို အမြဲအားပေးမယ်လို့ ပြောတယ်။ တစ်ခါမှ မိတ်ဆက်စာမရေးဘူးလို့ အမှားပါရင် ခွင့်လွှတ်ပါ။ မမြဘုန်းရဲ့ ထူးချွန်ထက်မြက်မှုကို မချီးကျူးဘဲ မနေနိုင်လို့ အရဲစွန့်ပြီး ရေးလိုက်တာပါ။ မမြဘုန်းရဲ့ 'မျှော်လင့်ခြင်းရဲ့ ရင်ခုန်သံ' က အရမ်းဖတ်လို့ကောင်းတယ်။ မမြဘုန်းရဲ့ အရေးအသားတွေကို အရမ်းကြိုက်တယ်။ နောင်ထွက်မဲ့စာအုပ်တိုင်းကို မမြဘုန်း ဘယ်လိုပက်စွမ်းပြမယ်ဆိုတာကို စိတ်ဝင်စားစွာနဲ့ စောင့်နေမယ်နော်။ မမြဘုန်းရဲ့ ပြန်စာနဲ့ ဓာတ်ပုံကို မျှော်နေမယ်နော်။ အောင်မြင်မှုအပေါင်း သရဖူဆောင်းပါစေလို့ ဆုမွန်ချွေလျက် ... ။

မမြဘုန်းရဲ့ထာဝရပရိသတ်

မရီရီအောင်
ဦးခင်မောင်ထွေး+ဒေါ်ငွေသိန်း
မြန်မာ့မီးရထား
ဒုတွဲစစ်၊ တွဲပြင်၊ ကန့်ဘလူ။



စေတနာစာပေ၏ အမှတ်တရ အစီအစဉ်

မမမြဘုန်းလူလူ

ရှိသေလေးစားစွာ စာရေးလိုက်ပါတယ်။ မမရဲ့ ပထမစာအုပ်ဖတ်ရုံနဲ့ အရမ်းကောင်းလွန်းလို့ နောက်ထွက်မဲ့ စာအုပ်တွေကို မျှော်လင့်နေမိတယ်လေ။ မမက အရမ်းတော်ပြီး အရမ်းလည်းချောတာပဲနော်။ မမက အရမ်းချစ်ဖို့ကောင်းတာပဲနော်။ မမရဲ့အရေးအသားက အရမ်းကောင်းပါတယ်။ မမရဲ့ပြန်စာနဲ့ ဓာတ်ပုံကို လွှာဆီကို ပို့ပေးပါလားဟင်။ မမရဲ့ပရိသတ်အဖြစ် သတ်မှတ်တယ်ဆိုရင်ပေါ့နော်။ နေ့တိုင်းစောင့်မျှော်လျက်။ မမ ဒီ့ထက်မကအောင်မြင်ပါစေလို့ ဆုတောင်းရင်း .... ။

မမရဲ့ထာဝရပရိသတ်

နှင်းထက်လွှာလွှာ
အမှတ်(၈)၊ သနပ်ပင်လမ်း၊
ဟသ်ာကုန်း(၁၉)ရပ်ကွက်၊
ပဲခူးမြို့။

## စေတနာစာပေ၏ အမှတ်တရ အစီအစဉ်

မမြဘုန်းလူလူ

အပေါ်မှာ 'သို့'ဆိုတဲ့ စာလုံးမတပ်ဘဲ မိတ်ဆက်လိုက်ပါတယ်။ ကျွန်တော် မမြဘုန်းလူလူကို MBလို့ခေါ်ပါရစေဗျာ။ MBရေ ---- ကြီးသင့်တဲ့မာနတော့ကြီးပါ။ ဒါပေမဲ့ မလေးမွန်(ဆုမြတ်မွန်မွန်)တို့လို ဝေဖန်အကြံပြုစာတွေကို လက်ခံပါဗျာ။ MBကို စာဖတ်ပရိသတ်တွေ အရမ်းမျှော်လင့်နေကြပြီ။ ပရိသတ်တွေများမယ်ဆိုတာ ကျိန်းသေပြောရဲတယ်ဗျ။ စာအုပ်တွေက မထွက်သေးဘူးလား။ ကြော်ငြာတွေကတည်းက ကျွန်တော်ဆို စာအုပ်ဆိုင်ကို ခဏခဏသွားမေးလို့ စာအုပ်ဆိုင်ကတောင် MBဆီ ဖုန်းဆက်မေးပေးရမလားလို့ ရွဲ့မေးသေးတယ်။ မျက်စောင်းတောင်ထိုးတယ်။ မလေးမွန်ကတော့ လူလတ်၊ လူငယ်တွေကို အရမ်းစွဲဆောင်နိုင်နေပြီ။ MBလည်း ကြိုးစားပေါ့ဗျာ။ ကြော်ငြာထဲကပုံက MB ရဲ့ပုံလား။ ကျွန်တော် စာရေးဆရာမတွေဆီရေးတာ ဒီစာက ဒုတိယပါ။ MBဆီက ပထမ၊ အသိအမှတ်ပြုမယ်ဆိုရင် ပြန်စာလေးတစ်စောင်နဲ့ ဘယ်သူမှ မပေးဘူးတဲ့ ဓာတ်ပုံတစ်ပုံရချင်တယ်။ စာပြန်လျှင် ဒီမေးခွန်းလေးတွေပါ ဖြေစေချင်တယ်။

MBရဲ့ ဇာတိ
MBရဲ့ အသက်
MBရဲ့ မောင်နှမ ဘယ်လောက်ရှိလဲ၊ မွေးချင်း
MBရဲ့ ကြိုက်နှစ်သက်ဆုံး (အစား၊ အရောင်၊ ပစ္စည်း)
MBရဲ့ ကိုးကွယ်သောဘာသာ

**လွမ်းမင်းထက်**
**ချမ်းမြသာစည်၊ ညောင်ကန်တိုက်၊**
**အောင်မြေရတနာကျောင်း၊**
**ဘုရားကြီးရှေ့။**

## စေတနာစာပေ၏ အမှတ်တရ အစီအစဉ်

မြဘုန်းလူလူ

ရင်းနှီးမှုလေးနဲ့ခေါ်မယ်နော်။ မမြဘုန်းရဲ့ စာအုပ်ဖတ်ပြီးပြီးချင်း ဒီစာရေးလိုက်တာပါ။ ဒီစာနဲ့ဆိုရင် နှစ်စောင်ရှိပါပြီ။ ပြန်စာမရတော့ ဝမ်းနည်းမိတယ်။ ညီမလေးက မမြဘုန်းနဲ့ ခင်ချင်လို့ စာရေးတာပါ ... ။ စာအုပ်အားလုံးကောင်းပါတယ် ... ။ စာရေးဆရာမအသစ်ပေမဲ့ မရိုးကျူးဘဲမနေနိုင်လောက်အောင် စာပေပါရမီထူးချွန်လှပါတယ်။ မမြဘုန်းရဲ့ စာတွေဖတ်ရတိုင်း ရင်ထဲမှာ တစ်ခုခုခံစားလိုက်ရတာ အမှန်ပဲ။ ညီမလေးဆီ စာပြန်ရေးပေးမယ်ဆိုရင် လက်မှတ်နဲ့ ဓာတ်ပုံတစ်ပုံလောက် ထည့်ပေးလိုက်ပါနော်။

မမြဘုန်းရဲ့
ထာဝရပရိသတ်
ရီရီအောင်

**ဦးခင်မောင်ထွေး+ဒေါ်ငွေသိန်း**
**မြန်မာ့မီးရထား**
**ဒုတွဲစစ်/မြင်**

## စေတနာစာပေ အမှတ်တရ အစီအစဉ်

မမြဘုန်းလူလူ

မိတ်ဆက်စာပထမဆုံးရေးတာမို့ အမှားပါရင်ခွင့်လွှတ်ပါနော်။ ဝေဖန်အကြံပြုတာမှားသွားခဲ့ရင်လည်း ခွင့်လွှတ်ပါ။ ပထမဝတ္ထု 'မျှော်လင့်ခြင်းရဲ့ရင်ခုန်သံ' မှာ ဇာတ်လမ်းက ရှုံးရှင်းလွန်းနေပါတယ်။ နောက်ဆုံးဇာတ်သိမ်းပိုင်းမှာတော့ ကောင်းပါတယ်။ ဒုတိယစာအုပ် 'ဇာတ်လမ်းရဲ့ ဇာတ်လိုက်' မှာတော့ အရမ်းကောင်းလာပါတယ်။ လှလှပနဲ့ ရှုဝံကြယ်တို့ အချစ်ဇာတ်လမ်းလေးက စိတ်ဝင်စားဖို့အရမ်းကောင်းလာပါတယ်။ နာမည်ဆန်းလေးတွေပေးထားတာလည်းလှပါတယ်။ စာအုပ်ဆိုင်မှာလည်း မမစာအုပ်ထွက်ပြီလားလို့ မေးရတာလည်း အမောပါပဲ။ ထွက်လာတော့လည်း နောက်ကျမှ ဖတ်ရတာ။ ဒါပေမဲ့ အရမ်းပဲပျော်သွားတာပဲ။ မမအတွက် မမဆီက ခင်မင်မှုနဲ့ ပြန်စာနဲ့ ဓာတ်ပုံကို မျှော်နေမဲ့သူပါ။

ညီမလေး

ဇာခြည်ဦး
သီတာအေး
(၉၀)မြောက်ပိုင်း။
သာစည်မြို့နယ်၊
မန္တလေးမြို့။

## စေတနာစာပေ အမှတ်တရ အစီအစဉ်

မမမြ

ကျွန်တော့်နာမည် အောင်ခန့်ညီညီပါ။ မမမြရဲ့စာအုပ်အတွက် ကြော်ငြာတာကြည့်ပြီး နောက်စာအုပ်ထွက်လာမဲ့ရက်ကို မျှော်လင့်နေခဲ့တာပါ။ အခု ပထမဆုံးထွက်တဲ့စာအုပ်ကို ဖတ်ပြီးပါပြီ။ ကောင်းပါတယ်။ မမမြ ဆက်လက်ကြိုးစားပါ။ နောက်ပြီး ပညာပေးသင်ခန်းစာတွေ များများရေးပေးစေလိုပါတယ်။ ချမ်းသာတဲ့ဇာတ်ကောင်ကြီးပဲ မရေးစေလိုဘူး။ (ရေးတာလည်းရေးပေါ့ဗျာ) ဆင်းရဲတဲ့ဇာတ်ကောင်လေးတွေ ဇာတ်လမ်းလေးတွေ ဘဝကိုဘယ်လိုကြိုးစားပြီး အောင်မြင်ရတာတွေကို အထူးသဖြင့် ရေးစေလိုတယ်။ ကျွန်တော်ကတော့ မမမြရဲ့ ထာဝရပရိသတ်တစ်ဦး ဖြစ်သွားမှာပါ။ ထာဝရလည်းအားပေးနေမှာပါ။ ဒါကြောင့် ထာဝရတုံ့ပြန်သောအားဖြင့် မမရဲ့ပြန်စာနဲ့ ဓာတ်ပုံကို မျှော်လင့်ပါရစေ။ မမမြဘုန်းလူလူ ထာဝရအောင်မြင်ပါစေ။

အောင်ခန့်ညီညီ
ငွေတောင်တိုက်၊ ဂရိတ်ကျောင်း။
၃၈×၃၉ ကြား ၈၆လမ်း။
မဟာအောင်မြေမြို့နယ်၊
မန္တလေး။

# စေတနာစာပေ၏ အမှတ်တရ အစီအစဉ်

ဆရာမ မြဘုန်းလူလူ

ကျွန်တော် မမရဲ့ဝတ္ထုစာအုပ်ကိုဖတ်ပြီးတော့ ပထမဦးဆုံး မိတ်ဆက်စာရေးလိုက်တာပါ။ မမကို ဝေဖန်အကြံပြုပါရစေနော်။ မမရဲ့စာအုပ်တွေဟာ ကောင်းပါတယ်။ ဒါပေမဲ့ ပထမဦးဆုံးသောစာအုပ်ထဲမှာ မင်းသမီးနာမည်က ညီညီဇော်ဆိုတော့ ယောကျ်ားဆန်တယ်နော်။ ဆရာမကို အကြံပေးချင်တာကတော့ နာမည်ကြီးတဲ့ စာရေးဆရာ/မတွေကို လေ့လာပြီးတော့ ကဗျာဟာသ ဗဟုသုတပေးသော စာအုပ်တွေကို လေ့လာစေချင်ပါတယ်။ ဆရာမရဲ့ စာအုပ်ဒီဇိုင်းတွေကတော့ ကောင်းပါတယ်။ မမကို အမြဲအားပေးမှာပါ။ ဆရာမ ဖွဲ၊ လုံ့လ၊ ဝီရိယတွေနဲ့ ကြိုးစားပါနော်။ အောင်မြင်သူတစ်ယောက်ဟာ အောင်မြင်မှာပါ။ ပရိသတ်ရင်ထဲကို အနက်ရှိုင်းဆုံးသောစကားတွေ ခေတ်မီသော အသုံးအဆောင်တွေသုံးရင်တော့ အဆင်ပြေမှာပါ။ အမှတ်တရ မမရဲ့ဓာတ်ပုံနှင့်တကွ စာပြန်စေချင်ပါတယ်။

အောင်မြင်စေချင်သော

**လရိပ်မောင်**
**တိုက်သစ်၊ ဓမ္မရက္ခအဆောင်၊**
**ရဲစခန်း(အနီး)၊ ညောင်ဦးမြို့။**

# စေတနာစာပေ၏ အမှတ်တရ အစီအစဉ်

ဆရာမမြဘုန်းလူလူ

ကျွန်တော်ဟာ မမြဘုန်းလူလူရဲ့ ပရိသတ်တစ်ယောက်ပါ။ မမြဘုန်းလို့ပဲခေါ်ပါရစေနော်။ 'မမြဘုန်း' ပထမဆုံးစထွက်တဲ့ 'မျှော်လင့်ခြင်းရဲ့ရင်ခုန်သံ' စာအုပ်ကို မဖတ်ဖြစ်ခဲ့ဘူး။ အခု ဒုတိယမြောက်စာအုပ်ဖြစ်တဲ့ 'ဇာတ်လမ်းရဲ့ဇာတ်လိုက်' စာအုပ်ကို ဖတ်ဖြစ်ခဲ့ပါတယ်။ မမြဘုန်းရဲ့ စာအုပ်လေးက ဖတ်လို့လည်း အရမ်းကောင်းသလို ဆွဲဆောင်မှုလည်းရှိပါတယ်။ ဇာတ်သိမ်းပိုင်းလေးက အနည်းငယ်လိုနေသလိုပဲ။ ဖတ်လို့တော်တော်ကောင်းပါတယ်။ 'မမြဘုန်း' တစ်ယောက် ဒီထက်မက အောင်မြင်မှုတွေရရှိပြီး မမြဘုန်းလူလူတစ်ယောက် စာပေပန်းခင်းလမ်းမှာ အောင်မြင်မှုသရဖူတွေကို ဆောင်းနိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

**မောင်အောင်နိုင်ဝင်း**
**(နီယွန်းအိမ်သာပေါင်း)**
**အမှတ်(၃)၊ (၂)ရပ်ကွက်၊**
**ချမ်းမြေ့သာယာလမ်း၊**
**သာပေါင်းမြို့နယ်၊**
**ဧရာဝတီတိုင်း။**

မမြဘုန်းလူလူ

မြဘုန်းလူလူဆိုသော စာရေးဆရာမအသစ်လေးကို ကြိုဆိုသောအားဖြင့် ကျွန်တော် မိတ်ဆက်စာရေးလိုက်ပါတယ် ...။ ကျွန်တော် စာအုပ်ဆိုင်ကိုရောက်တော့ ရှေ့မှာ မြဘုန်းလူလူ 'ဓာတ်လမ်းရဲ့ဓာတ်လိုက်' ဆိုတဲ့စာအုပ်ကို ကောင်းလားဆိုပြီး စမ်းဖတ်ကြည့်တော့ အစပိုင်းမှာ ရိုးတယ်လို့ထင်ရပေမဲ့ မဠူလှိုင်ဆိုတဲ့ ကောင်မလေးပေါ်လာတော့ တော်တော်ကို စိတ်ဝင်စားသွားတယ်။ သူများတွေအိပ်ချိန်မှာတောင် ကျွန်တော် လက်ကမချနိုင်အောင် ပြီးတဲ့အထိဖတ်လိုက်တယ်။ တော်တော်တော့ ကောင်းပါတယ်။ အသစ်လို့တောင်မထင်ရဘူး။ ကျွန်တော်က ဝတ္ထုတွေ အများကြီးဖတ်ဖူးတယ်။ မက စာရေးဆရာမအသစ်ဆိုပေမဲ့ အဟောင်းတွေလောက်ကောင်းပါတယ်။ ကျွန်တော် မေးချင်တာရှိတယ်။

၁။ မက ဗုဒ္ဓဘာသာလား။

၂။ မရဲ့ငယ်နာမည်ရင်း

ဒါတွေဖြေပြီး ကျွန်တော့်ကို စာပြန်နော်။ မရဲ့ဝတ္ထုကို ထာဝရအားပေးပြီး မရဲ့ပြန်စာကို မျှော်နေမယ်။

ရဲထွန်းနိုင်
(၁၄)ရပ်ကွက်၊
ရန်ကင်းမြို့နယ်၊
ရန်ကုန်မြို့။



သို့

အစ်မမြဘုန်းလူလူ

ညီမလေး ... ရှိသေစွာဖြင့်စာရေးလိုက်ပါတယ်။ ညီမလေး စာအုပ်သွားငှားတော့ ဆိုင်ရှင်က ကလောင်သစ်ထွက်တယ်တဲ့။ ဘယ်သူလဲမေးတော့ 'မြဘုန်းလူလူ' တဲ့။ နောက်ပြီး အရေးအသားကလည်း မဆိုးဘူးတဲ့။ ညီမလေးကတော့ မြဘုန်းတွေပါတဲ့ နာမည်လေးတွေကို ချစ်တယ်သိလား။ နောက်ပြီး အစ်မမြဘုန်းရဲ့ ဓာတ်ပုံတွေကိုတွေ့ပြီး အစ်မမြဘုန်းကို ညီမလေးချစ်သွားတယ်။ ညီမလေးမှာ မောင်နှမ(၂)ယောက်တည်းရှိတာသိလား? ဒါကြောင့် အစ်မမြဘုန်းကို အစ်မတော်မှာနော်သိလား? 'မျှော်လင့်ချင်းရဲ့ရင်ခုန်သံ' စာအုပ်ကို ငှားဖတ်လိုက်တယ်သိလား? မဆိုးဘူး ကောင်းတယ်သိလား? နာမည်လေးတွေကလည်း ချစ်စရာလေးတွေ။ အစ်မမြဘုန်း အောင်မြင်မှာပါ။ ကြိုးစားနော်။ အစ်မမြဘုန်း နောင်ထွက်မဲ့စာအုပ်တွေကို တစ်အုပ်မကျန် အပိုင်ဝယ်ပြီးဖတ်ပစ်လိုက်မယ်။ အစ်မမြဘုန်းကျောင်းတစ်ဖက်နဲ့ စာရေးတာဆိုတော့ အရမ်းပင်ပန်းမှာပဲနော်။ ညီမလေးစာရောက်ရောက်ချင်း စာပြန်နော်။ ရတုအဆက်ဆက် အောင်မြင်ပါစေလို့ ညီမလေး ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

ဖော်မုဟား(ခ)လှဲ့ယဥ်မြင့်
သိမ်ဆိပ်၊ ဝင်းပ
သထုံမြို့၊ မွန်ပြည်နယ်။

## စေတနာစာပေ၏ အမှတ်တရ အစီအစဉ်

မမြဘုန်းလူလူ

ခင်မင်လိုတဲ့ဆန္ဒကြောင့် စာရေးလိုက်ပါတယ်။ မြဘုန်းလူလူရဲ့ ပထမဆုံးထွက်တဲ့ စာအုပ်လေးကို ကျွန်တော် ဖတ်မိတယ်။ စာအုပ်လေးက အရမ်းကောင်းပါတယ်။ ဝေဖန်စရာမရှိလောက်ဘူးလို့ ကျွန်တော်ယူဆတယ်။ ဘာကြောင့်လဲဆိုတော့ ဆေးတက္ကသိုလ်ကျောင်းသူလေးတစ်ယောက်ရဲ့ ပထမဆုံးထွက်တဲ့ စာအုပ်ဖြစ်နေလို့ပါ။ မြဘုန်း ဒီထက်ပိုပြီး ကြိုးစားဖို့လိုသေးတယ်လို့တော့ အကြံပေးပါရစေ။ မြဘုန်း ဒီထက်အောင်မြင်ပါစေလို့ ဆုတောင်းလျက် ... ။

မင်းဝီရ
မောင်ငံရပ်၊
ထားဝယ်မြို့။

## စေတနာစာပေ၏ အမှတ်တရ အစီအစဉ်

မမြဘုန်းလူလူ

မမရဲ့စာအုပ် အရမ်းဖတ်လို့ကောင်းတာပဲ။ ကြော်ငြာစာရွက်ကို စမြင်ကတည်းက အရမ်းစိတ်ဝင်စားပြီး ဖတ်ချင်နေတာ။ မမက အခုမှ စာရေးတာလား။ စာအုပ်ဘယ်နှစ်အုပ်ထွက်ပြီးပြီလဲ။ ညီမလေးက အခုမှ 'မျှော်လင့်ခြင်းရဲ့ရင်ခုန်သံ' စာအုပ်ကို စ,ဖတ်တာဆိုပေမဲ့ အရေးအသားတွေ လှုံ့ဆော်ချက်တွေကို အရမ်းသဘောကျတယ်။ ညီမလေးက အခုမှ ဆယ်တန်းဖြေမှာပါ။ မမရဲ့စာအုပ်က ညီမလေးတို့မြို့မှာ အရမ်းငှားရတယ် ... ။ ညီမလေးတောင်မှ မမရဲ့စာအုပ်ကို မေးရတာ အခေါက်ပေါင်းမရေတွက်နိုင်တော့မှ ဖတ်ရတာ။ နောက်ထပ် မရဲ့စာအုပ်တွေကိုလည်း မျှော်လင့်ရင်း ဖတ်နေမှာနော်။ ညီမလေးကို မမရဲ့ ထာဝရပရိသတ်အဖြစ် အသိအမှတ်ပြုတယ်ဆိုရင် မမရဲ့ပြန်စာလေးနဲ့ ဓာတ်ပုံတစ်ပုံလောက် ထည့်ပေးပါလား။ အမှတ်တရနဲ့ ညီမလေး သူငယ်ချင်းတွေကို ကြွားချင်လို့ မျှော်နေမယ်နော်။ နောက်ထွက်မဲ့စာအုပ်တိုင်း အောင်မြင်မှုများနဲ့ အလှဆင်နိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

မမရဲ့ ထာဝရချစ်ပရိသတ်အဖြစ်

မေသကြွန်ဦး
၉၁၉ (အပ်ချုပ်ဆိုင်)၊
ပဲခူးလမ်း(စာတိုက်ရှေ့)၊
ဖြူးမြို့။

## စေတနာစာပေ၏ အမှတ်တရ အစီအစဉ်

မင်္ဂလာပါ မြဘုန်းလူလူ

ခင်မင်မှုကိုဦးတည်၍ မိတ်ဆက်စာလေးပါးလိုက်ပါတယ်။ မြဘုန်းလူလူဆိုတဲ့နာမည်ကရှည်လို့ ကျွန်တော် မြဘုန်းလို့ခေါ်မယ်နော်။ မြဘုန်းရဲ့စာအုပ်ကို ကျွန်တော် ဖတ်ပြီးသွားပြီ သိလား။ကျွန်တော် မြဘုန်းရဲ့ပရိသတ်တစ်ဦး ဖြစ်ချင်သလို ခင်မင်မှုကိုလည်း ရချင်ပါတယ်။ မြဘုန်းရဲ့ဒဿနစာလေးနဲ့ ဓာတ်ပုံတစ်ပုံလောက် စေတနာကောင်းမယ်ဆိုရင် ပရိသတ်တစ်ဦး ကိုယ်စား တောင်းပါတယ်။

'ဖွဲ့'

တိုက်ပွဲမပြီး သင်မငြီးနှင့်
ရှုံးလျှင်ဆက်တိုက် ခေါင်းမငိုက်နှင့်
အားသွန်ခွန်စိုက် ကြိုးပမ်းတိုက်လျှင်
ရမည် အောင်ပွဲ သင်၏ ဖွဲ့

မြဘုန်းရဲ့ ပရိသတ်

ကျော်သူဝင်း

ဦးစန်းရီ ဒေါ်အုန်းမြင့်
တရုပ်စု
စဉ့်ကိုင်မြို့။

## စေတနာစာပေ၏ အမှတ်တရ အစီအစဉ်

မင်္ဂလာပါ ဆရာမရှင့်

နှင်းပွင့် ရိုသေစွာဖြင့် စာရေးလိုက်ပါတယ်။ ပထမဆုံး ၀၄/၉၂ 'မျှော်လင့်ခြင်းရဲ့ ရင်ခုန်သံ' စာအုပ်က ဇာတ်လမ်းလေးကို အရမ်းကြိုက်တယ်။ ဆရာမ နှင်းပွင့်ကို ဆရာမရဲ့ပရိသတ်တစ်ယောက်အဖြစ် အသိအမှတ်ပြုပေးပါ။ ဆရာမ အသစ်ဆိုပေမဲ့ ဆရာမရဲ့စာအုပ်ကို ပရိသတ်အတော်များများ သိကြတယ်။ ဆရာမရဲ့ ကလောင်သစ်ကိုလည်း လူတော်တော်များများ အသိအမှတ်ပြုကြပါတယ်။ ဆရာမ ဖွဲမလျှော့ပါနဲ့။ ဆက်ရေးပါ။ ပရိသတ်တွေရဲ့ ရင်မှာ မကြာမီ မြဘုန်းလူလူဆိုတဲ့ ကလောင်သစ်လေးက နေရာယူလာမှာပါ။ ပရိသတ်တစ်ယောက်အနေနဲ့ အသိအမှတ်ပြုရင်ပြန်စာလေးနှင့်အတူ အလှဓာတ်ပုံလေး ဆက်ဆက်ပို့ပေးပါနော်။ ဆရာမ ဒီ့ထက်မက ကျော်ကြားပြီး အောင်မြင်မှုသရဖူ ထာဝရဆောင်းနိုင်ပါစေလို့ ဆုတောင်းလျက် ... ။

ဆရာမရဲ့စာအုပ်တွေကို အမြဲဖတ်ရှုအားပေးနေမဲ့

ဆရာမရဲ့ပရိသတ်

နှင်းပွင့်ဖြူ
အိမ်အမှတ်(၁)နေ မြနန္ဒာလမ်း။
မြို့သစ်(၃)ရပ်ကွက်၊ မြိတ်မြို့
တနင်္သာရီတိုင်း။

# စေတနာစာပေ၏ အမှတ်တရ အစီအစဉ်

မမြဘုန်းလှူလှူ

ကျွန်တော်ဟာ မရဲ့ စာဖတ်ပရိသတ်တစ်ယောက်ပါ။ မနဲ့ ခင်မင်ရင်းနှီးချင်လို့ ဒီစာကို ရေးလိုက်တာပါ။ ကျွန်တော့် နာမည်က ကောင်းထက်စိုးပါ။ ပုသိမ်နည်းပညာတက္ကသိုလ်က (Civil 1st Year) ပါ။ မရဲ့နာမည်ရင်းက ဘယ်လိုခေါ်လဲ။ အသက်ဘယ်လောက်ရှိပြီလဲ။ ကျောင်းကောပြီးပြီလား။ ကျွန်တော့် အသက်က အခုမှ (၁၇)နှစ်ပဲရှိပါသေးတယ်။ မရဲ့ဓာတ်ပုံလေးထည့်ပေးပါလား။ အမှတ်တရသိမ်းထားချင်လို့ပါ။ ကျွန်တော့်ရဲ့ ခင်မင်မှုကို အသိအမှတ်ပြုပေးရင် စာပြန်ပေးပါ။ ကျွန်တော် မရဲ့စာကို မျှော်နေမယ်နော်။

မရဲ့မောင်လေး

ကောင်းထက်စိုး
1st Year Civil
နည်းပညာတက္ကသိုလ်၊
ပုသိမ်မြို့။

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။





စီစဉ်သူ
မောင်ကျော်လှိုင်
(စေတနာစာပေ)

# မြဘုန်းလှလှ
(ဆေးတက္ကသိုလ်)



မင်း
လေး
ကို
ပဲ







ဏီဇတို့အပီချလိုက်ပြီဆိုမှဖြင့် သူများကိုသာမက ကိုယ့်ကိုယ်ကိုယ်ပါ ဘဝပျက်အောင် လုပ်ချလိုက်ပြီလေ။

ပေါ်သန်းတစ်ယောက်ကို ဆေးခန်းပြဖို့ လူတွေတအုံတမကြီး ဝိုင်းသယ်သွားကြပြီလေ။

သွေးတွေသန်တွေဖြင့် ပေါ်သန်းပက်လက်ကြီးပါသွားတာကိုကြည့်ပြီး ဏီဇကြောင်တောင်တောင်နှင့် ကျန်ခဲ့ပါသည်။

ရပ်ကွက်လူကြီးများနှင့်အတူရဲနှစ်ယောက်ကလည်း

ဏီဇကိုဖမ်းထားလိုက်ပြီဆိုတော့ ... ထွက်ပြေးလို့လည်းမရတော့ပါ။

ခါတိုင်းဆိုလျှင်တော့ ဒီလိုမျိုးလက်သံပြောင်ပြီးပြီဆိုလျှင်ဖြင့် ဏီဇနှင့်သူ့သူငယ်ချင်းတွေဟာ အမြဲထွက်ပြေးလွတ်မြောက်ခဲ့ရသည်ချည်းပင်။ ခုတော့ ဏီဇအပါအဝင် ရန်ပြေနှင့် သက်ငြိမ်တို့နှစ်ယောက်ကလည်း မျက်နှာငယ်လေးတွေနှင့်။

သူ့အတွက်ဆို အရိုးကြေကြေ အရေခမ်းခမ်း အမှုတော်ထမ်းပေးကြတဲ့ သူငယ်ချင်း ရန်ပြေနှင့်သက်ငြိမ်ကို ဏီဇ စိတ်မကောင်းစွာနှင့်ကြည့်လိုက်မိပါသည်။

တစ်ချိန်တည်းမှာပင် မိခင်ဖြစ်သူ၏မျက်နှာကို ပြေးပြီးမြင်ယောင်လိုက်မိပါသည်။

ဒီတစ်ခါလည်း သူ့မိခင်ဟာသူ့အတွက် မျက်ရည်ကျရပါဦးမည်။

ငွေထုပ်ကိုပိုက်ပြီး သားဖြစ်သူဆိုးသမျှကို ဖြေရှင်းပေးခဲ့ရသော သူ၏မိခင်ဟာ ဒီတစ်ခါမှာတော့ သူ့ကိုကယ်ပေးနိုင်ဦးမည်လားဆိုတာကို ဏီဇမပြောနိုင်တော့ပါ။





မိခင်က ဖြေရှင်းပေးချင်ဦးတောင် ဖခင်ဖြစ်သူကတားမှာတော့သေချာသည်လေ။

ဘာလို့လဲဆိုတော့ ဏီဇကိုနောက်ဆုံးအနေနဲ့'ဝါနင်'ပေးပြီး လွန်ခဲ့သည့်နှစ်ပတ်လောက်က ပြဿနာတစ်ခုဖြေရှင်းပေးခဲ့ပြီးပြီလေ။ ဖေဖေကပြောလိုက်သေးသည် ဒါက သူ့သည်းခံနိုင်ခြင်းရဲ့နောက်ဆုံးပဲတဲ့။

တစ်ခါမှ မရောက်ဖူးသော ရဲစခန်းကို သူတို့ရောက်ရှိခဲ့ရပါသည်။

တော်ပါသေးသည် ခုထိတော့ အချုပ်ခန်းထဲကို မထည့်သေးပါ။

စခန်းမှူးကြီးနှင့် မျက်နှာချင်းဆိုင်ခုံလေးတွင် သူတို့သုံးယောက်သားမျက်နှာငယ်လေးတွေနှင့် ထိုင်နေကြပါသည်။

အမြဲတမ်း ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်နှင့်ရှိနေတတ်သော ဏီဇတစ်ယောက် ခုတော့ ဖခင်ဖြစ်သူကို ဘယ်လိုရင်ဆိုင်ရတော့မည်မသိတတ်တော့ပါ။

စခန်းမှူးကြီးက သူတို့ဘက်၏ မိဘများကိုမေးမြန်း

ပြီး ဖုန်းဆက်အကြောင်းကြားထားပါသည်။

တကယ်ဆိုသူတို့သုံးယောက်ဟာ အချုပ်ခန်းထဲကို တန်းတန်းမတ်မတ်ကြီး ဝင်ရမဲ့ သတ္တဝါသုံးဦးပါ။

တောင်းဆိုးပလုံးဆိုးသာပစ်ရိုးထုံးစံရှိပေမဲ့ သားဆိုး သမီးဆိုးကို ပစ်ရိုးထုံးစံမရှိဘူးဆိုတဲ့စကားဟာ တကယ်မှန်မှန်းခုမှ ကီဇ သိလိုက်ပါပြီ။

ဖေဖေဟာ သူ့ကိုပဏာမအနေနဲ့ ကယ်တင်လိုက်ပြီဆိုတာကို ကီဇသိလိုက်ပါပြီ။ ဒါကတော့ သူတို့ကိုအချုပ်ခန်းထဲ မသွင်းဖို့ဖေဖေတားပေးလိုက်ပြီဆိုတာပဲလေ။

သူတို့သုံးယောက်၏မျက်နှာက မည်မျှကျက်သရေ ယုတ်နေလို့လဲမသိ မျက်နှာချင်းဆိုင်တွင်ရှိနေသော စခန်းမှူးကြီးက သူတို့ကိုတစ်ချက်ကလေးတောင် မကြည့်ပါ။

သူ၏စားပွဲရှေ့တွင် တစ်ပုံကြီးရှိနေသော ဖိုင်တွဲများကိုသာ တစ်ခုပြီးတစ်ခုလှန်လှောလို့ ကြည့်နေပါသည်။

"စခန်းမှူးကြီးခင်ဗျာ တစ်ဆိတ်လောက် ကျွန်တော်တို့ ရုပ်ရည်လေးတွေကို မော့ကြည့်ပါဦးလားခင်ဗျာ ..."





လို့ ကီဇက ပြောချင်လိုက်တာမှ လျှာကိုယားလို့နေပါသည်။

ကီဇဟာ ဗီဇမကောင်းတာလေးတစ်ခုကလွဲလျှင် ပေါင်းသင်းဆက်ဆံရေး၌ အလွန်ကောင်းလှပါသည်။ သူစကား တစ်ချက်ပြောလိုက်သည်နှင့် သူ့ကိုခင်သွားကြသည်ချည်းပင်။ သူက လူကြီးသူကြီးသက်တူရွယ်တူ ကလေးငယ်ကလေးကအစ ဘယ်လိုပေါင်းရမယ်ဆိုတဲ့အကြောင်းကို အရမ်းကြီးကိုသိနေသည်မို့ ကီဇကိုဆို မခင်တဲ့သူကိုမရှိသလောက်ပါ။

အဲ ... ကီဇနှင့်မတည့်တော့ဘူးဟေ့ဆိုလျှင်တော့ တစ်ယောက်မြင်လိုက်တာနှင့် သွေးထွက်သံယိုဖြစ်မှုတွေကစ တော့တာပဲလေ။

အမေကတော့ ရုပ်ကလေးကလည်း ချောချောလေး အမြဲတမ်းလည်း အပြုံးလေးကိုဆောင်ထားတတ်တာဆိုတော့ စိတ်ဆိုးရင်တောင် အဖေ့လောက်ကြောက်စရာကောင်းမှာမဟုတ်ပါ။

အဖေသာစိတ်ကြွမ်း ရုပ်ကြမ်းကြီးနှင့် သူ့အပေါ်မှာ

အမြဲတမ်း မျက်မှန်စိမ်းတပ်ကာ ကြည့်တတ်တာမို့ သူကိုတော့ နည်းနည်းဖြို့ပါသည်။

ဒီကြားထဲ ဟိုနှစ်ယောက်ကလည်း စခန်းမှူးကြီး၏ စားပွဲတွင် ခေါင်းလေးချကာ အိပ်တောင်ပျော်နေကြပါပြီ သက်ငြိမ်ဆိုပါးစပ်ကသွားရည်တွေတောင် လက်မောင်းပေါ် စီးကျလို့နေကြပါသေးသည်။

အရေးထဲ သူတို့ကိုတစ်ချက်မှလည်းမကြည့်ဘဲ နေနိုင်သည့် စခန်းမှူးကြီးကို ဏီဇအားမလိုအားမရတွေ ဖြစ်နေပါသည်။

ဒီစခန်းမှူးကြီး သူ့ကိုလှည့်မကြည့်မချင်း ဏီဇ၏ စိတ်တွေဂျီကျနေဦးတော့မှာ။

"ဦးလေးတို့ အလုပ်တွေက အရမ်းများတာပဲနော် ခုထိတောင် အိမ်မပြန်ရသေးဘူး ..."

သူ့ကိုမကြောက်မဝံ့ပြောထည့်လိုက်သော ဏီဇကို စခန်းမှူးကြီး ဦးခင်ဇော်က တစ်ချက်စိုက်ကြည့်လိုက်ပါသည်။

"ဒါပေါ့ကွာ မင်းတို့လိုကောင်မျိုးတွေရှိနေသရွေ့တော့ ငါတို့အလုပ်တွေ ရှုပ်နေမှာပေါ့ကွာ ..."





"ဦးလေး ..."

"ဘာတုန်း ..."

"ဒီမှာ ခြင်တွေတော်တော်များတယ်နော် ..."

ပြောပြောဆိုဆို သူ၏လက်ဖျံတွင်နားလာသော ခြင်တစ်ကောင်ကို ဏီဇက ဖြန်းခနဲရိုက်ထည့်လိုက်ပါသည်။

ခြင်ကြီးက ဝဝလုံးလုံးကြီးနှင့် သွေးတွေက ရွှဲနေအောင်ထွက်သွားပါသည်။

ဏီဇ သူ၏လက်တွင်ပေကျံနေသော သွေးတွေကို ဘယ်လိုသုတ်ရမှန်းမသိတော့ပါ။

သူ့ဘောင်းဘီကိုသုတ်လိုက်ဖို့ဟာလည်း မသုတ်ရက်ပါ။ ဒီဘောင်းဘီလေးက အသစ်စက်စက်လေး ဒီနေ့မှ ထုတ်ဝတ်လာခဲ့တာလေ။

သူ့လက်တွေက စခန်းမှူးကြီးနှင့်သူ၏ကြားတွင် ချထားသော စာရွက်စတမ်းတွေနှင့် ဖိုင်အစုတ်ပလုတ်တွေဆီ ရောက်သွားပြီး မသိမသာပွတ်သပ်လိုက်ပါတော့သည်။

"ဟေ့ကောင် မင်းလက်ကခြင်သွေးတွေနဲ့ ငါ့စာအုပ်တွေကို

သုတ်လိုက်တာမို့လား ... ”

“နည်းနည်းလေးပါ ဦးလေးရာ ဦးလေးဆီမှာ သုတ်စရာ Tissue တောင်းရင် ဦးလေးစိတ်ဆိုးမှာကြောက်လို့ပါ ... ”

“လာလာချည်သေး မင်းကများ ငါ့ဆီက Tissue တောင်းမလို့တဲ့၊ ဟေ့ကောင် မင်းအိပ်နေစမ်းကွာ ဟိုမှာ မင်းသူငယ်ချင်းနှစ်ယောက်အိပ်နေတာ ဘယ်လောက်မျက်စိအေးသလဲ မင်းအိမ်ကလာရင် ငါနိုးမယ် ... ”

“ဟာ ခြင်တွေဒီလောက်ကိုက်တာ ကျွန်တော်ဘယ်လို အိပ်လို့ရမှာလဲ ... ”

“ဟိုကောင်တွေလည်း ဒီလိုပဲအိပ်နေကြတာပဲဟာ ... ”

“သူတို့အရေခွံတွေက အထူကြီးဗျ ခြင်မပြောနဲ့ ဆင်ကိုက်တာတောင် နိုးမှာမဟုတ်ဘူး ... ဦးလေး ... ”

“ဟေ့ကောင် ခဏခဏမခေါ်နဲ့ကွာ ဘာလဲပြော ... ”

“ခြင်ဆေးခွေလေးဘာလေး ဆောင်ထားပါလားလို့ပြောမလို့ပါ နို့မို့ဆိုဦးလေးမလွယ်ဘူးဗျ ... ဒါတောင် ညနေ ခြင်ကြီးတွေမို့တော်သေးတယ် မိုးတွင်းအခါမျိုးမှာ နေ့လယ်





ဘက်မှာကိုက်တဲ့ ခြင်ဆိုသွေးလွန်တုတ်ကွေးတောင် ဖြစ်နိုင်တယ် ... ဘာလဲ ဦးလေးက သွေးလွန်တုတ်ကွေးဆိုတာ ၁၀ နှစ်အောက်ကလေးတွေသာ ဖြစ်တတ်တယ်ထင်နေတာလား မထင်နဲ့နော် ခုခေတ်မှာတော့ လေးဆယ်ကျော်အထိတောင်တက်ဖြစ်တာဗျ ... အဲဒါ ကျွန်တော်ကိုယ်တွေ့ပဲ ... ”

“ဟေ့ကောင် ... မင်းမှာ အကြောက်တရားလေးဘာလေး များမရှိဘူးလား ... ”

“ကျွန်တော်က ဘာကိုကြောက်ရမှာလဲ ... ”

“မင်းအခုရောက်နေတာ ရဲစခန်းလေ ဟောဟိုမှာ အချုပ်ခန်းတွေ့လား ... ”

“ဟုတ်ကဲ့တွေ့ပါတယ် ... ”

“အချုပ်သားတွေကိုကော မင်းမြင်လား ... ”

“ဟုတ်ကဲ့ မြင်ပါတယ်ဦးလေး ... ”

“အေး ... မကြာခင်မင်းတို့လည်း အဲဒီအထဲကို ဝင်ရတော့မှာကွ ... ”

“ဟာ ... မဖြစ်နိုင်ပါဘူး ဦးလေးရာ ကျွန်တော့်ကိုအဲလိုတော့မ ‘စ’ ပါနဲ့ ... ကျွန်တော်က အဲလိုအချုပ်ခန်းတွေ ထောင်တန်းတွေဆို သိပ်ကို သိပ်ကိုကြောက်လွန်းလို့ပါဗျာ ခုလို ဦးလေးက ကျွန်တော့်ကို အဲလို ‘စ’ လိုက်တယ်နော် ဦးလေးကတော့ နောက်လိုက်ပြောင်လိုက်တာဖြစ်ပေမယ့် လို့ ကျွန်တော်နှလုံးတွေဆို အရမ်းတုန် ... ခုန်ကုန်တာပဲ ကျွန်တော်သာတစ်ခုခုဖြစ်သွားရင် ဦးလေးတရားခံပဲနော် ဟား ... ဟား အလကားစတာပါဦးလေးရာ ... ကျွန်တော်က အရမ်း ‘စ’ တတ်တာဗျ ... ဒါပေမဲ့ သဘောမကောင်းတဲ့သူဆိုရင်တော့မ ‘စ’ရဲမနောက်ရဲပါဘူး ... ဦးလေးကျတော့ ကြည့်လိုက်ကတည်းက အေးအေးချမ်းချမ်းနဲ့ စိတ်သဘောထားကောင်းမယ်ဆိုတာ အရမ်းကိုသိသာနေတယ်လေ ... ဒါကြောင့်မို့ ကျွန်တော်ဦးလေးကို ရဲရဲတင်းတင်း စကားပြောမိနေတာပေါ့ ... နို့မို့ဆိုလို့ကတော့ဗျာ ဦးလေးတို့လိုရဲအရာရှိကြီးတွေကို ကျွန်တော်မော့တောင် ကြည့်ရဲမှာ မဟုတ်ဘူး ... ”





“မင်းတော်တော် စကားများတဲ့ကောင်ပဲ ... ”

“ဟုတ်ကဲ့ အားလုံးကလည်း အဲလိုပဲ ပြောကြတာပဲ ... ”

“နေပါဦး ... မင်းမှာ နှလုံးရောဂါရှိလို့လား ... ”

“ဟုတ်ကဲ့ အဲဒါကမွေးရာပါလေ ... ”

“မင်းကွာ ... ဒါနဲ့များ ရန်ဖြစ်ပြီး အချုပ်ခန်းထဲထိ ရောက်အောင်ပြဿနာ ရှာရတယ်လို့ကွာ မင်းသေမှာမကြောက်ဘူးလား ... ”

“ရောဂါနဲ့သေရမှာကိုတော့ ကြောက်တယ် ... ဒါပေမဲ့ ‘ရွှေပေ’အတွက်သေပေးရမှာကိုတော့ မကြောက်ဘူး ”

“ဘာပြောတယ် မင်းစကားတွေကို ငါတစ်ခုမှ နားမလည်ဘူး ... ”

“ဒါဆို ကျွန်တော် ရှင်းပြရင် ဦးလေးကလက်ခံမှာလား ”

“အေး နို့မို့ဆိုရင်တော့ မင်းလိုကောင်လေးမျိုးအတွက် ငါအချိန် မပေးနိုင်ဘူးပေါ့ကွာ ... ခုတော့ မင်းအိမ်ကလည်း ရောက်မလာသေးဘူး ... ငါကိုယ်တိုင်လည်း အိပ်ချင်နေပြီ ဆိုတော့ အိပ်ချင်ပြေပေါ့ကွာ ပြောချင်ပြော ... ”

"ဦးလေး ဒီမှာဆိုရင်တော့ ခြင်တွေ ဒီလောက်ကိုက်နေတာ ဘယ်အိပ်လို့ရပ့ါမလဲ ... "

"အေးပ့ါ ငါလည်း မင်းကိစ္စပြီးရင် မင်းကိုအချုပ်ခန်းထဲ ငါကိုယ်တိုင်ထည့်ခဲ့ပြီးရင် ပြန်တော့မှာပါ ... "

"မလုပ်ပါနဲ့ ဦးလေးရာ ကျွန်တော်တောင်းပန်ပါတယ် ... ကျွန်တော့်မှာ မွေးရာပါနှလုံးရောဂါကြီးနဲ့ပါ ကျွန်တော့်မိဘတွေက ကျွန်တော့်ကို ဒီအသက်ဒီအရွယ်အထိ တယုတယ မွေးလာခဲ့ရတာ ... ဦးလေးသတ်လို့ ကျွန်တော်တစ်ရက်တည်းနဲ့တန်းသေသွားမှာကို သနားပါဗျာ ... ကျွန်တော်တောင်းပန်းပါတယ် ... "

စခန်းမှူးကြီးဦးခင်ဇော်က ဏီဇ၏မျက်နှာကိုသေသေချာချာကြီး စိုက်ကြည့်နေမိပါသည်။

ဦးခင်ဇော် စိုက်ကြည့်နေသလို ဏီဇကလည်း ဦးခင်ဇော်ကို မျက်နှာငယ်လေးနှင့်ကြည့်နေလိုက်ပါသည်။

တကယ်တော့ 'ဏီဇ' ဟာ မိကောင်းဖခင်သားသမီးလေးပါ။ အသားညိုညိုတွေကြားမှာ သူ၏လှပသော မျက်နှာ





ပေါက်လေးကပေါ်လွင်လို့နေပါသည်။ ကိုယ်လုံးကိုယ်ထည်ကကြွကြွခိုင်ခိုင်နှင့် ယောကျ်ားပီပီသသလေးပါ။ ကောင်းကောင်းမွန်မွန်လေးသာနေမည် ... ဆိုလျှင် တန်ဖိုးရှိမည့်လူငယ်လေးတစ်ယောက်ပါ။ ဘာလို့များဒီကလေးဟာ ဒီလိုအချုပ်ခန်းထဲကိုရောက်လာရတာ ပါလိမ့်။ သူ၏မိဘတွေကကော သူ့ကိုဆိုဆုံးမမှုမရှိလို့လား ... ။

"မင်း အသက်ဘယ်နှစ်နှစ်ရှိပြီလဲ ... "

"ဆယ့်ကိုးနှစ်ပြည့်ပြီးသွားပါပြီဦးလေး ... ခုအသက်နှစ်ဆယ်ထဲမှာပါ ... "

"တော်ပါပြီကွာ ၁၉ နှစ်ဆိုလည်း ပြီးရောပေ့ါ ဆယ့်ကိုးနှစ်ပြည့်ပြီးရင် အသက်နှစ်ဆယ်ထဲရောက်ပြီဆိုတာ လူမပြောနဲ့ခွေးတောင်သိတယ် ... "

"ဟား ... ဟား ... ဒါတော့ ဦးလေးပိုပြီ ခွေးတွေက ဒီလောက်အထိ အိုင်ကျူမရှိပါဘူး ... "

"ကဲကွာ ... မင်းခုနပြောမယ်ဆိုတဲ့ မင်းအကြောင်းကိုပြော"

"ဩော် ... ဟုတ်သားပဲ ပြောချင်နေတာကတော့ အရမ်းပဲ

ဦးလေးရေ့ နားထောင်မယ့်သူရှိလို့ကတော့ နေ့မနားည မနား တကယ်တအားကိုပြောချင်နေတာ … အခု ကျွန်တော် ဒီကိုရောက်လာရတာက သူ့ကြောင့်ပါ … သူကတော့ 'ရွှေပေလွှာ' ဆိုတဲ့ကောင်မလေးလေ … သူ့ကိုကျွန်တော် တအားလွတ်ချစ်တာ ဦးလေးရဲ့ … ဒါကြောင့် ရွှေပေကို ဆိုကျွန်တော်ကလွဲရင် ဘယ်သူမှ မျက်မွေးထော်လော်မော် လို့ကြည့်တာတောင် မကြိုက်ဘူးဗျ … သူ့ကိုကျွန်တော်က ချစ်စနိုးနဲ့ 'ရွှေပေ' လို့ခေါ်တယ်လေ … ”

“မင်းတို့ချစ်ကြိုက်နေတာ ဘယ်လောက်ကြာပြီလဲ … ”

“ဘယ်လိုပြောရမလဲတောင် မသိပါဘူး ဦးလေးရယ် တွေ့တာတော့ ၂ နှစ်လောက်ရှိပြီ သူကတော့ ခုထိကျွန်တော့်ကို ချစ်ပါတယ်ဆိုပြီး 'ဝန်' တော့မခံသေးဘူး … ဒါပေမဲ့ သူ ကျွန်တော့်ကို မမုန်းတာကတော့ သေချာတယ် … ”

“ဘာတွေကိုကြည့်ပြီး မင်းကသေချာနေရတာလဲ … ”

“ဟား … ဟား … ဦးလေးက ရုပ်ကြည့်တော့ ဥပမိရုပ် ကောင်းကောင်း တည်တည်တံ့တံ့ကြီးနဲ့ ဒီအကြောင်းတွေ





ကို စိတ်ဝင်စားလိမ့်မယ်လို့ လုံးဝကိုမထင်ရဘူး … ကျွန်တော် ဦးလေးကို ဒုတိယအကြိမ်မြောက် လေးစားသွားပြီ ကျွန်တော့်အဖေဆို ဒါမျိုးတွေပြောရင်သိပ်ကြိုက်တာမဟုတ်ဘူးဦးလေးရ တကယ်တော့ သူဟန်ဆောင်နေတာပါဗျာ… မိန်းမတွေကိုစိတ်ဝင်စားလို့ပဲ သူလည်းမိန်းမရခဲ့လို ခုလို လောက်လောက်လားလား သားတစ်ယောက်တောင် မွေးခဲ့ပြီပဲ မဟုတ်ဘူးလား ဦးလေးရာ အဲဒါကိုများ မိန်းမတွေအကြောင်းပြောရင် မကြိုက်သလိုလိုဘာလိုလိုကြီး လုပ်နေတာလေ … ကျွန်တော်ကတော့ အမှန်အတိုင်းပြောရရင် ဦးလေးလိုပွင့်ပွင့်လင်းလင်းရှိတဲ့ လူမျိုးကိုပဲ သဘောကျတယ် … ရွှေပေအကြောင်းလေး နည်းနည်းဆက်ပြောလိုက်မယ်နော် … ရွှေပေဟာ ကျွန်တော့်အပေါ်မှာ အမြဲတမ်းနားလည်သဘောပေါက်တယ် … ကျွန်တော်မလိမ္မာတာရှိလည်း သူကအမြဲဆုံးမတတ်တယ် … ”

“ဒါကောင်းတာပေါ့ကွာ မင်းဟာ အမေနဲ့တူတဲ့ မိန်းမမျိုးကို ရမဲ့သဘောပေါ့ မဟုတ်ဘူးလား ငါ့တူ … ”

"အမှန်ပဲဦးလေး ဦးလေးပြောတာ တကယ်ကွက်တိပဲ … ကျွန်တော်သူ့စကားကိုနားမထောင်လို့ မရဘူးလေ … ဘာလို့လဲဆိုတော့ ကျွန်တော်နဲ့ပတ်သက်ပြီး သူရဲ့အမျှော်အမြင် … သူ့ရဲ့အတွေးအခေါ်တွေဟာ ဗေဒင်မေးစရာမလိုဘူး … တကယ်ကိုဖြစ်လာတော့ ကျွန်တော်ဘယ်နည်းနဲ့မှ သူ့ကိုဆန့်ကျင်ဖို့ရာ မစွမ်းနိုင်တော့ဘူးလေ … "

"ဒါပေါ့… ငါ့တူရာ မိန်းမရှိခိုးသွားမကျိုးဆိုတဲ့ တို့မြန်မာစကားလည်း ရှိသားပဲဟာ … "

"ဟာ … ကျွန်တော်က အကောင်းပြောနေတာကို ဦးလေးက လှောင်နေပြန်ပြီ … "

"ငါကလည်း အကောင်းပြောတာပါ … ဒါကြောင့် မင်းကိုလည်းတစ်ဆက်တည်း'ဆုံးမ'မလို့ပါ … မင်းဒီကောင်မလေး 'ဆို' ဆုံး 'မ' တဲ့အတိုင်းကို နောက်အမြဲလိုက်နာရင် မင်းဒီနေရာကိုတောင် ရောက်လာစရာအကြောင်းမရှိဘူးလို့ "

"ဟုတ်တယ် ဦးလေး … ခုဖြစ်ရတဲ့ကိစ္စက သိသိကြီးနဲ့ကို ဖြစ်သွားတာ … ကျွန်တော့်ကိုဘယ်လောက်ပဲ ထိခိုက်ထိ





ခိုက် ကျွန်တော်ခံနိုင်ပေမဲ့ 'ရွှေပေ'ကိုထိလို့ကတော့ မီးပွင့်သွားမယ် ဦးလေး … ခုကျွန်တော်တို့လက်လွှန်ခြေလွှန်လုပ်လိုက်မိတဲ့ပေါ် သန်းဆိုတဲ့ကောင်က ရွှေပေ့ကိုအမြဲတမ်း မထိခလုတ် ထိခလုတ်လုပ်လုပ်နေတာ ကျွန်တော် သိနေတာကြာပြီ … ဒါပေမဲ့ ရွှေပေလွှာက ကျွန်တော့်ကို ဒီအကြောင်းတွေကို အရိပ်အမြွက်လောက်ပဲပြောပြီး ဘာမှကြီးကြီးကျယ်ကျယ် မပြောခဲ့ဘူး …

အဲဒါဘာကြောင့်လဲသိလား ဦးလေး … ကျွန်တော် ဒီကောင့်ကိုလက်မြန်ခြေမြန်လုပ်ထည့်လိုက်မှာကို သူစိုးရိမ်လို့လေ"

"ဒါပေါ့ကွာ အမရာဒေဝီ … မဒီ … သမ္မုလလို တော်လေး ဝဝင် မိန်းကလေးမျိုးလို့ခေါ်ရမှာပေါ့ … ငါ့တူကံကောင်းပါတယ်ကွာ … "

"ဟုတ်ကဲ့ပါ ဦးလေး ခုလည်း ကျွန်တော်လိုငမိုက်သားဟာ သူ့စကားကို နားမထောင်မိခဲ့ဘူးလေ … သူအတန်တန်တားမြစ်နေတဲ့ကြားကမှ ဒီကောင့်ကို သွားပြဿနာရှာခဲ့မိတာလေ …

တကယ်တော့ဗျာ ပြဿနာဖြစ်ချင်းဖြစ်ရင် ကိုယ်နဲ့တန်းတူ ရည်တူရှိတဲ့ကောင်နဲ့ဖြစ်ရတာကမှ ကိုယ့်ဂုဏ်သိက္ခာတွေ တက်ဦးမယ် ခုလို ကလေကချေ အုတ်ကြားမြက်ပေါက် ကောင်နဲ့မှ ပြဿနာဖြစ်ရတယ်ဆိုတာက ကျွန်တော့်သိက္ခာ လည်း အရမ်းကျပါတယ် ဦးလေးရာ ... သူ့လိုမတန်မရာ ကောင်ကများ ရွှေပေ့ကို သဘောကျနေလို့တဲ့ ရယ်စရာ တောင်ကောင်းပါသေးတယ် ... ရွှေပေက သူ့လိုကောင်မျိုး ကို ထဘီတောင်မခေါက်နိုင်းဘူးဆိုတာကိုရော သူမသိဘူး လားမှ မသိတာ ... ”

“မင်းနဲ့ကြိုက်နေမှန်းသိရက်နဲ့ ဒီကောင်က မင်းကောင်မ လေးကို နှောင့်ယှက်တာကတော့ လွန်တာပေါ့ကွာ”

“ဒါပေါ့ ဦးလေးရာ ဒါပေမဲ့ တစ်ခုတော့ရှိတာပေါ့ဗျာ ... ရွှေပေကိုယ်တိုင်က ကျွန်တော့်ကိုချစ်နိုင်ပါလျက်နဲ့ခုထိချစ် ပါတယ်ဆိုတဲ့ စကားကိုလုံးဝလေသံတောင် မဟဘူးလေ”

“ဒါနဲ့များကွာ မင်းက သူမင်းကိုလက်ခံနိုင်လိမ့်မယ်လို့ ဘယ် လိုအကြောင်းပြချက်တွေနဲ့ ယုံကြည်ထားလိုက်ရတာလဲ”





“ဒါကတော့ ဒီလိုရှိတာပေါ့ ဦးလေးရာ ... ကျွန်တော့်မှာ ရွှေပေနဲ့ပတ်သက်ပြီး ယုံကြည်ချက်အပြည့်ရှိတယ် ... အဲဒါဘာ ကြောင့်လဲသိလား ... မျက်လုံးလေ အဓိက မျက်လုံးပဲ ဟိုသီချင်းလည်းရှိသားပဲ ဦးလေးရာ မျက်လုံးချင်း စကားပြောနေတယ်ဆိုတာလေ ... အဲဒီသီချင်းအတိုင်းပဲ ပေါ့ဦးလေးရာ သူ့အကြည့်တွေက ကျွန်တော့်အပေါ်မှာ စူးစူးနစ်နစ်ရှိတယ် ... သူကျွန်တော့်ကိုကြည့်လိုက်တဲ့အခါ တိုင်း ကျွန်တော့်ရင်တွေ တဒုန်းဒုန်းနဲ့ခုန်ရတယ် ... ဒါဟာ အချစ်တွေပေါ့ဦးလေးရာ ဦးလေးလည်း ငယ်ရာက ကြီးလာ တာပဲ ဒီလောက်တော့ သိမှာပါ ... ”

“အေးပါကွာ ... ဒါတွေငါသဘောပေါက်ပါတယ် ... ”

“ဦးလေး ... ”

“ဘာလဲကွ ... ”

“ကျွန်တော် အပြစ်ကျမှာလား ဟင် ... ”

“ဟ ... ဒီလောက်လက်သံပြောင်ပြီးမှတော့ ခံရတော့မှာပေါ့ ကွာ ... ”

"သက်သက်ညှာညှာလေးလည်း လုပ်ပေးပါ ဦးလေးရယ် ကျွန်တော့်မှာ မွေးရာပါနှလုံးရောဂါကြီးကလည်း ရှိနေတယ်ဆိုတော့ ..."

"ဒါတော့ မရဘူးငါ့တူ ... သက်ရောက်မှုတိုင်းမှာ တန်ပြန်သက်ရောက်မှုရှိတယ်ဆိုတာကိုလည်း မင်းသိမှာပေါ့ကွာ ဒီအတိုင်းပဲရှိတော့မပေါ့ ..."

"ဦးလေးကလည်းဗျာ ကျွန်တော်နဲ့ကောင်းမိကောင်းရဲ့ပြောလာပြီးမှ ... ပြီးတော့ ဦးလေးသိချင်တယ်ဆိုလို့လည်း ပြောပြခဲ့ရသေးတာ ... တကယ်တော့ အပြစ်ရှိတဲ့သူက ပေါ်သန်းဗျ ... ခေါင်းကွဲသွားလို့ပဲ အပြစ်ရှိတဲ့ ပေါ်သန်းကို ခွင့်လွှတ်လိုက်မယ်ဆိုရင် ကျွန်တော့်ကိုလည်း ခေါင်းကွဲအောင် ဦးလေးကိုယ်တိုင် ရိုက်ပြီးလွှတ်ပေးပါလားဦးလေးရာနော်"

"ကဲ ထားပါတော့ မင်းခေါင်းကို ရိုက်ခွဲပြီး အပြစ်ကလွှတ်ပေးလိုက်တယ်ပဲ ဆိုပါတော့ ဟိုသေနေတဲ့ မင်းသူငယ်ချင်းနှစ်ယောက်ကိုကော ငါက ဘယ်လိုလွှတ်ပေးလိုက်ရမှာလဲ"





"သူတို့က ကျွန်တော့်သူငယ်ချင်းတွေပါဗျာ ဘာမှအပြစ်မရှိပါဘူး ... ဟိုကောင်ပေါ်သန်း ကျွန်တော့်ကိုပြန်ချမှာစိုးလို့ကာကွယ်ပေးရုံသက်သက်ပါ ... ဒီလိုလုပ်ပါလား ဦးလေးဒီနှစ်ကောင်ကိုနိုးပြီး ဦးလေးစခန်းက ခြင်တွေကိုရိုက်ခိုင်းပါလား ... တစ်ယောက်ကို ခြင်အကောင်တစ်ရာစီ သတ်ပြီးရင် လွှတ်ပေးလိုက်ပေါ့ ... အကောင်တစ်ရာမပြည့်မချင်း မလွှတ်နဲ့ ... အဲဒါ မကောင်းဘူးလား ဟင် ဦးလေး ..."

"ဟော့ကောင် မင်းရူးနေလား ... ငါငြိမ်ပြီးနားထောင်နေတာ မင်းအကောင်းမှတ်မနေနဲ့ မင်းကိုရူးလား ... မရူးလားဆိုတာ အကဲခတ်နေတာကွသိလား ...

ဘယ့်နှယ့်ကွာ မင်းဆီက တန်ဖိုးရှိတဲ့စကားဆိုလို့ တစ်ခွန်းမှ မကြားလိုက်ရဘူး ... တစ်ချိန်လုံး အရည်မရ အဖတ်မရတွေချည်းပဲ ဘယ့်နှယ့် ရဲစခန်းမှာ ခြင်များတာပဲ အပုပ်ချလို့မပြီးဘူး"

"ဦးလေးကလည်းဗျာ ခုန ရှေ့ပေနဲ့ ပတ်သက်ပြီး ကျွန်တော့်ရဲ့ အချစ်ဒဏ္ဍာရီ အီစီကလီတွေကို စိတ်ဝင်တစားနဲ့ နား

ထောင်ခဲ့ပြီး ခုတော့မှ စကားတွေက အရမ်းကို စိမ်းကား သွားတာကတော့ ဝမ်းနည်းစရာပဲ ... ”

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







“ကလင် ... ကလင် ... ကလင်”

“မောင်လှလား ... အေး ... အေး ... အေးရတယ်လေ ... ဒါဆို မင်းပြန်လာခဲ့တော့ ... အေး ... အေး ... ဒါပဲ”

“ဘယ်ကဖုန်းလဲဟင် ဦးလေး ... ”

“မင်းကြီးဒေါ်ကြီးဆီက ... ”

“မရှိလို့ပေါ့ ဦးလေးရာ ရှိရင်အရမ်းကောင်းမှာ ... ဒီအချိန်မှာ ကြီးဒေါ်ကြီးတွေရှိရင် အရမ်းကောင်းမှာပဲလို့တောင်

စဉ်းစားမိသေးတယ် ... ”

“ဏီဇ မင်းပါးစပ်ကို ခုချိန်ကစပြီးပိတ်ထားလိုက် လေသံတစ်ချက်ထွက်တာနဲ့ မင်းကိုငါ အချုပ်ခန်းထဲ သွင်းတော့မယ် ... ”

ခုတော့လည်း ဏီဇတစ်ယောက် ပါးစပ်တောင်မဟရဲတော့ပါ။ အိပ်ချင်လွန်းလို့ သမ်းတာကိုတောင်မှ ပါးစပ်ပိတ်၍ သမ်းရပါတော့သည်။

ပါးစပ်ပိတ်ထားရလို့လားတော့ မသိပါ မျက်လုံးတွေက ပိုပြီးလှုပ်ရှားနေပါသည်။ အနားမှာ အေးအေးဆေးဆေးလေးနှင့် အိပ်မောကျနေသော သူငယ်ချင်းနှစ်ယောက်ကိုလည်း သူသေသေချာချာ စိုက်ကြည့်နေလိုက်ပါသေးသည်။

သနားစရာကောင်းတဲ့ ရန်ပြနှင့်သက်ငြိမ်ပါ။

သူနှင့်ပတ်သက်လာလျှင် အကျိုးအကြောင်း အဆိုးအကောင်းကို ဘာမှဝေဖန်သုံးသပ်မနေတတ်ကြဘဲ သူ့အပေါ်မှာ အမြဲတမ်းတာဝန်ကျေပွန်ခဲ့ကြသည့် သူငယ်ချင်းနှစ်ယောက်ပါ။

အပြင်ကိုရောက်ရင်တော့ ဒီကောင်ကြီး နှစ်ယောက်





ကို ကောင်းကောင်းမွန်မွန်ကျွေးမွေးပြုစုလိုက်ဦးမည်ဟု သူစိတ်ကူးမိလိုက်ပါသည်။

“ဘာတွေဖြစ်ကုန်တာလဲ သားရယ် ... ”

“သားကိုခွင့်လွှတ်ပါမေမေရယ် ... ဒီတစ်ခါလည်းသားစိတ်မထိန်းနိုင်လို့ ရန်ဖြစ်မိလိုက်ပါတယ် ... ”

“မင်း ဘယ်တုန်းကများစိတ်ထိန်းနိုင်တာရှိလို့လဲ သားရယ် မေမေအတန်တန်တားတဲ့ကြားက အမြဲတမ်း ပြဿနာရှာတယ် ပြီးတော့ ဖြစ်လိုက်ပြီဆိုမှဖြင့် အကြီးအကျယ်ချည်းပဲ”

“မေမေတို့ကနောက်ကျလိုက်တာဗျာ ... ”

စခန်းမှူးကြီးနှင့် စကားပြောနေသော သူ၏ဖခင်ဦးမောင်မောင်လွင်က တစ်ဘက်ကိုလည်း စပ်စပ်စုစုနှင့် နားစွင့်ထားသည့်ထင်ပါရဲ့။

သူ့အမေကိုပတ်ချွဲနပ်ချွဲနှင့်ပြောနေသည့် ဏီဇ၏အသံကိုကြားလိုက်သည်နှင့် ...

“ဟေ့ကောင့် မင်းကများနောက်ကျသလေးဘာလေးနဲ့ ငါဒီကိုရောက်လာတာတောင် မင်းကံကောင်းတယ်မှတ်ပါ ...

တကယ်ပြောတာပါ ဦးခင်ဇော်ရာ ကျွန်တော်အားလည်း နာပါတယ် သူ့အမေကနှလုံးရောဂါရှိတယ်ဆိုတာလည်း သူသိသားနဲ့ သူ့အမေကို သူသတ်နေတာဗျ ... သူ့အမေ တစ်ခုခုဖြစ်သွားမှာစိုးလို့သာလိုက်လာရတာ နို့မို့ဆိုအိပ်ရေး ပျက်ခံပြီး ဒီကောင့်နောက်ကိုလိုက်မနေတော့ဘူး ... ”

“သြော် ... စိတ်မကောင်းပါဘူးဗျာ ... မောင်ဇာဇမှာလည်း နှလုံးရောဂါရှိတယ်ဆိုလို့ ကျွန်တော်သေသေချာချာ ပြုစု စောင့်ရှောက်ထားပါတယ် ... ”

စခန်းမှူးဦးခင်ဇော်က ခပ်တည်တည်နှင့် ပြောနေသော်လည်း ဖခင်ဖြစ်သူ ဦးမောင်မောင်လွင်နှင့် မိခင် ဒေါ်စန္ဒီဆွေ တို့နှစ်ယောက် အနည်းငယ်တန့်သွားသည်ကိုတော့ ဇာဇကောင်း ကောင်းကြီးသတိထားလိုက်မိပါသည်။

သားအကြောင်းကို မိဘနှစ်ပါးကသိထားသည်မို့ ဇာဇတစ်ယောက် စခန်းမှူးကြီးကိုကောင်းကောင်းကြီး လှိမ့်ထားပြီ ဆိုတာ သိလိုက်ရပါသည်။

“မိန်းကလေးကိစ္စနဲ့ပတ်သက်ပြီး ဖြစ်ရတာဆိုတော့ ...





ဒီကောင်မရှက်ပေမဲ့ ကျွန်တော် အရှမ်းရှက်တယ် ဦးခင် ဇော် ... ”

“ဒါကတော့ လူငယ်တွေပဲဗျာ သူတို့ရန်ဖြစ်ကြတယ်ဆိုရင် ဘာကြောင့်လဲမမေးနဲ့ အမှုတစ်ရာမှာဆို အနည်းဆုံး ၈၀ ကျော်က ဒီအကြောင်းပဲ ... ကလေးကို ညကျရင်အပြင်တွေ သိပ်မထွက်စေနဲ့ပေါ့ဗျာ”

“ကြားတယ်မို့လား ‘ဆွေ’ ဦးခင်ဇော့်ပြောတာကို ... အမေ က အလိုလိုက်လွန်းအားကြီးလို့ ဒီကောင်က အကွပ်မရှိတဲ့ ကြမ်း ပရမ်းပတာဖြစ်နေတာဗျ ... ကျွန်တော်ကလည်း ကိုယ့်အလုပ်နဲ့ကိုယ်ဆိုတော့ သူ့ကိုလှည့်မကြည့်နိုင်အားဘူး လေ ... ဒါပဲနော်ဆွေ ... နောက်တစ်ခါဒီကောင့်ကိစ္စနဲ့ ပတ်သက်လို့ကတော့ ကိုလွင့်ကိုဘာမှ အပူမကပ်နဲ့တော့ လုံးဝကို မလိုက်ပေးတော့ဘူး ... ”

“ဖေဖေနဲ့ ဦးလေးနဲ့ ခင်တယ်ဟုတ်လား ... ”

မနေနိုင်မထိုင်နိုင် ဇာဇပါးစပ်က စကားတစ်ခွန်း ထွက်လာလိုက်သေးသည်။

ဖခင်ဖြစ်သူက သူ့ကိုတစ်ချက်မှ လှည့်မကြည့်သလို စခန်းမှူး ဦးခင်ဇော် သူ့ကိုစကားမပြောဖို့ တားမြစ်ထားတာကို သွား သတိရလိုက်ပြီး ဏီဇငြိမ်သွားပါသည်။

"သားက မိန်းကလေးတွေနဲ့ ရှုပ်နေတာတော့ မဟုတ်ပါဘူး ဦးခင်ဇော်ရယ် ... သူကြိုက်နေတာကတော့ ကောင်မလေး တစ်ယောက်တည်းဆိုတာကို 'ဆွေ' လည်းသိထားပါတယ်"

"အဲဒီကောင်မလေးနဲ့ ခင်ဗျားတို့ရင်းရင်းနှီးနှီးကော ရှိကြလား ... "

"မရှိပါဘူး ဦးခင်ဇော် ဆွေဖြင့်သူပြောပြထားလို့သာ နည်းနည်းပါးပါးသိထားတာပါ ... ခုထိဖြူသလား မည်းသလား မသိသေးပါဘူး ... "

"အင်း ... အဲဒါကတော့ခင်ဗျားတို့ဘက်က လိုတာပေါ့လေ... တကယ်လို့သူတို့ချင်း မေတ္တာမျှနေတယ်ဆိုရင်ကောခင်ဗျား တို့က လက်ခံနိုင်လား ... "

"ဒါကတော့ ဦးခင်ဇော်ရယ် ကျွန်မတို့ကသားရှင်ပဲဟာ ... မိန်းကလေးက မိကောင်းဖခင်သားသမီးဆိုရင် သဘောတူ





ပါတယ်ရှင် ... "

"မောင်ဏီဇကလည်းသူ့အကြောင်း ကျွန်တော့်ကို ဖွင့်ပြော ထားပါတယ် ... အဲဒီကောင်မလေးဟာ သူ့ဘဝအတွက် ထာဝရကိုးကွယ်ရာပါပဲတဲ့ ... "

"ဘာပြောတယ် ... ဦးခင်ဇော် သူကခင်ဗျားကို အဲလိုပဲပြော လား ... သူက ဒီကောင်မလေးကို ကိုးကွယ်နေတယ်တဲ့ လား ... "

"ဦးလေးကလည်းဗျာ ... ကျွန်တော်ဦးလေးကို အဲလိုမပြော ပါဘူး ... 'ရွှေပေ'ဟာ ကျွန်တော့်ဘဝကို အကောင်းဆုံး ဖြစ်အောင် မီးမောင်းထိုးပြပေးခဲ့နေတဲ့ သူတစ်ယောက်လို့ပဲ ပြောမိတာပါ ... "

"ဩော်ဟုတ်လား ... သူထိုးပြတဲ့ မီးမောင်းကြီးအတိုင်း မင်းလျှောက်လာလိုက်တာ ရဲစခန်းကိုတန်းတန်းမတ်မတ် ကြီး ရောက်သွားရောပေါ့ ဟုတ်လား ... "

"ဟုတ်ကဲ့ ... "

"မင်းနော် ငါလုပ်ထည့်လိုက်ရလို့ ... "

"ကိုလွင်ရယ် ... မလုပ်ပါနဲ့ စိတ်ကိုထိန်းပါ ဦးခင်ဇော်ရှေ့မှာ အားနာစရာတွေ ဖြစ်ကုန်ပါပြီ ... "

"ဟေ့ကောင် ဏီဇ မင်းငါ့ကိုအမှန်အတိုင်းပြောနော် ... ငါ့ကို လိမ်ညာလို့ကတော့ မင်းကိုဦးခင်ဇော်လက်ထဲ ဝကွက်အပ် လိုက်တော့မယ် ... မင်းနဲ့ အဲဒီကောင်မလေးနဲ့ ချစ်နေကြ တာလား ... "

"ချစ်နေကြတာတော့ မဟုတ်ဘူးဖေဖေ သံယောဇဉ်ဖြစ်နေ ကြတာလို့ပဲ ပြောရမဲ့အဆင့်မှာပဲ ရှိပါသေးတယ် ... "

"နေပါဦး ချစ်တာနဲ့ သံယောဇဉ်ဖြစ်တာနဲ့က ဘာကွာလို့ လဲ ... မင်းစကားတွေက ငါ့ကိုကလိန်စေ့ ဖြမ်းဆင်နေတာ မို့လား ... ",

"မဟုတ်ပါဘူးဖေဖေ ... "

"ဒါဆို ချစ်တာနဲ့သံယောဇဉ်ရှိတာဆိုတဲ့စကားကို ဦးလေးကို ရှင်းပြစမ်း ... "

"ဟုတ်ကဲ့ပါ ဦးလေး ... တစ်ယောက်နဲ့တစ်ယောက် ချစ်ကြ တယ်ဆိုတာဟာ အင်မတန်မှ ပူလောင်တဲ့သဘောကို





ဆောင်ပါတယ် ... အချစ်ဆိုတာဟာ မြဲခြင်းသဘောကို မဆောင်ဘဲ ပြောင်းလဲခြင်းသဘောကိုဆောင်နေတယ်လို့ ကျွန်တော်ထင်တာပဲ ဥပမာပေါ့ဦးလေးရာ မိန်းကလေး တစ်ယောက်ကို ကိုယ့်မျက်စေ့နဲ့တွေ့ပြီးသဘောကျသွား တယ်ဆိုပါတော့ဗျာ ... နောက်ပြီးချစ်သွားကြတယ်ပေါ့ ... အဲ ... ချစ်သွားခါစမှာတော့ တစ်ယောက်နဲ့တစ်ယောက် ချစ်လိုက်ကြ ... လျှောက်လည်လိုက်ကြနဲ့ပေါ့ ဦးလေးရာ ပျော်စရာကြီးပေါ့နော် ... ပြီးတော့ ... တစ်ယောက်နဲ့ တစ်ယောက်စိတ်ကောက်ကြ ပြန်တည့်လိုက်ကြနဲ့ အို့ ... အလုပ်ကိုရှုပ်နေတာမှ ဘာပြောကောင်းမလဲ ... နောက် မကြာပါဘူး တစ်ယောက်နဲ့တစ်ယောက်တွေ့ဖန်များလာ တော့ ကွဲသွားကြရော အကုန်လုံးတော့ မဟုတ်ဘူးပေါ့လေ၊ ယေဘူယျအားဖြင့်ကိုပြောတာပါ ... ဒါနဲ့ပဲ နောက်အသစ် တစ်ယောက်ကို ထပ်ရှာကြပြန်ရော ... အဲဒါတွေဟာ တကယ်တော့ ပူလောင်ခြင်း သဘောကိုဖော်ဆောင် နေတာပေါ့ဗျာ ... ဒါကြောင့် 'ချစ်တယ်'ဆိုတာဟာ

မအေးချမ်းဘူး ပူလောင်တယ်လို့ ကျွန်တော်ထင်တယ်လေ... သံယောဇဉ်ဆိုတာကတော့ အင်မတန်မှအေးချမ်းတဲ့သဘောကို ဖော်ဆောင်ပါတယ်ဦးလေး ... သံယောဇဉ်ဟာ အမျှင်တန်းမိပြီဆိုရင် ဘယ်လိုနည်းနဲ့မှ ဖြတ်တောက်လို့မရတော့ဘူးလေ ... ခုနကျွန်တော်ပြောတဲ့ ကျွန်တော့် ကောင်မလေးနဲ့ကျွန်တော်နဲ့က အဲလိုသံယောဇဉ်မျိုးနဲ့ အမျှင်တန်းနေတာဦးလေးရဲ့ ... ”

“ဟော့ကောင် မင်းအရှက်အကြောက်နည်းလှချည်လားကွ မင်းငါ့သားမှ ဟုတ်သေးရဲ့လား ... အရေးထဲ သူ့ကောင်မလေးတွေဘာတွေကသုံးလိုက်ရသေးတယ် ... မင်းကိုငါ အစောကြီးကတည်းကပြောထားတယ်နော် ဏီဇ ကျောင်းနေတုန်းရည်းစားတွေဘာတွေထားတာ ... ငါမကြိုက်ဘူးဆိုတာလေ ... ”

“ဟုတ်ပါတယ် ... ဒါကြောင့်လည်း ကျွန်တော်ခုထက်ထိ ရွှေပေနဲ့ အလွန်သံယောဇဉ်ကြီးတဲ့သူငယ်ချင်းအနေထက် လွန်ကဲပြီး ရည်းစားဘဝကို လုံးဝအရောက်မခံတာပါ ...





အဲဒါကလည်း ကျွန်တော်ကိုယ်တိုင် ဒီလိုနေရတဲ့အဖြစ်ကလေးကိုပဲ လိုလိုလားလား ရှိနေလို့ပါဖေဖေ ... ”

“မင်းတော့သေချင်ပြီထင်တယ် ... ”

“ကဲပါဗျာ ခင်ဗျားတို့ကိုခေါ်ပြီး ဒုက္ခပေးရတာလည်း အားနာပါတယ် ... မောင်ဏီဇရဲ့အချစ်ဒဿနကိုနားထောင်ရတာလည်း ဗဟုသုတတော့ရပါတယ်ကွာ ... ”

“ကျွန်တော် အရမ်းအားနာပါတယ် ဦးခင်ဇော်ရာ ဒီကောင် ကျွန်တော်တို့ကွယ်ရာမှာ ခင်ဗျားကိုတော်တော်အပေါင်းအသင်းလုပ်ထားပြီးပြီထင်တယ် ... ”

“ဟုတ်တယ်ဖေဖေ ကျွန်တော် ဦးလေးကို အရမ်းခင်သွားပြီ ဦးလေးရဲ့ဖြူစင်တဲ့စိတ်ထားကိုလည်း အရမ်းလေးစားသွားပြီ ... ”

“ကျွန်တော့်သားရဲ့ အမှုကိစ္စနဲ့ပတ်သက်လို့ ... ”

ဦးမောင်မောင်လွင်၏စကားမဆုံးခင်မှာပင် စခန်းမှူး ဦးခင်ဇော်က စကားကိုဆက်ပြောလိုက်ပါသည်။

“အခု အမှုကတော့ နှစ်ဘက်စလုံးအပြစ်ရှိတာပေါ့ဗျာ ...

တစ်ဘက်ကတော့ အနာတရရှိသွားတာပေါ့ ... နဖူးကွဲသွားလို့ လေးချက်ချုပ်လိုက်ရတယ် ... အဲဒီဘက်ကလည်း သူ့သားကိုအပြစ်လုပ်မှာစိုးလို့ပါတဲ့ ... ကျေအေးလိုက်ပါတယ်တဲ့ဗျာ ... ဒါကြောင့် မောင်ဇာဇတို့ကို အာမခံနဲ့ ခေါ်သွားလို့ရပါပြီ ... ”

“ကျေးဇူးတင်လိုက်တာ ဦးလေးရာ အရမ်းပါပဲ ... ”

ပြောပြောဆိုဆို ဇာဇတစ်ယောက် စခန်းမှူးကြီး ဦးခင်ဇော်ကို ကုန်းနေအောင် ထိုင်ကန်တော့လိုက်ပါသည်။

သူ့အပြုအမူတွေကိုကြည့်ပြီး ရန်ပြေနှင့်သက်ငြိမ်တို့နှစ်ယောက် ငူငူငိုင်ငိုင်ကြီးတွေနှင့်ကြည့်နေသည်ကို မြင်လိုက်ရသည်နှင့် ... ။

“ဟော့ကောင် ရန်ပြေနဲ့သက်ငြိမ် ဦးလေးကို ကန်တော့ကြလေ ... ”

ဇာဇ၏ခိုင်းစေချက်အရ ရန်ပြေနှင့်သက်ငြိမ်တို့နှစ်ယောက် စခန်းမှူးကြီးအား ထိုင်ကန်တော့လိုက်ကြပါသည်။

“ကျွန်တော်တို့ သွားလိုက်ပါဦးမယ် ဦးခင်ဇော် ... ”





“ကောင်းပါပြီတဲ့ဗျာ ... ”

“သွားမယ်နော် ဦးလေး ... ကျွန်တော် ဦးလေးကို ခြင်ဆေးခွေတွေလာပေးဦးမယ် ... ”

“တွေ့လား ခင်ဗျားသားက ကျေးဇူးတင်လို့ နှုတ်ဆက်တာတောင် ကျွန်တော်တို့စခန်းကို အပုပ်ချသွားသေးတယ်လေ ... ”

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉–လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။









မိခင်ဖြစ်သူ ဒေါ်စန္ဒာဆွေကို ဏီဇက ကားတံခါး အရင်ဖွင့်ပေးလိုက်ပါသည်။

သူနှင့်အတူ ရန်ပြေနှင့်ဘက်ငြိမ်ကနောက်ခန်းက ဘက်ဖို့ဟန်ပြင်လိုက်ချိန်မှာ ...

"သားတို့နှစ်ယောက်ကိုတော့ အားနာပါတယ်ကွာ ဒါပေမဲ့ ဏီဇကိုတော့ ဦးခေါ်မသွားနိုင်တော့ဘူး ..."

"ဘယ်လိုပြောလိုက်တာလဲ ကိုလွင်ရယ် သားကိုဘာလို့

မခေါ်ရမှာလဲ ... ”

“ဏီဇ မင်းငါတို့နဲ့လိုက်စရာမလိုတော့ဘူး ... ”

သူ့အဖေက ဘယ်တော့မှ စကားကိုနှစ်ခွန်းပြောတတ်သူမဟုတ်ပါ။

သူ့ကိုတောင်းပန်လျှင်လည်း ရတော့မည်မဟုတ်မှန်း ဏီဇသိပါသည်။

ဒါဟာ သူငယ်ချင်းတွေရှေ့မှာမို့ သူ့ကို အနုနည်းနဲ့နှင်ချလိုက်ပြီဆိုတာ ဏီဇသိလိုက်ပါပြီ။

တောင်းပန်နေလည်းအပိုပဲမို့ မေမေ့ကိုသာ နှုတ်ဆက်လိုက်ပါသည်။

“သား မင်းအဖေအရမ်းစိတ်ဆိုးနေလို့နော် ... အိမ်ကိုမြန်မြန်ပြန်လာခဲ့နော် ... ရှေ့ရှေ့သားမုန့်ဖိုးမရှိဖြစ်နေဦးမယ်”

ဒေါ်စန္ဒီဆွေက အိတ်ထဲမှ ငွေတစ်ထောင်တန်စက္ကူနှစ်သောင်း ထုတ်ပေးလိုက်ပါသည်။

“သားအအေးမိနေဦးမယ် ... မောင်ရန်ပြေနဲ့ မောင်သက်ငြိမ်ရေ မင်းသူငယ်ချင်းကိုကြည့်ရှုစောင့်ရှောက်ထားလိုက်





ပါနော် ... ”

“စိတ်ချပါအန်တီ ... ”

ဝေး၍ဝေး၍သွားသော ပါဂျဲရိုကားကြီးကို ဏီဇစိတ်မကောင်းကြီးစွာနှင့် ကြည့်၍ကျန်ရစ်ခဲ့ပါတော့သည်။ ဒီကားကြီးနှင့်ဒီအဖေကိုသတိရ၍တော့ မဟုတ်ပါ။ ကားထဲတွင်ပါသွားသောမေမေ့ကိုသတိရ၍သာဖြစ်ပါသည်။

သူ့အတွက်ကြောင့် မေမေပူဆွေးနေရမှာကို သူမခံစားနိုင်လွန်းလို့ဖြစ်ပါသည်။

“အောင်မာ မျက်ရည်တစမ်းစမ်းနဲ့ သူ့သားအလိမ္မာကိုသတိရနေလိုက်ရတာ ... ”

“သတိရတာပေါ့ ရှင်ကဝမ်းနဲ့လွယ်ပြီးမွေးရတာ မဟုတ်တော့ ရက်စက်နိုင်တာပေါ့ရှင် ... ”

“နေပါဦး ဆွေပဲပြောတယ်လေ ... အချုပ်ခန်းထဲကဆွေ့သားထွက်ရရင်တော်ပါပြီဆို ပြီးတော့မှ ကိုလွင့်ဟာကိုလွင်ကြိုက်သလိုဆက်လုပ်ဆို ... ”

“အိုး ... ဒါကတော့ သားလေးလွတ်ဖို့ ဒီလိုပဲပြောရမှာပေါ့

ပြီးတော့ ဆွေ့သားကို၊ ကိုလွင်အဲလို ရက်ရက်စက်စက် ပြောတာမျိုးတွေလည်း 'ဆွေ' မကြိုက်ဘူး ... "

"အောင်မာ ... ကြည့်စမ်း ... သားမလွတ်ခင်တုန်းကတော့ မျက်နှာငယ်လေးနဲ့ ကိုလွင့်ကိုတောင်းပန်နေလိုက်တာ ခုတော့သူ့သားလည်းလွတ်လာရော ကက်ကက်လန်ရန်တွေ့နေပါလား ... ကောင်းပါတယ်ကွာ မင်းတို့သားအမိနှစ်ယောက် လိုက်လည်းလိုက်ပါတယ် ... မင်းဟာ မင်းသားကို မီးလောင်နိုင်ဖို့ အားပေးတတ်တဲ့ အောက်ဆီဂျင်လိုမိန်းမမျိုးဖြစ်နေတာကိုး ... "

"တော် ... တိတ်တော့ 'ဆွေ' သားတစ်ခုခုဖြစ်ရင် တရားခံကကိုလွင်ပဲ ... "

"မင်းသား ဘာမှမဖြစ်နိုင်ပါဘူးကွာ ဒီကောင့်ကို မှတ်လောက်သားလောက်ဖြစ်အောင်လုပ်မှကိုဖြစ်မှာ ဘယ်နှယ့်ဗျာ သူဆိုးသမျှကို ဖအေလုပ်တဲ့သူက ဒိုင်ခံလိုက်ပြီး ဖြေရှင်းပေးနေတော့ ဒီကောင်မှမဆိုးရင် ဘယ်ကောင်ဆိုးတော့မှာလဲ ... ကိုလွင်စခန်းရောက်မှ သူ့ရုပ်ကိုသေသေချာချာကြည့်





မိတာ တစ်နေ့လုံးနေပူမိုးရွာမရှောင် လျှောက်လည်နေတာလူလည်း မည်းသဲပြီး ကြေးနီရောင်ထွက်နေပြီ အဲဒါအမိကတရားခံက 'ဆွေ' လည်းပါတယ် သိလား ... သူ့ကိုနောက်ဆို အချိန်မရှိအခါမရှိ သူ့သဘောနဲ့ဝင်နိုင်ထွက်နိုင်တဲ့ အခွင့်အရေးမျိုးလုံးဝမပေးနဲ့ သိလား ဆွေ ... "

"ဟုတ်ကဲ့ပါ ဒီလိုဆို မနက်ဖြန်ကျရင်သားလေကို ပြန်ခေါ်လိုက်တော့မယ်နော် ... "

"နေဦး ... ခုချက်ချင်းတော့ မခေါ်နဲ့ဦး ဒီကောင်ကိုမှတ်လောက်သားလောက်ဖြစ်အောင် ဒီအတိုင်းပဲထားလိုက်ဦး"

"သားလေးအရမ်းစိတ်ထိခိုက်နေမှာပဲ ... 'ဆွေ' စိုးရိမ်လို့ပါ ... "

"တော်စမ်းပါကွာ ပြီးတော့ကိုလွင်ရှေ့မှာသားလေး ... သားလေးနဲ့ခေါ်မနေနဲ့ ကိုလွင်နားကြားပြင်းကတ်လွန်းလို့ ... "

"အလကားနေရင်း ရှင်ကသားအပေါ်မနာလိုဖြစ်နေတာပါကိုလွင်ရာ ... ကိုလွင့်အမေက ကိုလွင့်ကိုအဲလိုတယုတယ

နဲ့ သားလေးလို့မခေါ်ဖူးဘူးမို့လား … ဒါကြောင့် ဆွေက ဆွေ့သားကိုချစ်လို့ သားလေးလို့တယုတယခေါ်နေတာကို ရှင်မခံချင်စိတ်တွေဖြစ်နေတာမို့လား … ”

“ကိုလွင့်အမေက ကိုလွင့်ကို အဲလိုစိတ်ဓာတ်တွေ အောက်တန်းကျအောင်တော့ မလုပ်ပေးဘူးကွ … ကိုလွင့်ကို ယောကျ်ားပီသအောင်မွေးပေးတယ် … ဆန်အောင်လုပ်ပေးခဲ့တယ်လေ … ခုဆွေ့သားက အရမ်းကို အောက်တန်းကျနေတာတွေဟာ ဆွေ့ကြောင့်သိလား … ”

“ဘာလဲ ရှင့်အမေထိတော့ မခံနိုင်တော့ဘူးမို့လား … ဆွေကဆွေ့သားကျန်းကျန်းမာမာနဲ့ ချမ်းချမ်းသာသာရှိရင် ပြီးတာပဲ ဆွေ့သားကိုဆွေခိုင်းစားမှာလည်း မဟုတ်ဘူး”

“ဒါဆိုလည်း ကောင်းတာပေါ့ကွာ … ဆွေက အထိန်းအကျောင်းကောင်းတော့ ဆွေ့သားကိုဆွေပဲ ဆက်လက်ပြီးစောင့်ရှောက်ထားလိုက်တာ အကောင်းဆုံးပါပဲ … ”

“ဟုတ်တယ် ဒါဆို သားကို မနက်ဖြန်ကျရင် ‘ဆွေ’ ကိုယ်တိုင်သွားခေါ်မယ် … ”





“ကောင်းတယ် အိုးစည်ဗုံမောင်းပါ တစ်ခါတည်းဂွားသွားလိုက်ဦး ဆွေ … ”

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။









"ဘယ်လိုတွေ ဖြစ်ကုန်တာလဲ ဇာီဇရယ် ..."

"ဒီလိုတွေပဲ ဖြစ်ကုန်တာပေါ့ ရွှေပေ ... ဒါနဲ့ ရွှေပေ့ကိုဘယ်သူအကြောင်းကြားလိုက်တာလဲ ..."

"အကြောင်းကြားစရာမလိုဘူးလေ ... ညကတည်းက ရဲစခန်းက အိမ်ကိုလှမ်းအကြောင်းကြားလိုက်တာ ဖေဖေတို့မာမီတို့ပါသိကုန်ရော ..."

"ဟင် ရဲစခန်းက 'ရွှေပေ' တို့ကိုဘာဆိုင်လို့ အကြောင်း

ကြားရတာလဲ ... ”

“အဲဒါကို ‘ရွှေပေ’ ဖေဖေကလည်း ပြောနေတာလေ ... ရန့်ဖြစ်တုန်းမှာ ရွှေပေကအနားမှာရှိနေတယ်ဆိုရင်တော့ ဟုတ်တုတ်တုတ်ရှိဦးမှာမို့လား ခုတော့ သူ့သမီးနဲ့ဘာမှ မဆိုင်ဘူး ... သူဒီတာဝန်တွေကိုလုံးဝမယူနိုင်ဘူး ... လုံးဝ လည်းလာမတွေ့နိုင်ဘူးလို့ ဖုန်းနဲ့ပြောလိုက်တာနဲ့ပဲ ပြီးသွားတာ ဏီဇရဲ့ ... ရဲစခန်းနဲ့သာ ပြတ်သွားပေမဲ့ သူ့ရဲ့ဒေါသက ရွှေပေ့ဘက်ကို လှည့်လာတော့တာပေါ့ ... ”

“ရွှေပေ့ကိုဆူကြသေးလား ... ”

“ဘာပြောကောင်းမလဲ ဏီဇရယ် မျက်နှာကိုလည်းကြည့်ပါဦး တစ်ညလုံး ငိုထားရတာဖူးယောင်နေတာပဲ ... ”

“စိတ်မကောင်းလိုက်တာ ‘ရွှေပေ’ ရယ် မှန်းစမ်း ရွှေပေ့မျက်နှာ ... ”

ဏီဇက ရွှေပေ့မေးစေ့လေးကို သူ့လက်ဖြင့်ပင့်ကာ ကြည့်လိုက်ပါသည်။

“သွားစမ်းပါ အရေးထဲအသားယူနေပြန်ပြီ ... ”





“ဆက်ပြောပါဦး ရွှေပေရဲ့ ... သူတို့က ဏီဏီနဲ့ ‘ရွှေပေ’ အကြောင်းတွေမေးသေးလား ... ”

“မေးတာပေါ့ မေးလည်းမေး ဆူလည်းဆူပေါ့ ဏီဇရယ် အစောကြီးကတည်းက ဏီဇနဲ့ ပတ်သက်လို့ သိထားရင် တော်သေးတာပေါ့ ... ခုတော့ အစိမ်းသက်သက်ကြီး ဖြစ်သွားတော့ နှစ်ယောက်စလုံး ‘ဟတ်’ ထိသွားတာပေါ့ ... ရဲစခန်းကအကြောင်းကြားပုံကိုလည်းကြည့်ဦးလေ ခင်ဗျား သမီးကြောင့်တဲ့ ကောင်လေးတွေရန့်ဖြစ်ကြတာ ခုတော့ ဆေးရုံ ရောက်တဲ့သူကရောက် ရဲစခန်း ရောက်တဲ့သူက ရောက်တဲ့လေ ... အဲဒါကြောင့် ‘ဏီဇ’ကို ‘ရွှေပေ’ ပြောတာ ပေါ့ စိတ်လိုက်မာန်ပါမလုပ်ပါနဲ့လို့ ဏီဇတစ်ယောက်က တော့ ခက်တာပဲ ... ခုဏီဇအဖေက နှင်ချလိုက်တယ်မို့ လား ... ”

“အင်း ဟုတ်တယ် ‘ရွှေပေ’ ကိုဘယ်သူပြောလိုက်တာလဲ”

“ရန်ပြေပြောလိုက်တာ ... ”

“ရန်ပြေတစ်ယောက်ကတော့ ဘယ်တော့မှ ပိတ်လို့ဆီးလို့ကို

မရဘူး ... ရွှေပေစိတ်ပူနေမှာစိုးလို့ မပြောပါနဲ့လို့ပြောထားတာကိုမှ ပြောဖြစ်အောင်ပြောလိုက်သေးတယ် ... ”

“ဇော်ဇီ အခုဘယ်မှာနေလဲ ... ”

“အန်တီ မေစီတို့အိမ်မှာနေမယ် ... မနေ့ကတော့ ရန်ပြေအိမ်မှာအိပ်တယ် ... မနက်စာစားပြီးတော့ ဒီကိုထွက်လာတာ အန်တီမေစီ့ဆီကိုတော့ အကြောင်းကြားထားပြီးပါပြီ ညကျရင် လာအိပ်မယ်လို့ ဟင်းတွေ ထမင်းတွေပို့ချက်ထားပါလို့ ပြောထားပြီးပြီ ‘ရွှေပေ’ မပူနဲ့သိလား ... ”

“ခု ဒီမှာ ဘာထိုင်လုပ်နေတာလဲ ... ”

“တစ်ယောက်တည်း လွတ်လပ်စွာ စိတ်ညစ်နေတာ ... ”

“ဒါဆို ’ရွှေပေ’ ရောက်လာတော့ လွတ်လွတ်လပ်လပ် စိတ်မညစ်ရတော့ဘူးပေါ့ ဟုတ်လား ... ”

“ဘယ်ကသာ ‘ရွှေပေ’ ရောက်လာတော့ ဇော်ဇီရင်ထဲက စိတ်ညစ်စရာတွေကို ရွှေပေ့ကိုမျှဝေခံစားစေပြီး ဇော်ဇီရဲ့ အပူတွေကို လျှော့ချလိုက်ရတော့ ပိုကောင်းတာပေါ့ ... အလကားစတာပါ ရွှေပေရာ ဒီမှာတစ်ယောက်တည်းလာ





ပြီး မူလကျိုသွန်နီလုပ်နေတာပါ ... ဒီအကြောင်းကို ‘ရွှေပေ’ ဟာ ဘယ်နည်းနဲ့မဆို ကြားမှာပဲ ... ကြားရင်တော့ဖြင့် ဇော်ဇီရှိဲတတ်တဲ့ ဒီနေရာကို ရွှေပေလိုက်လာမယ်ဆိုတာ သိလို့ ဒီမှာတမင်သက်သက်ကိုလာထိုင် စိတ်ညစ်ပြနေတာ”

“တကယ်လို့ ရွှေပေရောက်မလာရင် ဇော်ဇီဘယ်လိုလုပ်မလဲ”

“ဒီလိုပဲ ထိုင်စောင့်နေမှာပေါ့ ... ”

“စိတ်ညစ်တာပဲ ဇော်ဇီရယ် ခဏနေရင်အိပ်ပြန်တော့ သိလား ရွှေပေလည်းအကြာကြီးနေလို့ မရဘူး ... ခုဆို ဇော်ဇီလုပ်လိုက်လို့ ရွှေပေ့မှာ လွတ်လွတ်လပ်လပ် သွားလာခွင့် မရှိတော့ဘူးလေ ... အစတုန်းကဘော့ ရွှေပေ့မှာ ... ”

ပြောရင်းဆိုရင်နှင့်ရွှေပေ့စကားက ရပ်တန့်သွားပါသည်။ ဒါကို ဇော်ဇီကောင်းကောင်းသတိထားမိလိုက်ပါသည်။

“ဆက်ပြောလေ ‘ရွှေပေ’ ရွှေပေ့မှာ ဆိုပြီး ဘာလို့ရပ်ထားရတာလဲ ... ”

“ဩော် ... ရွှေပေ့မှာယောကျ်ားလေး အပေါင်းအသင်းတွေ မရှိဘူးဆိုပြီး လွတ်လွတ်လပ်လပ်နေခွင့်ပေးထားတာမို့လား

ခုတော့ ရှုပ်ရှုပ်ယှက်ယှက်တွေရှိနေတယ်ဆိုတော့ ဖေဖေနဲ့ မေမေတို့က မကြိုက်တော့ဘူးလေ ... ကျောင်းသွားတဲ့ အချိန်ကလွဲပြီး တစ်ယောက်တည်း ဘယ်ကိုမှ မသွားရဘူး တဲ့ အဲဒါ ဏီဇကြောင့်သိလား ... ”

“ဟုတ်တယ်နော် ... ဏီဏီစိတ်မကောင်းပါဘူး ‘ရွှေပေ’ ရယ် သူတို့က ဏီဏီနဲ့ ‘ရွှေပေ့’အကြောင်းကို ဘယ်လို မေး တာလဲဟင် အစကနေစပြောပါ ရွှေပေရယ် ဏီဏီကြားချင် လို့ပါ ... ”

“ဒီလောက်စကားတွေ အများကြီးပြောပြီးကာမှ ဘာလို့အစ ကနေပြန်ပြောရမှာလဲ ... အလကားနေရင်း အသားယူနေရ သေးတယ် ... ”

“တကယ်ပြောတာပါ ‘ရွှေပေ’ ရယ် အသားယူတာမဟုတ် ပါဘူး ... နောက်ဆိုသူတို့နဲ့ ပတ်သက်ပြီးရှောင်သင့်တာ ရှောင်ရအောင် သိထားဖို့လိုတာမို့ မေးတာပါ ... ”

“ဖေဖေတို့ကမေးတယ် အဲဒီ ဏီဇဆိုတဲ့ကောင်လေးနဲ့ သမီး နဲ့ ကြိုက်နေတာလားတဲ့ ... ”





“ဒီတော့ ရွှေပေကဘာပြန်ပြောလိုက်လဲ ... ’

“သူငယ်ချင်းအဆင့်ထက် ဘာမှမပိုပါဘူးလို့ပြောလိုက်တာ ပေါ့ တကယ်လည်း ဏီဇဟာ ရွှေပေရဲ့အခင်ဆုံး ယောက်ျား လေးသူငယ်ချင်းပဲမို့လား ... ”

“ကြုံကြိုက်တုန်း ... တစ်ခါတည်းပြောထည့်လိုက်ရောပေါ့ ရွှေပေရာ ... ”

“ဘာကြုံကြိုက်တုန်းလဲ ဒါအမှန်ကန်ဆုံးပြောလိုက်တာပဲ လေ ... ဏီဇကို ရွှေပေ တခြားသူတွေထက်ပိုခင်တယ် ပိုသံယောဇဉ်ရှိတယ် ... အဲဒါထက်ဘာမှမပိုဘူး ... ဒါကို ဏီဇကောင်းကောင်းယုံထားဖို့ပဲ ... ”

“ရတယ် ... ရွှေပေ့ဆီက ဏီဏီကိုသံယောဇဉ်ရှိတယ်ဆိုတဲ့ စကားတစ်ခွန်းကြားရရုံနဲ့ ဏီဏီကျေနပ်တယ် ... ဘာလို့ လဲဆိုတာ ရွှေပေသိမှာမဟုတ်ဘူး ရဲစခန်းမှာလေ ဖေဖေတို့ မေမေတို့လည်းရှိနေတဲ့အချိန်မှာပေါ့ ... စခန်းမှူးကြီးက ဏီဏီ့ကို စစ်ဆေးရင်းနဲ့ မေးတောပေါ့ ဒီကောင်မလေးနဲ့ မင်းက ချစ်သူတွေလားတဲ့ ... ဒီတော့ ဏီဏီက ဘာပြန်

ပြောလိုက်လဲဆိုတော့ ချစ်နေတာတော့ မဟုတ်ပါဘူး ... သံယောဇဉ်ရှိနေတာပါလို့ ပြောလိုက်တော့ စခန်းမှူးကြီးက ချစ်တာနဲ့သံယောဇဉ်ရှိတာ ... ဘာများကွာခြားလို့လဲ မောင်ဏီဇရယ်လို့ ပြန်မေးတာပေါ့ ... သူ့ကိုပြန်မရှင်းခင်မှာပဲ ဖေဖေမျက်နှာကိုကြည့်လိုက်တော့ ... သူတို့ကိုတမင် 'လှောင်'ပြောင်နေတယ်ထင်ပြီး ဏီဏီကိုစားတော့ ဝါးတော့မယ့်ပုံ ... ဘီးလူးပုံကြီးနဲ့စိုက်ကြည့်နေတာ ခုတောင်ပြောရင်းနဲ့ ကျောထဲက အလိုလိုစိမ့်တက်ပြီး ချမ်းလာသလိုလိုပဲ ... ဒါနဲ့ပဲ ကျွန်တော်ပြောတာ ဒီလိုပါ ဦးလေးရယ် ချစ်တယ်ဆိုတာဟာ ပူလောင်တယ် မခိုင်မြဲဘူး ... မစွဲဘူးလေ ... သံယောဇဉ်ဆိုတာမျိုးက အေးမြတယ် အမျှင်တန်းပြီးခိုင်မြဲတယ် ... စွဲစွဲမြဲမြဲနဲ့ ဘယ်လိုမှ ဖြတ်လို့မရတဲ့အရာမျိုးပါ ... ဒီလိုပဲ ကျွန်တော်နဲ့ရွှေပေလွှာဆိုတဲ့ ကောင်မလေးဟာ ဒီလိုသံယောဇဉ်မျိုးနဲ့ ရစ်ပတ်တွယ်ငြိနေတာပါလို့ ပြောလိုက်တော့ ,ဖေဖေကတော့ ဏီဏီကိုဘယ်လောက်ဒေါသထွက်မလဲတော့ မသိဘူး ... စခန်းမှူးကြီးကတော့





ဏီဏီ့စကားကိုကြားတော့ ... အရမ်းကိုကျေနပ်သွားတာဆရာရေသိလား ရွှေပေ ... သူက ဏီဏီကိုတောင် ချီးမွမ်းလိုက်သေးတယ် ... ပြီးတော့ဖေဖေကိုလည်း ဘာပြောလဲသိလား ... မောင်ဏီဇရဲ့ အချစ်ဋီကာလေးက ကျွန်တော်တို့အတွက် ဗဟုသုတရတာပေါ့ ဗျာတဲ့ ... "

"အဲဒါ ဏီဇကို အကောင်းပြောနေတာ မဟုတ်ဘူးသိလား"

"ဘာလို့ အကောင်းပြောနေတာ မဟုတ်ရမှာလဲ စခန်းမှူးဦးလေးကြီးက ရယ်ရယ်ပြုံးပြုံးမျက်နှာမျိုးနဲ့ ဏီဏီကိုချီးမွမ်းနေတာပဲဟာ"

"အဲဒါ ဏီဇကို ဘယ်လောက်ထိအောင်များ ရူးနေပြီလဲဆိုပြီး အမှတ်တွေလျှော့ချနေတာလေ ... 'ကျပ်ပြည့်' တယ် 'မပြည့်' ဘူးဆိုတဲ့သဘောပေါ့ ... အဲဒီဦးလေးကြီးကတော့ ဏီဇ,ဟာအလွန်ဆုံးရှိမှ 'သုံးမတ်' လောက်ပဲရှိမယ်လို့ တွက်ထားမှာ သိလား ... ဒါတောင် ရွှေပေနဲ့ ညှိနှိုင်းပြီး အမှတ်ပေးရင် ဏီဇကိုပြား ၅၀တောင်ပေးမှာ မဟုတ်တော့ဘူး"

"ဘာလဲ ရွှေပေက ဏီဏီ့ကို အရူးလို့ ဆိုချင်တာလား"

"ဒါပေါ့ ဏီဇဟာ အရှုံးပဲ ... ဏီဇ မနေ့တုန်းကကိစ္စကိုပြော စမ်းပါဦး ဘာဖြစ်ကြတာလဲ ... "

"ဖြစ်ချင်နေတာတော့ကြာပြီ အကျိုးအကြောင်းမခိုင်လုံ သေးလို့ ကြည့်နေရတာ ကြာပြီလေ ... စားသောက်ဆိုင် မှာတွေ့တော့ ပိုအဆင်ပြေတာပေါ့ ကျောင်းမှာဆို ရန်ဖြစ် ရင် ကျောင်းထုတ်ခံနေရဦးမှာ ... ဒီကောင့်အတွက် ကျောင်းအထုတ်ခံရမှာကိုတော့'သန'တယ် ... အဲဒါကြောင့် ကြုံတုန်းရန်ရှာလိုက်တာလေ ... တကယ်တော့ အမှန် အတိုင်းပြောရရင် ရွှေပေနဲ့ပတ်သက်ပြီး ဏီဏီ သူ့ကို တစ်ပွဲ လောက်နွှဲချင်နေတာကြာလှပြီလေ ... ခုတော့ သူ့ကို ဏီဏီကအရင်ရန်စရှာတာပါ ... ရန်ရှာတာမှ သူမခံချင် အောင် မျိုးစုံကိုပြောတာ ... ဒီကောင်ပေါ်သန်းကလည်း ဏီဏီတို့ပြောသမျှမကြားချင်ဟန်ဆောင်ပြီး တော်တော် လေးကိုသည်းခံရှာပါတယ် ... နောက်ဆုံးမခံချင်တဲ့အဆုံးမှာ ဏီဏီတို့ကို ကလေကချေတွေလို့လည်း တစ်ခွန်းပြော လိုက်ပါလေရော ... ပွဲက ခဏလေးမှ တကယ့်ကိုခဏလေး





အားလုံးဝိုင်းပြီး ဖျန်ဖြေလိုက်ကြတာ ချက်ချင်းပြီးသွားတာ ပဲ ... ဒီကောင်ပေါ်သန်းလည်းသွေးတွေသန်တွေနဲ့ပါသွား တယ် ... ရဲစခန်းရောက်တော့ စခန်းမှူးကြီးကို ဒီကောင် တွေက အရင် 'စပြီး'ရန်ရှာတာလို့ပြောလိုက်တာနဲ့ တကယ့် ယုံသွားတယ်ထင်တာပဲ အချုပ်ခန်းထဲတောင် မရောက် လိုက်ပါဘူး ... "

"ဒါဆို ပေါ်သန်းကသနားစရာဖြစ်နေတာပေါ့နော်ဏီဇ ... "

"သနားရင် သွားကြည့်လိုက်လေ ... ခုဆို ဆေးရုံကဆင်းချင် မှ ဆင်းရဦးမှာ ခေါင်းမှာဒဏ်ရာရထားတာဆိုတော့ အနည်း ဆုံး ဆေးရုံမှာ တစ်ရက်လောက်တော့ နေရဦးမှာသွား ... သွား 'ရွှေပေ' သွားချင်ရင် မီနိုင်သေးတယ် ... "

"တော်ပြီ ဏီဇရာ ရွှေပေ ဏီဇကိုအရမ်းစိတ်ညစ်သွားပြီ ပြန်တော့ အန်တီမေစီဆီကိုသွားမယ်ဆိုရင်လည်း ဒီကနေ တန်းပြန်တော့ ရွှေပေလိုက်ပို့ပေးရမလား ... "

"နေပါစေ မပို့နဲ့တော့ ဏီဏီကိုကျိုးထိုးထိုးလောက်ကိုက် ကိုက် ပူမနေနဲ့ ပူမယ့်ပူလည်း ဟိုမှာဝေဒနာကြီးနဲ့ ခံစားနေ

ရတဲ့ပေါ်သန်းကိုသာပူလိုက် ... ”

“ရွှစရာကောင်းလိုက်တာ ... ”

မေတ္တာစာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉–လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







သားဖြစ်သူ ဏီဏီဇတစ်ယောက် ခုဆိုဘယ်ဆီတွေ ရောက်လို့ဘာတွေဖြစ်နေမည်ဆိုတာကို တွေးပြီး ဒေါ်စန္ဒီဆွေ တစ်ယောက်အိပ်မပျော် စားမဝင် ဖြစ်နေမိပါသည်။

မနေ့ညကတော့ အမှုဖြစ်သည့်အချိန်နှင့် ရဲစခန်းတွင် နေရသည့်အချိန်က ညဝက်နီးနီး ဖြစ်သွားသည်မို့ မိုးလင်းအောင် စောင့်ခဲ့ရသည့်အချိန်က သိပ်မကြာလိုက်ပါ။

သည်နေ့တော့ သားကိုတစ်နေ့လုံးမတွေ့ရသည်သာ

မက သားဖြစ်သူ ဏီဏီဇတစ်ယောက်ဘယ်ဆီတွေ ရောက်လို့ဘယ်လိုစားနေမည်ဆိုတာကိုပါတွေး၍ မိခင်ဒေါ်စန္ဒီဆွေတစ်ယောက် နေမထိထိုင်မသာဖြစ်နေရပါသည်။

သားအပေါ်ရက်ရက်စက်စက်လုပ်လိုက်သည့်ခင်ပွန်းသည်ကိုလည်း မခေါ်မပြောလိုတော့သဖြင့် တစ်ညလုံး စကားမပြောဘဲ မှိုးလင်းခဲ့ရပါသည်။

တကယ်တော့ ဏီဏီဇဟာ သူမဝမ်းနဲ့လွယ်မွေးခဲ့ရတဲ့သားပဲ။ သူမသဘောနှင့် သူမပြန်ခေါ်လို့ အချိန်မရွေးရနိုင်ရမည်ပေါ့။ သားလုပ်သူ ဏီဏီဇကလည်း ဏီဏီဇပါပဲ ဘယ်သောအခါမှ ယုံကြည်စိတ်မချရသူကိုပြပါဆိုလျှင် ဏီဏီဇကိုသာ ပြရပါမည်။ သူ့အလိုပြည့်ဖို့ တစ်ခုအတွက်ဆိုရင် ကတိပေးအလွန်လွယ်ပြီး နောက်မှဖြစ်ချင်တာဖြစ်ဆိုပြီး အမြဲတမ်း ကတိမတည်တတ်သူလေ။ ခုလည်း ခင်ပွန်းဖြစ်သူကို ကိုလွင့်ကို သားကို ရဲစခန်းကလွတ်အောင်သာ မြန်မြန်လုပ်ပေးပါကိုလွင်ရယ် နောက်မှ ကိုလွင်စိတ်တိုင်းကျ ဆုံးမချင်သလိုဆုံးမပါလို့ သူမငိုယိုပြီးပြောခဲ့ရတဲ့ ကတိစကားတွေက ရှိနေသည်လေ။ သားဏီဏီဇရဲ့ အခန်းလေးက





တိတ်ဆိတ်နေသည်မို့ ဒေါ်စန္ဒီဆွေ သားကိုအရမ်းသတိရနေပါသည်။

တစ်ခန်းလုံး ကက်ဆက်ခွေ စီဒီခွေများဖြင့် ရှုပ်ပွနေသော ဏီဏီဇ၏အခန်းကို သူမကိုယ်တိုင် ရှင်းလင်းနေမိပါသည်။

ပထမတော့ သား၏အိပ်ရာခင်း၊ ခေါင်းအုံးစွပ်များကို အသစ်လဲပေးဖို့ အခင်းများကိုဖြုတ်ခွာလိုက်ပါသေးသည်။

နောက်တော့မှ သားမရှိတုန်း ဒီအခင်းတွေအသစ်လဲတာဟာ လဲလို့ကောင်းပါ့မလား … နိမိတ်တွေဘာတွေများ မကောင်းဖြစ်နေမလားဆိုပြီး မူလအခင်းများကိုပြန်၍ စွပ်လိုက်ခင်းလိုက်ပါသည်။

"အခန်းလေးကတော့ သန့်ရှင်းသွားပြီသားရေ မေမေ့သား ပြန်လာရင် အဆင်သင့်နဲ့သပ်သပ်ရပ်ရပ်လေးနေဖို့လေ …"

ဒီစကားတွေကတော့ ဏီဏီဇ၏ အခန်းထဲတွင် ဒေါ်စန္ဒီဆွေပါးစပ်မှ ထုတ်ဖော်ရေရွတ်လိုက်သော စကားများပင်ဖြစ်ပါသည်။

တိတ်ဆိတ်လှသော ညအချိန်ဟာ လူသားတွေအတွက်ပိုပြီး ချောက်ချားစရာဖြစ်နေမှန်း ဦးမောင်မောင်လွင်တစ်

ယောက်ကောင်းကောင်းသိလိုက်ပါပြီ။ သားအပေါ်မှာသူ့ရဲ့အပြုအမူတွေဟာ အရမ်းရက်စက်သွားပြီလား။

အိပ်မပျော်သဖြင့် တစ်ယောက်တည်းဝရန်တာတွင် စီးကရက်သောက်နေရင်းနှင့် သားဏီဏီဇ၏အကြောင်းကိုသာတွေးလို့နေမိပါသည်။

ငယ်စဉ်တည်းက ဗီဇမကောင်းလာသော သားလေးဏီဏီဇဆိုးလေလေ မိဘနှစ်ပါးက အချစ်ပိုလေလေပင်ဖြစ်ပါသည်။ တစ်ဦးတည်းသောသားလေးမို့ အလိုလိုက်ထားခဲ့သည်ဟာ ဏီဏီဇကို အားပေးအားမြှောက်ပြုခဲ့သလိုဖြစ်နေပါသည်။

ဒါကြောင့် ဖခင်ဖြစ်သူက အရွယ်လေးရောက်လာသောအခါ အနည်းငယ်တင်းကျပ်မှုတွေလုပ်ခဲ့သော်လည်း မိခင်ဖြစ်သူက ဏီဏီဇဆိုးခဲ့သမျှကို အားပေးအားမြှောက်ပြုနေဆဲမို့ခုလို အမှားမှားအယွင်းယွင်းတွေဖြစ်ခဲ့ရတာပါ။

ဘယ်လိုပင်ဖြစ်စေ သူနှင့်မိခင်ဖြစ်သူ စန္ဒီဆွေကတော့ သားနှင့်ကင်းဝေးပြီး နေလို့မရတာကတော့ သေချာပါသည်လေ။





"ဆွေ မအိပ်သေးဘူးလား ..."

တစ်ဘက်သို့ လှည့်ပြီးအိပ်နေသော စန္ဒီဆွေတစ်ယောက် တကယ်အိပ်မပျော်သေးမှန်း သိသဖြင့်ဦးမောင်မောင်လွင်က တိုးတိုးလေး ခေါ်ကြည့်လိုက်ပါသည်။

ဒေါ်စန္ဒီဆွေ့ဆီက ဘာစကားမှ ထွက်မလာပါ။

"ဆွေရယ် သားကိုအရမ်းသတိရတာပဲကွာ ... ကိုလွင်တို့သားကို ပြန်ခေါ်လိုက်ကြရအောင်နော် ..."

"ခေါ်သင့်နေတာကြာပြီ ခုဆိုသားလေးနဲ့ခွဲရတာ နှစ်ညရှိပြီ ရှင်မို့နေနိုင်တယ် ..."

"ကိုလွင့်လည်း နှစ်ညလုံးလုံးအိပ်မပျော်ပါဘူးကွာ ..."

"ဘာအိပ်မှမပျော်တာလဲ ဆွေအိပ်မပျော်နေတဲ့အချိန်တွေမှာ ကိုလွင်ပါးစပ်က တဖူးဖူးနဲ့ဟောက်သံတွေကြားနေတာကိုများ ..."

"ဒါကတော့မှေးခနဲ အိပ်ပျော်သွားတာဖြစ်မှာပါ 'ဆွေ'ရယ် တကယ်ပါ ကိုလွင်သားမရှိရင် နေလို့မရဘူး ... မနက်ဖြန်ကျရင် သားကိုသွားခေါ်ကြမယ် ဟုတ်လား ... အိပ် ...

အိပ် 'ဆွေ'လည်းအိပ်ပျော်အောင်အိပ်လိုက် မနက်ဖြန်ကျရင် သားရှိတဲ့ နေရာကို ကိုလွင်ကိုယ်တိုင်စုံစမ်းပြီးလိုက်ခေါ်ပေးမယ် ဟုတ်လား ... "

"ကောင်းတယ် ခုတော့ ကိုလွင်ကိုယ်တိုင် ဖအေဖြစ်ပြီး အောက်ကျနောက်ကျခံရရောမို့လား ... ဒါကြောင့် 'ဆွေ' ပြောတာပေါ့ အဖေဆိုပြီး စိတ်လိုက်မာန်ပါမလုပ်ပါနဲ့လို့ ပြီးတော့ကိုယ်လည်းသားသမီးကို စွန့်ပစ်နိုင်တာမဟုတ်ဘဲနဲ့"

"အေးပါကွာ ... ကိုလွင်တို့အောက်ကျခံရမှာက ဒီပြင်လူမှမဟုတ်တာ ကိုယ့်သားမဲဟာ ဘာမှရှက်မနေတော့ပါဘူး"

"ဟင်း ... ဟင်း ... ဒါကြောင့် ကိုလွင့်သားက ရောင့်တက်နေတာ သိလား ... "







အစောကြီးကတည်းက ဏီဇဆိုသောကောင်လေးနှင့် 'သူမ'မတွေ့ခဲ့ရင်ကောင်းသား ခုတော့ ဏီဇအတွက် သူမအမြဲစိတ်ဆင်းရဲနေရတာ သူငယ်ချင်းတွေက ရွှေပေလွှာကို အမြဲတမ်း ဏီဇနှင့်ပတ်သက်၍ သတိပေးနေရတာလေ။ 'ဏီဇဟာအရမ်းဆိုးတယ် နင်ဏီဇအပေါ်သံယောဇဉ် စွဲစွဲမြဲမြဲရှိနေလို့ကတော့ တစ်သက်လုံး စိတ်ဆင်းရဲရမှာ'တဲ့ ဒါပေမဲ့ ဘယ်သူတွေဘယ်လောက်ပဲပြောပြော သတိပေးပေး ဏီဇကို သူတို့ဘယ်လောက်ပဲ ကြောက်

နေကြပါစေ ရွှေပေလွှာကတော့ ဏီဇကို လုံးဝမကြောက်ပါ။
ဏီဇဟာ သူမအပေါ်အရမ်းကောင်းပါသည်။ အရမ်း သစ္စာရှိပါသည်။
ဒါကြောင့် ဏီဇနှင့်ပတ်သက်၍ သူမ လုံးဝမကြောက်သည့်အပြင်
ဏီဇကိုပို၍ခင်တွယ် အားကိုးသနားကြင်နာမိပါသည်။

ဏီဇနှင့်ပတ်သက်၍ အပြစ်တင်ပြောဆိုလာခဲ့လျှင်
ရွှေပေလွှာတစ်ယောက် ဆတ်ဆတ်ထိမခံနိုင် ရန်ဖြစ်ရတဲ့အကြိမ်
ပေါင်းကလည်း မနည်းတော့ပါ။

သူမနှင့်ဏီဇဟာ အများတကာလို ငယ်ငယ်လေး
ကတည်းက သိကျွမ်းခင်မင်လာတာဆိုရင်လည်းထားဦး ခုတော့
တက္ကသိုလ်ဝင်စာမေးပွဲအောင်ပြီးလို့ U.F.Lကိုတက်တော့မှတွေ့ကြ
တာလေ။ ဒါတောင် ပညာရေးဘက်တွင် အလွန်အားနည်းသော
ဏီဇဟာ စာမေးပွဲကိုအမှတ်နည်းနည်းလေးနှင့် အောင်သဖြင့်
ကိုရီးယားဘာသာကိုရပြီး ရွှေပေလွှာက အင်္ဂလိပ်စာဘာသာဖြင့်
တက်ခွင့်ရခဲ့သည်။

တစ်ယောက်နှင့်တစ်ယောက် ဘာသာတွဲခြင်းက
တခြားစီဖြစ်ပေမဲ့ ဘဝဘဝကပြုခဲ့ဖူးသော ကုသိုလ်ကံအကျိုးဆက်





ကြောင့်ဖြစ်မည်ထင်ပါရဲ့ ဏီဇတစ်ယောက် ရွှေပေလွှာကို မြင်မြင်
ချင်းစွဲစွဲလမ်းလမ်းရှိခဲ့မိသလို ရွှေပေလွှာကလည်း ဏီဇကို အံ့ရမ်း
ကြယ်တာခဲ့မိပါသည်။

ဏီဇ၏ပြောပြချက်အရတော့ ရွှေပေလွှာ့ကို မြင်
သွားသည်နှင့် သူ'ဟတ်' ကိုဒုတ်ဒုတ်ထိအောင် ရွှေပေလွှာ့အစွမ်းက
ကြီးမားလှသည်တဲ့လေ။

ရွှေပေလွှာနှင့်သူအရမ်းခင်မင်သိကျွမ်းလိုလှသဖြင့်
သူငယ်ချင်းကျော်စံဝင်းကို မိတ်ဆက်ခိုင်းရတာတဲ့ မိတ်မဆက်ခင်
ကန်းက သူရွှေပေလွှာကိုတွေ့တိုင်း ပြုံး၍ပြုံး၍ပြသော်လည်း ရွှေပေ
လွှာက လုံးဝပြုံးမပြသည့်အပြင် မျက်နှာကိုတစ်ဘက်သို့ မသိမသာ
လွှဲသွားတတ်တာ။ ဏီဇအပြောအရတော့ ရွှေပေလွှာ အဲလိုမျက်နှာ
လွှဲသွားတိုင်း သူ့ရင်ထဲမှာ ဖော်မပြနိုင်လောက်အောင် ဝေဒနာတွေ
ခံစားရတာတဲ့။ ဒါကြောင့် ရွှေပေလွှာ့အပြုံးနဲ့ရွှေပေလွှာမေတ္တာကို
လိုချင်လွန်းလို့ သူကျော်စံဝင်းကို မိတ်ဆက်ခိုင်းရတာတဲ့။

ကျော်စံဝင်းက ရွှေပေလွှာနဲ့ တစ်ကျောင်းတည်း
အတူနေခဲ့သည့် သူငယ်ချင်းဖြစ်သည်မို့ ကျော်စံဝင်းကို အတင်းပူး

ပေါင်းပြီး မိတ်ဆက်ခိုင်းရတာ မိတ်ဆက်ပြီးသည်နှင့် ဏီဇ၏တစ်ခု တည်းသော တောင်းဆိုချက်က ကျွန်တော့်ကိုလမ်းမှာတွေ့ရင် ခေါ် ပါနော် ရှောင်မသွားပါနဲ့တဲ့။

အဲဒီတုန်းက ရွှေပေလွှာတစ်ယောက် ရင်ထဲမှာ ကျိတ်ရယ်ပြီး ရယ်ခဲ့ရတာ အမှန်အတိုင်းကိုဝန်ခံရမယ်ဆိုရင်တော့ ရွှေပေလွှာကိုယ်တိုင် ဏီဇလိုခံစားနေရတာပါ။

ကျောင်းကိုရောက်တိုင်း ဏီဇကိုသူရှာမိပါသည်။ သူမအတွက် ဟန်ကိုယ့်ဖို့ဆိုတာ တစ်ခုကိုထိန်းသိမ်းထားရလို့ သာမျက်နှာကို လွှဲလွှဲပစ်လိုက်ရပေမဲ့ ဏီဇကိုမြင်ရမှ သူမရင်ထဲက ဘဝင်ကျရတာလေ။

ညကတစ်ညလုံး အိပ်မပျော်ပါ။ ဏီဇတစ်ယောက် အဆင်မှပြေပ့ါမလားဆိုတာကို သူမတွေးပြီးစိတ်ပူနေရပါသည်။

ဘာပဲပြောပြောလေ အန်တီမေစီဆိုတာက သူကြီး ဒေါ်အရင်းခေါက်ခေါက်ကြီးဆိုတော့လည်း ဏီဇအတွက် အဆင်ပြေ မှာပါ။

ဏီဇရဲ့ အဖေနဲ့အမေကကော သူ့သားကိုပြန်ခေါ်





စိတ်ကူးမှရှိပ့ါမလားဆိုတာကို ရွှေပေလွှာတွေးပြီး စိတ်ပူဒေါသဖြစ် ရပါသေးသည်။

ဘယ်လိုမိဘတွေလဲမသိပါဘူး။ ဒီလောက်ချစ်စရာ ကောင်းတဲ့ ကိုယ့်ရဲ့တစ်ဦးတည်းသောသားလေးကို သူတို့မို့ ရက် ရက်စက်စက် ပစ်ထားရက်တာ ရွှေပေလွှာတော့ဖြင့် အံ့ပါရဲ့။

ဏီဇသာတစ်ခုခုဖြစ်သွားရင် သူ့မိဘတွေတော့ မပြောတတ်ပါ ရွှေပေလွှာဆိုတဲ့ ကောင်မလေးတော့ အသည်းတွေ ကွဲရတော့မှာပါလေ။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးထံမှာ ရွှေပေလွှာ အကြိမ်ကြိမ် ဆုတောင်းမိပါသည်။ ဏီဇ တစ်ယောက်သူ့မှန်နေရာ မှန် ပြန်ရောက်ပါစေလို့လေ။









"ဏီဇ နည်းနည်းပိန်သွားသလိုပဲ အသားလည်းပိုမည်းသွားတယ် ... "

"ဟုတ်မှာပေါ့ ဘဝခရီးကအရမ်းကြမ်းသွားတာကို ... "

"ဒီလောက်ကြီးလည်း မဟုတ်သေးပါဘူး ဏီဇရဲ့ အိမ်ကဆင်းသွားတာ တစ်ရက်နှစ်ရက်နဲ့တော့ ဒီလောက်ထိအောင်ဖြစ်မသွားနိုင်ပါဘူး ... ဏီဇ ဖေဖေမေမေတို့နဲ့ကော အဆင်ပြေသွားပြီလား "

"အင်း ... ဘယ်လိုပြောရမလဲ အဆင်ပြေသွားပြီလို့ ပြောရမှာပေါ့လေ ... ဒီမှာကြည့်လေ ... "

ဏီဇကေသူနှင့် တစ်ချိန်လုံးအတူပါနေသည် ကျောပိုးအိတ်လေးကိုဖွင့်ပြလိုက်ပါသည်။

"ဟင် ပိုက်ဆံတွေပါလား ... "

"ဟုတ်တယ်ရွှေပေ အိမ်ကတစ်ခါဆင်းသွားတိုင်း ဆင်းသွားတိုင်း အဲလောက်ရမယ်ဆိုရင် မဆိုးဘူးနော် တွက်ချေကိုက်တယ်သိလား ... အန်တီမေစီက သူ့အိမ်မှာ ဏီဏီရှိတုန်းသုံးစရာမရှိမှာစိုးလို့ ငွေနှစ်သောင်းထုတ်ပေးတယ် ... ဖေဖေကငွေငါးသောင်းထုတ်ပေးတယ် ... ကြည့်ရတာ သူလုပ်မိတဲ့ပြစ်မှုအတွက် အရမ်းမှားသွားပြီဆိုပြီး နောင်တရသွားတာဖြစ်မှာရွှေပေရဲ့ ... "

"အောင်မာ သူကများကြီးကြီးကျယ်ကျယ် နောင်တရလို့တော့ ဘယ်ဟုတ်ပါ့မလဲ သနားသွားတာဖြစ်မှာပေါ့ ... မိဘဆိုတာ သားသမီးအပေါ် ဒီလိုပဲ ရှိမှာပေါ့ ... နေပါဦး ဏီဇက အိမ်ကိုဘယ်လိုပြန်ရောက်သွားတာလဲ"





"ဘာပြောကောင်းမလဲ ရွှေပေရယ် အန်တီမေစီတို့အိမ်မှာ တစ်ညပဲ အိပ်လိုက်ရပါတယ် ... နောက်နေ့ မနက်အစောကြီးဖေဖေနဲ့မေမေပေါက်ချလာပြီး ဏီဏီကိုပြန်လာခေါ်တာပေါ့ ... သူတို့ရောက်လာတာ စောလွန်းလို့ ဏီဏီကအိပ်ရာကတောင် မနိုးသေးဘူး ... အဲဒါနဲ့ ရယ်ရတယ်သိလား ... အန်တီမေစီက ဏီဏီမနိုးသေးဘူး ကလေးကညက အိပ်မရလို့ထင်ပါရဲ့ ခုမှ အိပ်မောတွေကျနေတယ် ... ကလေးနိုးမှပြန်ခေါ်ဆိုပြီး ဏီဏီနိုးလာတဲ့အထိ ၁ နာရီလောက်ကြာအောင်စောင့်ပြီးမှခေါ်ရတာ သိလား ... အဲဒီ ၁ နာရီအတွင်းမှာလည်း အန်တီမေစီက ဖေဖေနဲ့မေမေကို ဆူလိုက်သေးတယ် ... "

"ဏီဇကအိပ်နေတယ်ဆို ဘယ်လိုလုပ်ကြားတာလဲ ... "

"ဘယ် ... သူတို့ရောက်လာကတည်းက ဏီဏီ့အခန်းထဲကို ဝင်လာတယ် မမြင်ရတာကြာလို့ သူ့သားလေး အိပ်နေတာပဲဖြစ်ပါစေ ကြည့်ချင်လွန်းလို့ပါတဲ့ ... "

"ပိုနေလိုက်တာ ... "

"မပိုဘူး ရွှေပေရဲ့ ဏီဏီပြောတာတကယ် မေမေကလေ ဏီဏီရဲ့နဖူးပေါ်က ဆံပင်လေးတွေကို သပ်တင်ပေးရင်း ဏီဏီနဖူးလေးကို တစ်ချက်တောင် နမ်းလိုက်သေးတယ် ပြီးတော့ တစ်ညလုံးအိပ်ထားလို့ စောင်တွေက ဏီဏီကျော အောက်မှာ ခိုးလိုးခုလု ဖြစ်နေတာကိုတောင် မေမေက ပြင်ပြီးခြုံပေးလိုက်သေးတယ် ... တစ်နည်းအားဖြင့် 'မနိုး' နိုးအောင်နှိုးတဲ့ သဘောမျိုးလည်းဖြစ်မှာပေါ့လေ ဒီမှာတင် အန်တီမေစီက ဖေဖေနဲ့မေမေကိုဆူတော့တာပေါ့ ... အန်တီမေစီက ဏီဏီ့ကိုဆို အရမ်းချစ်တာ သူ့မှာသားသမီး မရှိလို့ ဏီဏီ့ကိုလိုချင်လို့ ဖေဖေတို့မေမေတို့ဆီကတောင်း ယူတာ သူတို့ကမပေးဘူးလေ ... နင်တို့နောက်တစ်ခါ ကလေးကို အဲလိုနှင်ချမယ်ဆိုရင်တော့ နောင်ဘယ်တော့မှ ငါ့ဆီကပြန်မတောင်းကြနဲ့တော့ ... ဘယ်နှယ့်တော် ကိုယ်နဲ့ မတန်မရာ ဒီလောက်အဖိုးတန်တဲ့ သားလေးတစ်ယောက် ကိုတောင်မှ ထိုက်ထိုက်တန်တန် မမွေးနိုင်ဘူးဆိုတာတော့ အံ့ပါရဲ့ ... နင်တို့မမွေးနိုင်ရင်ငါ့ကိုပေး ငါမွေးမယ်လို့





အစောကြီးကတည်းက ပြောထားသားပဲဟာ ... ခုကလေး ကဆိုးနေတာလည်း နင်တို့ အထိန်းအသိမ်းမတတ်လို့ ဖြစ်ရတာ ကလေးဆိုတာ ချော့ချော့မော့မော့လေးနဲ့ပြော ရင် မရမရှိပါဘူးဟယ် ... ခုတော့ ကလေးနဲ့ မတန်တဲ့စကား တွေနဲ့ 'ဆင်းသွား'တို့ နောက်မလာနဲ့တော့လို့ ပြောတာ တွေဟာ နင်တို့နှစ်ယောက်ရဲ့အလွန်တွေပဲမောင်လွင် ... တကယ်ဆိုရင် မင်းကအဖေမို့ ဒေါသကြီးတယ်ဆိုရင်လည်း 'ဆွေဆွေ'က ကြည့်ထိန်းပေးပေါ့ ခုဟာက 'အပ်'နဲ့ ထွင်းရ မယ့်နေရာမှာ 'ပုဆိန်'နဲ့ပေါက်ရသလိုဖြစ်တာပေါ့။ တကယ် တော့ ဒီလိုအဖိုးတန်သားလေးမျိုးကိုတန်ဖိုးမထားတတ် တာက ညည်းတို့ရဲ့အပြစ်ပဲ သိလားလို့ အန်တီမေစီက သူတို့ နှစ်ယောက်ကိုဆူနေတာ ကြားရတော့လေ ဏီဏီအူထဲ အသည်းထဲက ပျော်လိုက်တာမှ အရမ်းပါပဲ ရွှေပေရာ အဲဒီနှစ်ယောက်ကို အန်တီမေစီလို နိုင်တဲ့လူမျိုးရှိဦးမှလေ... ဒါနဲ့ပဲအိမ်ကို ဏီဏီပြန်ရောက်လာတာပေါ့ ... အဲဒီနေ့က ဖေဖေရောမေမေရော အပိုးကိုကျိုးနေတာပဲ ... ဖေဖေက

မေမေ မသိအောင် ငွေငါးသောင်းပေးထားတာ ဘာဟုတ်ဦးမလဲ၊ ညကျတော့ မေမေက ကိုကိုအခန်းထဲမှာ အကြာကြီးကိုနေတာ ကိုကိုအခန်းကိုလည်း ရှင်းပေးထားတာ ပြောင်နေတာပဲ ... ပြီးတော့ ... ကိုကိုသုံးဖို့ဆိုပြီး ငွေငါးသောင်းထပ်ပေးပြန်ရောဗျာ ... ဒါပေမဲ့ ပိုက်ဆံပေးပြီး ကိုကို့ဆီက စကားတစ်ခွန်းတော့ 'အစ်'သွားသေးတယ် ... ရွှေပေ ... ကိုကို့ကိုစိတ်မဆိုးနဲ့နော် သားမှာချစ်သူရှိလားတဲ့ ... အဲဒီတော့ ကိုကိုက ဘာပြန်ပြောရမှန်းမသိတော့ဘူး၊ ဒီနေရာမှာရွှေပေသာ ကိုကို့ဘက်မှာရှိနေတယ်ဆိုရင်တော့ အပီပဲတစ်ခါတည်းကိုပြောထည့်လိုက်မှာ ... ဟုတ်ပါတယ် မေမေ၊ မေမေတို့က သားအတွက်စိတ်ချရအောင် ကြောင်းလမ်းပေးတော့မလို့လားလို့ဟင်လို့မေးလိုက်ရကောင်းမလားလို့... နောက်တော့မှ ပြန်စဉ်းစားမိတာ ရွှေပေ့မိဘတွေကို ထည့်မပြောနဲ့ဦး ရွှေပေကိုယ်တိုင် ကိုကိုကိုလက်မခံဘဲ နှင်လွှတ်လိုက်မှာကြောက်လို့လေ ... ရွှေပေ ကိုကို့ကို အဲလိုဆို လက်ခံမှာလားဟင် ... ”





“တိတ်စမ်း ... အခုမှ ငယ်ငယ်လေးတွေရှိသေးတာ ဒီစကားတွေလာပြောနေတာ ရှက်ဖို့အရမ်းကောင်းတာပဲ ... ရွှေပေ့ဖေဖေနဲ့မေမေကို မပြောနဲ့ ရွှေပေကိုယ်တိုင်လည်း လက်ခံလိမ့်မယ်မထင်နဲ့ ကိုဇ ... ”

“ဘာဖြစ်လို့လဲ ရွှေပေရာ ကိုကို့ကိုမသနားဘူးလား ... ”

“ဘယ်သနားလို့ဖြစ်ပါ့မလဲ ကိုဇကိုသနားဖို့ထက် ကိုယ့်ကိုယ်ကိုယ်ပိုသနားရဦးမယ်လေ ... ”

“ဘာလဲ ကိုကိုက အရမ်းကြောက်စရာကောင်းနေလို့လား”

“ဟုတ်တယ် အဲဒါလည်းအဓိကအချက်ထဲမှာပါတာပဲ ကိုဇကို ရွှေပေသံယောဇဉ်ရှိတာတော့အမှန်ပဲ ဒါပေမဲ့ ကိုဇကို ရွှေပေ မယုံဘူး ... ”

“ရွှေပေ့အပေါ်မှာ ကိုကိုဘာတွေများ မဟုတ်တာလုပ်မိလို့လဲ ရွှေပေရယ် ... ”

“ရွှေပေ့အပေါ်မဟုတ်တာလုပ်လို့တော့ မဟုတ်ဘူးပေါ့ ဒါပေမဲ့ ကိုဇစိတ်တွေက သိပ်ကြောက်ဖို့ကောင်းတာလေ ပြောမရဆိုမရနဲ့ အမြဲတမ်း တစွတ်ထိုးတွေရှိနေတော့ ဒီလို

လူမျိုးကို အရှည်သဖြင့်ဆက်ပြီးလက်တွဲသွားဖို့ 'ရွှေပေ' စဉ်းစားရတယ် ဏီဇ"

"ဏီဏီ့ဘက်ကဘာမှမလုပ်ခဲ့ဘူးဆိုရင်တော့ 'ရွှေပေ' ဏီဏီ့ကိုပစ်မသွားဘူးမို့လား ..."

"အင်းပေါ့ ..."

"ဒါဆိုရတယ် စိတ်ချ တစ်ခုတော့ရှိတယ် ဏီဏီ့ကိုပစ်ပယ်ချင်တာနဲ့ အပြစ်ရှာပြီး ဖြတ်တောက်ပစ်လိုက်လို့ကတော့ အသိပဲနော် ..."

"ရွှေပေကကြောက်ဦးမှကို သွားကြပါစို့ ဏီဇရယ် တစ်နေ့တစ်နေ့စကားပြောရတာ အရှည်မရအဖတ်မရနဲ့ပဲ ပြီးပြီးနေရတာ ..."

"ဒီပိုက်ဆံတွေ ရွှေပေယူထားလိုက်ဦးလေ ..."

"ဘာလို့ယူထားရမှာလဲ ..."

"သိမ်းထားပေးဖို့ပြောတာပါ ... ဏီဏီ့လက်ထဲမှာဆို ဘောလုံးပွဲလောင်းရင်းနဲ့ ခဏလေးကုန်သွားမှာရွှေပေသိမ်းပေးထားနော် ..."





"ဟင့်အင်း ရွှေပေ မယူထားချင်ဘူး ... ကိုယ့်စိတ်ကိုဒီလောက်မှမနိုင်ဘူးလား ဏီဇရယ် ... အဲဒါတွေကို ရွှေပေပြောတာပေါ့ ... ဏီဇစိတ်တွေဟာ မှန်မှန်ကန်ကန် မရှိသေးပါဘူးလို့ ..."

"သိမ်းမထားချင်ရင်လည်း မထားချင်ဘူးလို့ပဲပြောပါ ရွှေပေရာ ဏီဏီ့စိတ်ကို မမှန်ဘူးလေးဘာလေးတော့ အပုပ်မချပါနဲ့ တကယ်တော့ ဏီဏီ့စိတ်ကမှ တကယ့်ကိုအမှန်အကန်သိလား သူများတွေလို မကျေနပ်တာ ကျေနပ်တာတွေကို အောင့်အီးလိမ်ကျစ်ပြီး နေတတ်တာ မဟုတ်ဘူးသိလား ... ဏီဏီက ဟော့ဟော့ဒိုင်းဒိုင်းကြီးကို တစ်ခါတည်းလုပ်ထည့်လိုက်ရမှကျေနပ်တာ အဲဒါကိုနားမလည်တဲ့လူတွေက ရိုင်းသလေးမိုက်သလေးနဲ့ ဏီဏီ့ကိုအပြစ် ..."

"တော်စမ်း ဏီဇ အဲဒါတွေကို ရွှေပေမကြိုက်လို့ ဏီဇနဲ့အရှည်လက်တွဲလို့ဖြစ်ပါ့မလားလို့ စဉ်းစားနေတာ တစ်ခါလာလည်း ဒီ'မိုက်'ဖို့ ရိုင်းဖို့ ... ထိုးဖို့ကြိတ်ဖို့ကြီးပဲ စဉ်းစားနေ ဏီဇရဲ့ အဲဒီစိတ်ဓာတ်တွေကို 'ရွှေပေ'အရမ်းမုန်းတယ်

အရမ်းအထင်သေးတယ်ဆိုတာ ဏီဇ ကောင်းကောင်းမှတ်ထားလိုက်ပါ ... ”

“ရက်စက်လိုက်တာ ‘ရွှေပေ’ ရယ် ဒါပေ့ါလေ ရေနစ်သူကို ဝါးကူလို့ ထိုးဆိုသလိုပေ့ါ ဏီဏီဘဝက ရဲစခန်းအထိရောက်အောင်မိုက်ကန်းခဲ့ပြီဆိုတော့ ‘ရွှေပေ’ ဒီစကားတွေနဲ့ ဏီဏီကို အထင်တသေးနဲ့ ထိုးနှက်လိုက်တာပေ့ါနော် ... ”

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ဒီကားအမျိုးအစားနှင့် အရောင်ကိုမြင်လျှင် ဏီဇအမြဲတမ်း ကြည့်မိပါသည်။

ကျောင်းမှာကလွဲလျှင် သည်ကားကို အပြင်မှာတွေ့ဖို့ရာ အတော်ခဲယဉ်းလှပါသည်။

ခုတော့ ခရီးဝေးကြီးမှာမှ ဒီကိုရိုလာမတ်(ခ)တူးကားအညိုရောင်ခပ်ဖျော့ဖျော့ကြီးကို မြင်လိုက်သည်မို့ ဏီဇရွှေပေလွှာကိုသတိတရနှင့် စဉ်းစားမိလိုက်သည်။

ရွှေပေလွှာ စီးသောကားက ဒီအညိုရောင် မတ်(ခ်)တူးကားမျိုးလေ။ တစ်ကိုယ်လုံးလန့်ဖြန့်တုန်လှုပ်သွားသည်နှင့်အတူ အနားတွင်ရှိသော သက်ငြိမ်နှင့် ရန်ပြေတို့ကိုပါ ပြလိုက်ရပါသည်။

"ဟာ ... ဟိုမှာ ရွှေပေ့ကားကြီးမို့လား ... ငါမထင်မိဘူးကွာ သူ့ကားဖြစ်လိမ့်မယ်လို့ လုံးဝကိုမထင်မိတာပါ ... နံပါတ်ကိုသေသေချာချာကြည့်လိုက်တော့မှ ရွှေပေ့ကားနံပါတ်ဖြစ်နေတာ ..."

"တခြားသူကိုရောင်းလိုက်တာကော မဖြစ်နိုင်ဘူးလား ဏီဇ ..."

"မဖြစ်နိုင်ပါဘူးကွာ တစ်နေ့ကငါနဲ့အတူ ရန်ကုန်မှာရှိတုန်းက ရွှေပေဒီကားကိုပဲစီးလာတာ ရောင်းလိုက်တယ်ဆိုရင်လည်း ငါ့ကိုအသိပေးမှာပေါ့ မဟုတ်ဘူးလား ... ခဏလောက်စောင့်ကြည့်ရအောင်ကွာ "

"ဟ ကားကြီးက ပျက်နေတာထင်ပါရဲ့ ရွှေပေပါလာ်ရင်တော့ ဒုက္ခပါပဲ ..."

"ကားပျက်ရုံလေးနဲ့တော့ ဒုက္ခမရောက်ပါဘူး ဏီဇရာ တစ်ခု





တော့ရှိတယ် ... ရွှေပေ့ကိုတစ်ယောက်တည်း ကားမောင်းလာတုန်း အနုကြမ်းစီးပြီးခေါ်လာတာလားမှမသိတာနော်"

"ဟော့ကောင် ရန်ပြေ ... မင်းတော့ နှာချင်ပြီထင်တယ်"

"ဟိုမှာ ကြည့်စမ်း ဏီဇ စားသောက်ဆိုင်ထဲကထွက်လာတာ ရွှေပေလွှာ့အဖေကြီးမို့လား ..."

"ဟုတ်တယ် ... ဟုတ်တယ် ... ရွှေပေ့အဖေကြီးသူ့ကားတစ်ခုခုဖြစ်နေလို့ပဲဖြစ်မှာ ... တို့သွားမေးကြည့်လိုက်ရင်ကောင်းမယ်"

ပြောပြောဆိုဆို ဏီဇတစ်ယောက်ကားနားတွင်ရပ်နေသော ရွှေပေလွှာ့အဖေဆီ ဦးတည်ပြီးသွားနေပါတော့သည်။

ဏီဇ၏နောက်မှ ရန်ပြေနှင့်သက်ငြိမ်တို့က လိုက်လာခဲ့ကြပါသည်။

"ကားဘာဖြစ်လို့လဲ အန်ကယ် ..."

ဏီဇထံမှ မမျှော်လင့်ဘဲကြားလိုက်ရသောအသံကြောင့် ဦးသီဟကြောင်တောင်တောင်ကြီး ဖြစ်သွားပါသည်။ နောက်မှသူ့ကိုအကူအညီပေးမည့် လူငယ်လေးတွေမှန်းလည်းသိ

ရော ရွှေပေလွှာအဖေ၏မျက်နှာက ဝင်းလက်ဖျော်ရွှင်လို့သွားပါသည်။

"အန်ကယ်ကားပျက်သွားလို့ကွာ ... ဒီအနီးအနားမှာရှိတဲ့ သူတွေထဲက ပြင်တတ်တဲ့လူကိုမေးတော့လည်း ဘယ်သူမှ မပြင်တတ်ကြဘူးတဲ့ သားတို့နဲ့တွေ့ရတာ အန်ကယ့်အရမ်းကို အားတက်သွားမိတယ်ကွာ ..."

"တက်ရမယ် အန်ကယ် ... တက်ရမယ် ... ဒီကောင်က ကားကိုင်တဲ့နေရာမှာ အရမ်းကျွမ်းတယ် အန်ကယ်စိတ်ချမ်းသာစေရမယ် ..."

"ကျွန်တော် နည်းနည်းကြည့်မယ်နော် အန်ကယ် ..."

"ကြည့်ပါကွယ် ..."

ဏီဇက ကားစက်ခေါင်းကိုဖွင့်ပြီး အကုန်လုံး စစ်ဆေးကြည့်ရှုလိုက်ပါသည်။

"မင်းကိုကြည့်ရတာ ကားကိုတော်တော်ကျွမ်းမဲ့ပုံပဲ"

ဏီဇတစ်ယောက် ဦးသီဟ၏ ချီးမွမ်းစကားကိုဟန် မဆောင်နေတော့ပါ မိမိကိုယ်တိုင်လည်း ကားနှင့်ပတ်သက်၍





တော်တော်ကျွမ်းကျင်နားလည်ထားသည်မို့ အမှန်အတိုင်းပင် ဝန်ခံလိုက်ပါသည်။

"ဟုတ်ကဲ့ပါ အန်ကယ် ..."

ဒီလူလေးကိုကြည့်ပြီး သူ၏ကားစက်ပြန်ကောင်းသွားမည်ဆိုတာကို ဦးသီဟကယုံကြည်ထားသည်မို့ ရန်ပြေတို့ သက်ငြိမ်တို့နှင့် စကားတွေပင်ပြောလိုက်ပါသေးသည်။

"စက်နှိုးကြည့်လိုက်ပါ အန်ကယ် ..."

ဦးသီဟက စက်ကိုနှိုးလိုက်သည်နှင့်တစ်ချီတည်း တန်းကိုနိုးသွားတော့ပါသည်။

"ကျေးဇူးတင်လိုက်တာငါ့တူရယ် မင်းတို့သာရောက်မလာရင်တော့ အန်ကယ်ဖြင့် ဒီကားကြီးနဲ့ ဘယ်လိုပြန်လို့ ပြန်ရမှန်းတောင် မသိတော့ပါဘူး ..."

"အန်ကယ်က ရန်ကုန်ကလား ..."

"ဟုတ်တယ်ကွ မနေ့ကမှ ဒီကိုအလည်ရောက်လာတာလေ ..."

"အန်ကယ်တစ်ယောက်တည်းလား ..."

"မိသားစုလည်းပါတယ် ... မိသားစုဆိုလို့ များများစားစားတော့မဟုတ်ပါဘူး ... အန်ကယ့်ဇနီးနဲ့ သမီးပဲပါတာလေ"

"ဒါဆိုအန်ကယ် ဘယ်မှာတည်းလဲ ... "

"နန်းမြိုင်ဟိုတယ်မှာလေ မင်းတို့အားရင်လည်းလာလည်ပါကွာ အန်ကယ့်နာမည်ကို ဦးသီဟလို့ မေးရင်ရပါတယ် ... ငါ့တူကကော ... "

"ကျွန်တော်က လွင်မောင် ... "

"သူက ရန့်အောင်၊ သူက ကိုသက် ... "

ဇာဇာတစ်ယောက် ဘာတွေဖြစ်ကုန်ပြီလဲဆိုသည့်အကြည့်နှင့် ရန်ပြေရောသက်ငြိမ်ပါ အံ့အားသင့်နေကြပါသည်။ သို့ပေမဲ့ ရန်ပြေနှင့်သက်ငြိမ်တို့နှစ်ယောက်ဟာ ဇာဇာလုပ်တာမှန်သမျှကို ဘယ်တော့မှ ဖျက်လိုဖျက်ဆီးလုပ်တတ်သူတွေမဟုတ်တော့ ငြိမ်သက်၍သာ နေကြပါသည်။

"ကောင်းပါပြီကွာ အန်ကယ်က သတိမေ့တတ်တော့ နှစ်ကြိမ်သုံးကြိမ်လောက်ပြောမှ မှတ်မိမှာမို့ သတိမရရင်တော့ နည်းနည်းပြန်ထောက်ပေးကြနော် ... ငါ့တူတို့ကို အန်ကယ်





ကျေးဇူးပြုချင်လို့ ဒီနေ့တော့ အချိန်မရှိဘူးပေါ့ကွာ မနက်ဖြန်ကြရင် ဘယ်လိုလဲ ဖြစ်တယ်မို့လား ... "

"ရပါတယ် အန်ကယ် ကိစ္စမရှိပါဘူး ... "

"ဟာ မဟုတ်တာပဲ အန်ကယ်က ငါ့တူတို့ကို မြင်မြင်ချင်းကိုယ့်တူသားလိုချစ်ခင်သွားလို့ပါ ... ပြီးတော့ အန်ကယ်ကိုယ်တိုင် မင်းတို့လိုကလေးတွေနဲ့နေရတာကိုမှ ပိုပြီးပျော်တာကွ ... "

ဦးသီဟဘာတွေပဲပြောပြော ဇာဇာတစ်ယောက်ကတော့ ရွှေပေလွှာနှင့် သူဘယ်ပုံဘယ်နည်းတွေ့နိုင်မည်ကိုသာ စဉ်းစားနေမိပါတော့သည်။ ရွှေပေလွှာကိုလည်း သူကျိတ်၍အပြစ်တင်နေမိပါသည်။

တကယ်ဆို ... ရွှေပေလွှာဟာ သူပြင်ဦးလွင်ကို အလည်သွားမည်ဆိုသည့်အကြောင်းကို ဘာလို့များ သူ့အား ဖွင့်မပြောရတာပါလိမ့်။ ဒါကြောင့် ဇာဇာတစ်ယောက် ရွှေပေလွှာကို ဖုန်းဆက်တာ ဘယ်လိုမှကို ဆက်မရတာဖြစ်နေတာကိုး၊ သူသိပါသည်။ ရွှေပေဟာ သူ့ကိုလိုက်မလာစေချင်လို့ တမင်သက်သက်

အကြောင်းမကြားဘဲ ထားခဲ့ခြင်းဖြစ်မှာပါ။ ဘယ်ရမလဲ ရွှေပေရဲ့ ဇာတိလည်း ရွှေပေနဲ့ မြို့တစ်ခုတည်းမှာ အတူရှိနေပြီဆိုတာ သိထားစမ်းပါ။

"ဟော့ ... ငါ့တူ ... ဘယ်သူ ... "

"လွင်မောင်ပါ အန်ကယ် ... "

"အေး ... အေး ငေးလှချည်လား မောင်လွင်မောင်ရယ် အန်ကယ်က မင်းကို ကျေးဇူးတင်စကားပြောမယ်ကြံတိုင်း မင်းက ငေးငေးငိုင်ငိုင်ကြီးလုပ်နေတော့ ... ပြောရမယ့် အန်ကယ့်မှာတောင် ရှက်သလိုလိုကြီး ဖြစ်လာတာ ဟား ဟား ... ဟား ... "

"ရပါတယ်အန်ကယ် ... ခုနတုန်းကလည်း အန်ကယ် ကျွန်တော့်ကို ကျေးဇူးတင်စကားပြောပြီးသားပဲ ... "

"ဟုတ်လား ... သိပါဘူးကွာ ... အန်ကယ်က မပြောရသေးဘူးလားလို့ပါ ... "

"ပြောမနေနဲ့တော့ အန်ကယ် ... ဒီကောင်က စိတ်နဲ့ကိုယ်နဲ့ကပ်တာမဟုတ်ဘူး ... အန်ကယ်ပြောလည်း သူကကြား





ချင်မှကြားမှာ ... "

"အေး ... ဟုတ်မယ် ... မောင်ဘယ် ... သူ ... အဲ ... "

"ရန်အောင် ... လေ အန်ကယ် ... "

"အေးဟုတ်ပြီ နှစ်ခါဆိုရင်တော့ အန်ကယ်မှတ်မိပါပြီ မင်းနာမည်ကပိုပြီးမှတ်လို့လွယ်တယ် မင်းသားရန်အောင်ကို မှတ်ထားလိုက်ရင်ပြီးတာပဲ ... "

"ဟုတ်ပါတယ် အန်ကယ်၊ ဒီကောင့်နာမည်က ကိုသက်ပါ"

"ရပြီ နာမည်ကို နှစ်ခေါက်လောက်ကြားရပြီဆိုရင် အန်ကယ် မှတ်မိပြီ ... "

"မင်းက လွင်မောင် ဒီကသားနာမည်က ရန်အောင် ဒီဘက်က သား့နာမည်က ကိုသက်ဟုတ်ပြီ အန်ကယ် မှတ်မိသွားပြီ ... "

ဦးသီဟက သူတို့နာမည်တွေကို မှတ်မိအောင် ရေရွတ်နေတာတော့ ဟုတ်ပါသည်။ ဒါပေမဲ့ ဇာတိမကျေနပ်တာတော့ရှိပါသည်။ ဒါကတော့ ရန်ပြေနှင့် သက်ငြိမ်တို့နှစ်ယောက်ကိုတော့ 'သား' ဟုခေါ်သွားပြီး သူ့ကျတော့ မင်းဆိုပြီး သုံးသွားတာကို

တော့ သူ့လုံးဝမကျေနပ်နိုင်ပါ။ အန်ကယ် ဦးသီဟကြီးမှားနေပြီ ခင်ဗျားတကယ်ဆို အန်ကယ်'သား'လို့ခေါ်ရမယ့်သူက ကျွန်တော် မောင်ဏီဇဆိုတဲ့ကောင်ကိုပါခင်ဗျာလို့ ပြောကိုပြောထည့်လိုက်ချင်တာ။ ခုနေမှာတော့ ဦးသီဟတစ်ယောက် သူတို့တစ်တွေဟာ ဏီဇ၊ ရန်ပြေနှင့် သက်ငြိမ်တို့ဆိုတာကို လုံးဝမသိထားရင်ကောင်းမှာမို့ တမင်တကာ နာမည်ဝှက်တွေပေးပြီး မိတ်ဆက်ထားရတာလေ ဒါတောင် ဒီကောင်တွေက သူတို့နာမည်ကို ဏီဇ ဘာကြောင့် ပြောင်းလိုက်တာတို့ ဘာနာမည်တွေပေးလိုက်မှန်းမသိတာတို့ ဖြစ်ကုန်မှာစိုးလို့ သူကိုယ်တိုင်သူတို့နာမည်တွေကို တစ်ခါထပ်ရွတ် ပြရတာလေ။

"မင်းက အန်ကယ်ရဲ့ကျေးဇူးရှင်လည်းဖြစ်တယ်၊ ပြီးတော့ မင်းနာမည်ဟာ အန်ကယ့်သူငယ်ချင်းနာမည်ရဲ့ 'အလှန်' လည်းဖြစ်နေတော့ ပိုပြီး မှတ်မိနေတာကွ ... "

ဦးသီဟတစ်ယောက်ဟာ ခုလည်း ဏီဇကို 'မင်းက' 'မင်းက'နဲ့ 'တမင်း'ထဲမင်းနေတာကို ဏီဇမကြိုက်နိုင်တော့ပါ။ ဘယ်နှယ့်ဗျာ ကိုယ်နဲ့ပတ်သက်မှုလုံးဝမရှိနိုင်တဲ့ ဒီကောင် ရုပ်ဆိုးနှစ်





ယောက်ကိုတော့ 'သား'တဲ့ သူလိုလှလှပပနဲ့ ကြွားကြွားရွားရွားရှိတဲ့ ကောင်ကိုတော့ 'မင်း'တဲ့ တကယ်စိတ်နာဖို့ကောင်းနေပြီ ... ။

"ဟော့ ... မောင်လွင်မောင် ငေးလှချည်လား ... "

"ဒါက ကျွန်တော့်အကျင့်ပါ အန်ကယ် ... "

"တွေ့လား ... မင်းနာမည်ကို အန်ကယ်ကကောင်းကောင်း မှတ်မိတာ ဘာကြောင့်လဲ သိလား ... "

"မသိဘူး အန်ကယ် ... "

"အေး အန်ကယ် ကျောင်းသားဘဝတုန်းက သူငယ်ချင်း တစ်ယောက်ရှိတယ်ကွ ... သူ့နာမည်က မောင်မောင်လွင် တဲ့ မင်းနဲ့လည်းရုပ်ချင်းကအတော့်ကို ဆင်တာကွ ... ဒါကြောင့် နာမည်တူလူတူမရှားဆိုတဲ့ စကားက တကယ်ကို မှန်တာပါလားကွာ ... ဒါပေမဲ့ အန်ကယ့်မိတ်ဆွေ မောင် မောင်လွင်က မင်းလိုအသားမညိုဘူး ... ဖြူဖြူချောချော မင်းကတော့ ညိုညိုချောချောပေါ့ကွာ ... ရုပ်ချင်းကတော့ အတော့်ကိုဆင်တာ မင်းကိုစမြင်တုန်းကတောင် အန်ကယ် ဒီရုပ်မျိုးမြင်ဖူးပါတယ်လို့ စဉ်းစားနေတာကွ မင်းအဖေ

နာမည်ကဘယ်လိုခေါ်လည် ... ”

“ဦးဘိုးဆင်ပါ အန်ကယ် ... ”

“ဟာ နာမည်ကတယ်မိုက်ပါလား ... အသက်ကကော ဘယ်လောက်ရှိပြီလဲ ... ”

“အသက်ကတော့ ... အန်ကယ်တို့လောက်ပဲ ရှိမှာပါ လေးဆယ့်ငါးနှစ်လောက်တော့ရှိမယ်ထင်တာပဲ ... ”

“ကောင်းတယ်ကွာ ... ဒီအသက်အရွယ်နဲ့ ဟိုးလွန်ခဲ့တဲ့ အန်ကယ်တို့ အဘိုးအဘွားတွေလက်ထက်က နာမည်တွေပဲ မှည့်ထားတာ အရမ်းကောင်းတယ်ကွာ ... အန်ကယ်တို့သာ ခေတ်ရေစီးကြောင်းကိုလိုက်ပြီး နာမည်တွေပြောင်းခဲ့ကြ ပေမဲ့ မင်းအဖေကတော့ ရှေးမြန်မာကြီးတွေရဲ့နာမည်ကို ထိန်းသိမ်းပေးထားတာ အရမ်းကျေးဇူးတင် ဂုဏ်ယူဖို့ ကောင်းတယ်ကွာ ... ”

သူ့အကြောင်းနဲ့သူ သူ့ဇာတ်ကိုနိုင်အောင်ခင်းနေသော ဆောဂျီဇတစ်ယောက် ဦးသီဟ၏အထိုးအနှက်ကို လှလှပပကြီးခံနေရသည်မို့ ရန်ပြေနှင့်သက်ငြိမ်တို့နှစ်ယောက် အူတက်မတတ်





ရယ်ချင်နေပါသည်။

“ကဲ ဒါဆို ဒီလိုလုပ်ပါလားကွာ အန်ကယ်မင်းတို့ကို တစ်ခုခု ကျွေးချင်လို့မနက်ဖြန်ချိန်းလိုက်ကြရအောင် ... ”

“ကောင်းတာပေ့ါအန်ကယ်ရာ ဒီလိုလုပ်လေ အန်ကယ် မလာနဲ့တော့ ကျွန်တော်တို့လာခေါ်မယ် ... ”

“ဟာ ... နိုးနိုး ... အဲလိုတော့ မလုပ်နဲ့ကွာ မင်းတို့ဟာမင်း တို့သွား အန်ကယ်လည်း အန်ကယ့်ဟာ အန်ကယ်လာခဲ့ မယ်၊ နေ့လယ် ၁၂ နာရီလောက်ကိုချိန်းလိုက်ရင် မကောင်း ဘူးလား ... ”

“ကောင်းပါတယ်အန်ကယ် ကျွန်တော်တို့လာခေါ်ရင်လည်း ပြီးသားနဲ့ အန်ကယ်ရယ် ဒုက္ခရှာလို့ ... ”

“မင်းတို့စေတနာကိုတော့ အန်ကယ်နားလည်ပါတယ်ကွာ ဒါပေမဲ့ အန်ကယ်က မင်းတို့လို လူပျိုလူလွတ်မဟုတ်တော့ ဘာဟီရအလုပ်တွေက ရှိသေးတယ်လေ ... သားမယား အလုပ်ဆိုတာ တယ်သေးတာမဟုတ်ဘူးကွ ... မိန်းမက ဘယ်ပို့ပေးပါဦးဆိုတာကတစ်မျိုး ဘာစားချင်လို့ဆိုတာက

တစ်မျိုးနဲ့ အလုပ်ကိုရှုပ်နေတာပဲ အန်ကယ်ကိုယ်တိုင်က ဝင့်ကြီးတယ်လို့ ဆိုရမလားပဲ ... သူများတွေများဆိုရင် လွှတ်လွှတ်လပ်လပ်နဲ့ အိမ်တာဝန်ဆို ဘာမှမယူဘဲ လိမ့်နိုင်တာမို့လား ... အန်ကယ်ကျတော့ သူတို့ခိုင်းတာကိုလုပ်ပြီး သူတို့ကျေနပ်မှ ထွက်ခွင့်ရတာကွ ... ”

“ဒါကတော့ မတရားလွန်းပါတယ် အန်ကယ်ရာ အန်ကယ်က သဘောကောင်းလွန်းလို့ ဖြစ်မှာပေါ့ ... ကျွန်တော့်အဖေဆို ဘယ်ဒီလိုဟုတ်မလဲ မနက်မိုးလင်းတာနဲ့ အမေက မနက်စာစားဖို့သောက်ဖို့ အဆင်သင့်လုပ်ထားပြီးပြီ ... ပြီးတော့ ရုံးကိုလည်း ထမင်းချိုင့်ထည့်ပေးပြီးပြီ အဖေက အရမ်းကိုကရိကထများတာဗျ ... ထမင်းဟင်းဆို ဘယ်သူက ဘာအကောင်းကျွေးကျွေး သူ့မိန်းမလက်ရာကို မစားရရင်မဖြစ်ဘူးလေ၊ ထမင်းစားချိန်မှာ ဒီပြင်အစားအသောက်တွေ ကျွေးလို့ကတော့ ဆောရီးပဲ ဘယ်သူ့ကိုမှ အားမနာတော့ဘူး အကုန်ငြင်းထုတ်လိုက်ပါလေရော ... အဲ ... နောက်ပြီးတော့မှ သူ့မိန်းမလက်ရာ အစုတ်ပလုတ်တွေပဲ





ဖြစ်ဖြစ် တရှိုက်မက်မက်ကိုစားတော့တာပဲ ... ”

“ဒါတော့ မင်းအဖေ ဘယ်သူ ... ”

“ဦးဘိုးဆင်ပါ အန်ကယ်”

“အေး ... မင်းအမေကို ကိုဘိုးဆင်က ချစ်လွန်းလို့ဖြစ်မှာပေါ့ကွာ ... ဟား ... ဟား ... ဟား

ဦးသီဟတစ်ယောက် သူ၏စကားကို လူငယ်လေးတွေသဘောကျသွားပြီဟုထင်ကာ သူကပါ ဝိုင်းရယ်ပေးလိုက်ပါသေးသည်။ တကယ်တော့ ရန်ပြေနှင့်သက်ငြိမ်တို့ ရယ်လိုက်ခြင်းမှာ အီဇတစ်ယောက်ဘယ်လိုက ဘယ်လို အတွေးတွေပေါက်သွားသည်မသိ သူ့အဖေ ဦးမောင်မောင်လွင်တစ်ယောက် ဦးဘိုးဆင်ဘဝကိုရောက်ရှိသွားခြင်းကိုပဲလေ။

“ကဲ ... အန်ကယ်တို့ ဒီကနေပဲလမ်းခွဲကြရအောင် ... ”

“အန်ကယ့်ကိုကျွန်တော် စိတ်မချဘူး ... တော်ကြာ ကားကထပ်ပျက်နေရင် ဒုက္ခရောက်နေဦးမယ် ... အန်ကယ်ရှေ့ကသွားနှင့် ... ကျွန်တော်တို့ နောက်ကနေ အန်ကယ်တည်းတဲ့ ဟိုတယ်အထိ လိုက်ခဲ့ပေးမယ် ... ”

"ဖွ ... ဟဲ့လွဲစေပယ်စေ ... ကားက ခဏခဏတော့ မပျက်တော့ပါဘူးကွာ ... မင်းတို့ဟာမင်းတို့စိတ်ချလက်ချသာ ပြန်ပါ ... အန်ကယ် မကြောက်ပါဘူး ... "

ဦးသီဟတစ်ယောက် သူ၏ကားကို နန်းမြိုင်ဟိုတယ်ဆီသို့ ဦးတည်မောင်းနှင်နေပါသည်။

ကားနောက်မှန်ကနေ ကြည့်လိုက်တော့ ဒီကောင်လေးတွေက ထပ်ချပ်မကွာ လိုက်ပါနေသည်မို့ သိပ်တော့ မကျေနပ်ပါ။

ဒီကောင်တွေ ဘာလို့များ နောက်ကနေ လိုက်နေရတာပါလိမ့်။ ဒေါသတောင် ထွက်လာမိပါသည်။ ဒါပေမဲ့ ကျေးဇူးရှင်တွေဖြစ်နေလို့ ကိုယ့်ရဲ့ ဒေါသစိတ်ကို ကိုယ်ပြန်ထိန်းလိုက်ရပါသည်။

"ဟေ့ကောင်ဇာီဇ ... မင်းက ဘာဖြစ်လို့ မင်းအဖေနာမည်ကို ဦးဘိုးဆင်လို့ ပြောလိုက်ရတာလဲ ... ပြီးတော့ မင်းနာမည်ကိုကော ငါတို့ရဲ့နာမည်ကိုပါ ... ဘာလို့ပြောင်းပစ်လိုက်ရတာလဲကွာ ... "

"မင်းတို့ မသိပါဘူးကွာ ... တို့နာမည်တွေ အမှန်အကန်ပြောလိုက်ရင် ဘယ်ဖြစ်မလဲကွ ... ပြီးတော့ ... ဇာီဇဆိုတဲ့ကောင်ဟာ သူ့သမီးနဲ့ မရှင်းမရှင်း ဖြစ်ထားတာကိုလည်း သူသိမှာပေါ့ ... မနေ့တစ်နေ့ကပဲ သူ့သမီးရွှေပေလွှာကိစ္စနဲ့ ပတ်သက်ပြီး ရန်ဖြစ်လို့ဆိုပြီး ရဲစခန်းက သူ့ကိုပါလှမ်းခေါ်ထားတာမို့လား ... အဲဒီမှာတင် ဇာီဇဆိုတဲ့ နာမည်ကြီးကို သူကြားဖူးနေမှာပေါ့ကွ ... "

"အေး ... ဒါလည်း ဟုတ်သားပဲ ... "

"ဒါကြောင့် ... ငါ့အဖေ နာမည်ကအစ ငါ့နာမည်ရော မင်းတို့နာမည်ပါ တစ်ခါတည်းပြောင်းပစ်လိုက်တာလေ ... "

"မင်းဟာလေ မဟုတ်တာလုပ်ဖို့ဆိုရင် တော်တော့ကို ဉာဏ်ပြေးတယ် ... "

ရှေ့မှ ဦးသီဟ၏ကားက ဆိုင်တစ်ဆိုင်ရှေ့တွင် ရပ်သွားပါသည်။

သူတို့၏ကားကလည်း နောက်မှ ရပ်လိုက်ပါသည်။

တော်တော်ရှုပ်တဲ့ကောင်တွေ သူတို့ကားကို ကျော်ဘက်သွားစေချင်လို့ ဆိုင်ထဲကို အကြောင်းမရှိဘဲ တစ်ခုခုဝင်ဝယ်

လိုက်မယ်လို့ စဉ်းစားပြီး ရပ်လိုက်ခါမှ သူတို့ကပါ လိုက်၍ရပ်လိုက်ကြသည်လေ။

ဆိုင်ထဲသို့ ဝင်သွားသော ဦးသီဟကြီးတစ်ယောက် ခဏအကြာမှာ ပြန်ထွက်လာပါသည်။ နောက်မှာ ကောင်လေးတစ်ယောက်က ဦးသီဟဝယ်ထားသောပစ္စည်းများကို ကားဆီလိုက်၍ ပို့ပေးပါသည်။

"သားရေ ... အဲဒီထဲက သုံးပုလင်းကို ဒီကိုယူခဲ့ကွာ ... "

လာပြန်ပြီး ... ဒီ 'သား' ဆိုတဲ့ စကားကြီး ...။

'သား' ဆိုတဲ့စကားကြီးကို ဦးသီဟတစ်ယောက် ဘာလို့များ မဆိုင်တဲ့သူတွေကိုမှ သွားသွားခေါ်နေတာပါလိမ့်။

တကယ်ဆို ဦးသီဟသိထားဖို့က ကျွန်တော် 'မောင်ဇီဇီဇ'ဆိုတဲ့ ကောင်တစ်ယောက်တည်းကိုပဲ ခေါ်ရမှာဗျလို့ ပြောလိုက်ချင်ပါတော့သည်။

"မင်းတို့က အန်ကယ့်ကို စိတ်ပူနေတယ်ထင်တယ် ... ဘာမှ မပူကြပါနဲ့ကွာ ... အန်ကယ်လည်း ဟိုတယ်ရောက်တော့မှာပါ ... ဒီဆိုင်က မက်မန်းဝိုင်က ကောင်းလွန်းလို့ မင်းတို့





သုံးယောက်အတွက် ... တစ်ယောက်တစ်ပုလင်းစီ လက်ဆောင်ပေးလိုက်မယ် ... ကဲ ... ကဲ ... သွားကြတော့ ... မနက်ဖြန် ဆက်ဆက်လာခဲ့ကြနော် ... "

"လာမှာပေ့ါ အန်ကယ်ရာ ... ကျွန်တော်တို့က စားရမယ့်သူတွေပဲဟာ ... "

"အေး ... အေး ... ဘိုင့်ဘိုင် ... "

ဦးသီဟက သူတို့ကားကို ထွက်သွားစေချင်လို့ ဘိုင့်ဘိုင်ဆိုပြီးနှုတ်ဆက်ကာ မိမိကားဆီရောက်သွားပြန်တော့လည်း ဇီဇတို့ကားက မထွက်သေးပါ။

"သူယုတ်မာလေးတွေ ... ငါ့ကားမထွက်မချင်းတော့ ထွက်ကြမှာ မဟုတ်ပါဘူး ... ငါ့မှာသာ မက်မန်းဝိုင် သုံးပုလင်း အလကားနေရင်း ဆုံးသွားပြီ ... "

ဦးသီဟက ကားကို တရကြမ်းမောင်းထွက်သွားပါသည်။

အံရမ်းကောင်းပါသည်။ ဇီဇဆိုတဲ့ကောင်ကလည်း အလကားနေရင်း ကားမောင်းပြိုင်တဲ့အကျင့်က ရှိနေသည်မို့ အဆင်

သင့်လေး ဖြစ်သွားပါသည်။

ဏီဇကားလေးက ဝေါခနဲ ဦးသီဟကို ကျော်ဖြတ်တက်သွားပါသည်။

ဦးသီဟတစ်ယောက် အကျေနပ်ကြီးကျေနပ်သွားပါသည်။ တကယ်တော့ ဦးသီဟ ဒီကောင်လေးတွေ ကားကိုကျော်တက်သွားစေချင်တာ ကြာပြီလေ ... ။

သူပြန်နောက်ကျလို့ ဇနီးနှင့် သမီးက ခြံထဲတွင် ဆင်းစောင့်နေမှာ သေချာသည်။ ဟိုကောင်တွေကားက သူ့နောက်ကလိုက်ဝင်လာလို့ သမီးဖြစ်သူ ရွှေပေလွှာကိုမြင်သွားမှာ ဦးသီဟ စိုးရိမ်လှပါသည်။

သူ၏သမီး ရွှေပေလွှာဟာ နုနုနယ်နယ်လေးနှင့် အရမ်းကို ချစ်စရာကောင်းတဲ့ မိန်းကလေးပါ။ သူ့တွင် ဒီလိုသမီးမျိုး ရှိနေမှန်းသိပါလျှင် ဒီကောင်တွေ သူ့ကိုအတင်းဝိုင်းကပ်ကြ ဖားကြမှာကို သူစိုးရိမ်လှပါသည်။

လူငယ်စိတ်မကုန်သေးသော ဦးသီဟတစ်ယောက် ဒီကောင်လေးတွေနှင့် လိုက်လျောညီထွေအောင် ပေါင်းသင်းဖို့က





တော့ရပေမယ့် ... သမီးကို နောက်လားပြောင်လား လုပ်မှာတွေ သမီး ရွှေပေလွှာ့အပေါ်မှာ စိတ်ဝင်တစားရှိသွားမှာတွေကို သူ အရမ်းစိုးရိမ်ပါသည်။

တကယ်လို့ဒီကောင်တွေသာ သမီးရွှေပေလွှာ့ကို မြင်သွားလို့ကတော့ နဂိုတည်းက သူ့ကို ခင်ချင်လွန်းလို့ ခွာမရအောင်ဖြစ်နေတဲ့ကောင်တွေ သူဘယ်လိုပင်ခွာချချ ရတော့မည် မဟုတ်ပါ။

ကျေးဇူးရှင်ကို စော်ကားတာတော့ မဟုတ်ပါ။ အထူးသဖြင့် ဒီကောင်သုံးယောက်ထဲမှာ လွင်မောင်ဆိုတဲ့ကောင်လေးက ရုပ်ကလည်းဖြောင့်သလို ခြေသွက်လက်သွက်ကလည်း ရှိနိုင်သည်မို့ ဘယ်နည်းနှင့်မျှ ဒီကောင်တွေနှင့် သူ့သမီးကို ပေးတွေ့လို့က မဖြစ်နိုင်ပါ။

ဦးသီဟ ထင်ထားသလိုပင် နန်းမြိုင်ဟိုတယ်ထဲ ရောက်တော့ ဇနီးဖြစ်သူနှင့် သမီးက ခြံထဲဆင်းစောင့်နေကြပါသည်။

အခုမှပင် သမီးလေးကို ကြည့်ပြီး သူ့ရင်ထဲ ငြိမ်းချမ်း

သွားရသည်။ ဟိုကောင်တွေသာ နောက်ကလိုက်ပါလာလျှင် ရင်လေးစရာမှ တကယ့်ကို ရင်လေးစရာကြီးပါ ... ။ သမီးလေး ရွှေပေလွှာဟာ အင်္ကျီပန်းရောင် ထဘီပန်းရောင်လေးနှင့် တကယ့်ကို သားသားနားနားနှင့် ချစ်စရာလေးဖြစ်နေတော့တာ။

"ကားပျက်နေလို့ကွာ ... ကုသိုလ်ကံကောင်းလို့ ကလေးတွေနဲ့ ကြုံလို့ ပြင်ပေးဖော်ရလို့ တော်သေးတာပေါ့ ... "

စကားပြောလို့တောင် မဆုံးသေးပါ။ ကားတစ်စင်းဆိုက်သံကို ကြားရတော့ လှည့်အကြည့်မှာ ဏီဇတို့ ကားဖြစ်နေတော့ ဦးသီဟ ဒေါသထောင်းခနဲ ထသွားပါသည်။

ကျေးဇူးရှင်တွေမို့ ပြစ်မှားလို့လည်း မရသေးပါ။

"အဲဒီကောင်တွေလေ ... ဖေဖေ့ကားကို ပြင်ပေးလိုက်တာ စိမ်းရေ ... သမီးကို ခေါ်သွားတော့ကွာ ... ကိုကို ဒီကောင်တွေကိုအမြန်ဆုံးရှင်းပြီးလာခဲ့မယ် ... "

"မောင်လွင်မောင်တို့ ဘာများဖြစ်လာလို့လဲ ... "

"အန်ကယ့်ကို စိတ်မချလို့ အဝေးရောက်မှ ပြန်လှည့်ကြည့်တာ ... "





"မင်းတို့ကလည်း အန်ကယ့်ကို ပူတတ်ရန်ကောကွာ"

ဦးသီဟက နှုတ်ဆက်လို့သာ ပြန်နှုတ်ဆက်နေရသည်။ ဏီဇတို့သုံးယောက်စလုံး၏မျက်နှာတွေက ရွှေပေလွှာ့ဆီကိုသာ ဦးတည်လို့နေကြပါသည်။

ဏီဇဆိုတာကတော့ ... ဘာပြောကောင်းမလဲ။ ဦးသီဟ သူတို့ကို ဘာတွေပြောနေလို့ ပြောနေမှန်းကို မသိတော့ပါ။ ရွှေပေလွှာ့ကိုသာ ရုပ်ပျက်ဆင်းပျက် စိုက်ကြည့်နေမိပါသည်။

ဘယ်ရမလဲ 'ရွှေပေ'ရာတို့နှစ်ယောက်ဟာ ဘယ်တော့မှ ကွဲကွာကြမယ့်သူတွေ မဟုတ်ပါဘူး။ ခုလည်း ကြည့်လေ မတိုင်ပင်ပါဘဲနှင့် တိုက်တိုက်ဆိုင်ဆိုင် ဒီလိုဝေးမြေရပ်ခြားမှာလာပြီး ဆုံစည်းကြပြန်တယ်လေ။

ဒါဟာ ဏီဇဆိုတဲ့ ကောင်လေးနဲ့ ရွှေပေလွှာဆိုတဲ့ ကောင်မလေး တို့နှစ်ယောက်ရဲ့ ဘဝရေစက်လို့ပဲ ဆိုရမှာပါ။

သမီးအပေါ်မှာ 'အကြည့်'တွေ လွန်ကဲနေသော ဏီဇကို ဦးသီဟ မကျေနပ်နိုင်တော့ပါ။

ဒါကြောင့် သူ့ကိုယ်လုံးကြီးဖြင့် သမီးရွှေပေလွှာကို

ဏီဇ လှမ်းမမြင်နိုင်အောင် မျိုးစုံကွယ်နေသော်လည်း ဏီဇက မသိမသာ ရွှေပေလွှာ့ကို မြင်နိုင်အောင် ကိုယ်ကိုရွှေ့ပစ်လိုက်ပါသည်။

ဦးသီဟက ကွယ်လိုက် ဏီဇက ရွှေ့လိုက်နှင့် သူတို့နှစ်ယောက်က ထုပ်ဆီးတိုးတမ်းကို 'အနေး' ကစားနေသည်နှင့်ပင်တူနေပါသည်။

ဒီမိန်းမ အလိုက်ကန်းဆိုးကို မသိဘူး။ ကိုယ့်သမီးကိုယောကျ်ားလေးတွေ ရှေ့မှာ မထားစေချင်လို့ အမြန်ခေါ်သွားပါဆိုတာကို သဘောကို မပေါက်ဘူး။

"လာသမီး ... မာမီတို့ အထဲဝင်ကြရအောင် ... "

"ခဏလေးနော် မာမီ ... "

သမီးဖြစ်သူ ရွှေပေလွှာက ချက်ချင်းခေါ်၍ မရပါ။ ဏီဇတို့ကိုသာ အံ့သြတကြီးနှင့် ကြည့်နေပါတော့သည်။

ဏီဇတို့ ဒီကိုဘယ်လိုရောက်လာတာပါလိမ့် ... ။ ရောက်လာတယ်ဆိုဦးတောင် အဖေဖြစ်သူနှင့် ဘယ်လိုများ တရင်းတနှီးရယ်ကာမောကာတွေ ဖြစ်နေကြပါလိမ့်ဆိုတာတွေကို စဉ်းစားလို့ မရနိုင်တော့ပါ။





ဏီဇတို့ကို အပြေးလေးသွားနှုတ်ဆက်ချင်ပါသော်လည်း မဖြစ်သေးပါ။

စိတ်ကို မထိန်းနိုင်ဘဲ သွားနှုတ်ဆက်လိုက်ခါမှ ပြဿနာတွေက တက်လာတော့မှာ အထူးသဖြင့် ဏီဇဆိုတာဟာ သူတို့၏သမီးရွှေပေလွှာကို ဒုက္ခပေးထားတဲ့ကောင်ဆိုပြီး အဖေနှင့်အမေဖြစ်သူတို့က ဘယ်နည်းနှင့်မျှ ပေးပြီး အဆက်ဆံလုပ်မည် မဟုတ်ပါ။

ထိုသောအခါမှာတော့ သူနဲ့ဏီဇဟာ အဝေးကြီးကို ဝေးရတော့မှာလေ။ တကယ်တမ်းဝန်ခံရရင် ဏီဇဟာ ဆိုးလွန်းလို့သာ ရွှေပေလွှာတစ်ယောက် ဏီဇကို ထိန်းထိန်းသိမ်းသိမ်းဖြင့် ကိုယ်က လူကြီးလို နေရာမှာနေကာ တည့်မတ်ပေးနေရသော်လည်း သူမကိုယ်တိုင် ဏီဇအပေါ်မှာ သံယောဇဉ်ကြီးလွန်းနေတာကိုတော့ ဝန်ခံပါသည်။

ဏီဇလိုက်လာမယ်ဆိုတာ သိလို့ ရွှေပေ ဘယ်သူ့ကိုမှမပြောဘဲ တိတ်တိတ်လေးထွက်လာတာကို ဘယ်လိုလုပ်များသိသွားတာလဲ ဏီဇရယ် ...

တကယ်တော့ ဒီဇင်ဘာကျောင်းပိတ်ရက်လေးဟာ တိုတိုလေးပါ။ ဒီအချိန်မှာ ကျောင်းတွေကလည်း ပိတ်ထားတုန်း ဏီဇနဲ့ မတွေ့ရမဲ့အတူတူ မထူးတော့ပါဘူးဟု ဖေဖေတို့ မာမီတို့နဲ့ အတူ ပြင်ဦးလွင်ကို အလည်လိုက်ခဲ့တာပါ။

ကိုယ်နှင့် မဆီမဆိုင် ယောက်ျားလေးတွေအပေါ် ဒီလောက်ကြီးများတောင် မကြောက်မရွံ့စွာ စိုက်ကြည့်၍ အံ့အားတသင့်ဖြစ်နေသော သမီးကို ဒေါ်ခင်စိမ်းဝင်း ဒေါသတွေဖြစ်လာပါသည်။

“လာသမီး … သွားမယ်”

“ခဏလေးပါမာမီရယ် … သူတို့က သမီးသိနေတဲ့ကောင်လေးတွေနဲ့ တူနေလို့ ခဏလောက်ကြည့်ပါရစေဦး … ”

‘တူနေသည်လို့’သာ ကြည့်ကောင်းအောင် ပြောရသော်လည်း တကယ်တော့ တူနေတာ မဟုတ်ပါ။ ဏီဇမှ ဏီဇတကယ့်ကို ရေမရောတဲ့ ဏီဇစစ်စစ်ပါ။

ဘယ်လိုပင်ပြောပြော မရတော့ပါ။ ဒေါ်ခင်စိမ်းဝင်းက သမီးဖြစ်သူ ရွှေပေလွှာ၏ လက်ကိုခပ်တင်းတင်းလေး ဆွဲကာ





ခေါ်သွားပါတော့သည်။

မိခင်၏ ဆွဲခေါ်မှုကြောင့် ရွှေပေလွှာတစ်ယောက် ယက်ကန်ယက်ကန်ဖြင့် ပါသွားပါတော့သည်။

ဒါကို ဦးသီဟတစ်ယောက် လှမ်းမြင်ဖြစ်အောင်မြင်လိုက်ပါသေးသည်။

“ကဲ … မင်းတို့ ဘာပြောစရာရှိသေးလဲ … အေးလည်းအေးနေပြီ … အန်ကယ်ဝင်တော့မယ် … ”

“ဟာ … အိမ်ရှင်လုပ်တဲ့သူက မောင်းထုတ်နေမှတော့ ပြန်ရတော့မှာပေါ့ … ကျွန်တော်တို့ မနက်ဖြန် ဘယ်အချိန်လာရမလဲဆိုတာ အမှတ်တမဲ့မို့ မကြားလိုက်လို့သေချာအောင် လာမေးတာပါ အန်ကယ် … ”

“ဆယ်နှစ်နာရီလောက်ပေါ့ကွာ … ”

ဦးသီဟ သိပ်စိတ်မရှည်တော့ပါ။ သမီးကို ဇနီးဖြစ်သူ ဆွဲခေါ်သွားပုံကို သူကောင်းကောင်းမြင်လိုက်သည်လေ။

ဒီအခြေအနေအတိုင်းဆိုရင်တော့ သားအမိနှစ်ယောက် အခန်းထဲမှာ ကောင်းကောင်းကြီး ရန်ဖြစ်နေတော့မှာ

ဦးသီဟ၏ ခြေထောက်တွေက သူတည်းသည့်အဆောင်ဘက်ကို သာ ဦးတည်၍ နေပါတော့သည်။

"ဒါဆို ... ကျွန်တော်တို့သွားလိုက်ပါဦးမယ် အန်ကယ် ... ဘိုင့် ... ဘိုင်"

"အေး ... အေး ... ဘိုင့် ... ဘိုင်"

ဦးသီဟ ထင်ထားသည့်အတိုင်းပါပဲ။ အခန်းထဲမှာ တော့ သားမိအနှစ်ယောက် ကျိတ်၍ ရန်ဖြစ်နေကြပါသည်။

သမီးဖြစ်သူ ရွှေပေလွှာကလည်း တရှုံ့ရှုံ့နှင့် ငိုနေပါ သေးသည်။

"ထင်သားပဲ ... ဘယ်လိုဖြစ်နေကြတာလဲ စိမ်း ... "

"ကိုကို့သမီးပေါ့ ... ကားထဲမှာပါလာတာ ကောင်လေးတွေ ချည်းပဲ ပြီးတော့ ... ကိုကိုကလည်း ဒီကောင်တွေနဲ့ မသိ စေချင်လို့ သမီးကိုခေါ်သွားဖို့ စိမ်းကိုပြောတယ်မို့လား... ဟင်း ... ဟင်း... ဒီကမရွှေပေက စိမ်းခေါ်တာကို မလိုက် ဘူး ကိုကိုရေ... စိမ်းက အတင်းဆွဲလေ ... သူက ရန်းလေ ပဲဒါနဲ့ အတင်းကိုဆောင့်ဆွဲပြီး ခေါ်လာခဲ့တာ အထဲရောက်





တော့ ... သူကပဲ ငိုပါလေရော ... "

"ဖေဖေပဲ ... စဉ်းစားကြည့်လေ ... မာမီလုပ်ပုံက ဘယ် လောက်ရုပ်ပျက်သလဲ ... သမီးလည်း ပညာတတ်တစ် ယောက်ပါ ... ဒီလောက်ကြီး အောက်တန်းကျတဲ့စိတ်မရှိ ပါဘူး ... ခုတော့ ... မာမီက သမီးကို စွပ်စွဲတယ်လေ... ယောကျာ်းလေးပဲ ... မမြင်ဖူးတာကျနေတာပဲတဲ့ ... သမီး က ပြုံးပြုံးပြီးကြည့်နေတာတဲ့လေ ... "

"သမီးမာမီက စေတနာနဲ့ ပြောတာပါသမီးရာ ... ဖေဖေတို့ မာမီတို့က သမီးလေးရွှေပေကိုဆို ဘယ်သူမှ မျက်စောင်း ထိုးကြည့်တာတောင် ကြိုက်တာမဟုတ်ဘူးလေ ... ခုဟာ က လမ်းမှာ ဖေဖေကားပျက်နေတယ်ကွာ ... ဘယ်သူမှ ပြင်တတ်တဲ့လူ မရှိဘူး ... အဲဒီအချိန်မှာပဲ ... ဒီကောင်လေး တွေရောက်လာပြီး သူတို့က ပြင်ပေးလို့ကောင်းသွားတာ"

"ကောင်းသွားလည်း ဘာလို့များ ဒီထိအောင်ခေါ်လာသေး လဲ ကိုကိုရယ် ... လက်ဖက်ရည်ဖိုးဆိုပြီး ပိုက်ဆံပေးလိုက် လည်း ပြီးတာပဲ ... "

"ဟာ ... ဒီလိုတော့ ဘယ်ကောင်းပါ့မလဲ စိမ်းရယ် ... သူတို့ဟာသူတို့ စေတနာနဲ့ပြင်ပေးတာဆိုရင် ... ကိုကိုက သူတို့စေတနာကို စော်ကားသလိုဖြစ်နေမှာပေါ့ ... "

"အဲဒါပေါ့ ... မာမီဟာ ... အမြဲတမ်း လူတကာကို အထင်သေးအမြင်သေး ရှိပါတယ်လို့ ... အမြဲတမ်း ငွေနဲ့ဖြေရှင်းလို့မရတဲ့အရာတွေ လောကမှာအများကြီးပဲ မာမီရဲ့ ... "

"တော်စမ်းရွှေပေ ... တွေ့တယ်မို့လား ... ကိုကို့သမီးဟာလေ ကြို့ရင်ကြို့သလို အမေကို နှက်ဖို့အဆင်သင့်ပဲ ... "

"ကဲ ... ကဲ ... စိမ်းကော သမီးကော ... ဖေဖေပြောတာကိုသေသေချာချာ နားထောင် ... တကယ်တော့ ... တို့မိသားစုလေးဟာ ... ရေတွက်လိုက်မှ သုံးယောက်ထဲ ... ခုဟာကလည်း တစ်ယောက်အပေါ်တစ်ယောက်စေတနာတွေ ဝေဖြာပြီး ဖြစ်ရတဲ့ သဘောတွေပါ ... ဖေဖေနဲ့သမီးမာမီဟာ ... တစ်ယောက်တည်းသော သမီးလေးကို အရမ်းချစ်ကြတာ သမီးလည်းအသိပါ ... ခုဟာက ... ဖေဖေ့မှာလည်း အန္တရာယ်ကြီး[illegible]ဘယ် ... ဒီကောင်လေးတွေက





ဖေဖေ့ကို ကူညီပေးတယ် ... အဲဒါကြောင့် ဖေဖေက ဒီနေ့တော့ အချိန်မရှိတော့ဘူး ... မနက်ဖြန်ကျရင် မင်းတို့ကိုဝမ်းတေဘယ်ကျွေးမယ်ဆိုပြီး ချိန်းခဲ့တယ် ... အချိန်ကိုမသိလို့တဲ့သမီးရယ် ... ဖေဖေ့နောက်ကို လိုက်မေးတာတဲ့လူလေးတွေက တကယ်တော့ လူကောင်းလေးတွေ ဖြစ်နိုင်ပါတယ် ... ဒါပေမဲ့ တကယ်လို့များ လူကောင်းတွေမဟုတ်ခဲ့ရင်ဆိုတဲ့စိတ်နဲ့ ... ဖေဖေ့သမီးကို မမြင်စေချင်တဲ့သဘောနဲ့ သမီးမေမေကို သမီးကိုခေါ်သွားဖို့ ပြောတာပါသမီးရယ် ... ဒါဆို သမီးလည်း ဖေဖေနဲ့သမီးမာမီရဲ့ သဘောကို ကောင်းကောင်းနားလည်ပြီး ခွင့်လွှတ်နိုင်မှာပါ ... "

"သမီးကလည်း အဲဒီကောင်လေးတွေဟာ ... သမီးနဲ့သိတဲ့ကောင်လေးတွေနဲ့တူလို့ ကြည့်မိလိုက်တာပါဖေဖေ ... ဒါကို အတင်းမေမေက ဆွဲခေါ်လိုက်တော့ ... သမီးလည်းသိက္ခာကျတာပေါ့ ... ဟင့် ... ဟင့် ... ဟင့်"

ပြောရင်းနှင့် ရွှေပေလွှာတစ်ယောက် တစ်ချီငိုချလိုက်ပြန်ပါသည်။

"အဲဒီကောင်လေးတွေ နာမည်က လွင်မောင်ရယ် ... ရန်အောင်ရယ် ... ကိုသက်ရယ်တဲ့ ... ကဲ ... အဲဒါ သမီးသိတဲ့ကောင်လေးတွေ နာမည်လား ... "

"ဟင့် ... အင်း ... သမီးသိတဲ့ကောင်လေးတွေထဲမှာ အဲဒီ နာမည်မရှိဘူး ... "

"အေးပါ ... မရှိနိုင်ပါဘူး ... ဘယ်နည်းနဲ့မှ မရှိနိုင်မှန်းသိလို့ ဖေဖေကလည်း တမင်တကာ သမီးကို ခေါ်ထုတ်ခိုင်းသွားတာပေါ့သမီးရယ် ... ဖေဖေက သူတို့ကို အကြမ်းဖျင်းကြည့်လိုက်တော့ ... လူကြီးလူကောင်း သားသမီးပုံစံမို့ ဆက်ဆံမိလိုက်တာပါ သမီးရယ် ... ဒါတောင် ဒီကောင်တွေက တစ်လမ်းလုံး ကောင်းမိကောင်းရဲ့ ပြောဆိုပြီးလာကာမှ ... ဒီရောက်တော့ ဖေဖေ့သမီးကိုမြင်တာနဲ့ ကြွေမဆည်နိုင်လောက်အောင်တွေ ဖြစ်ကုန်ရောလေ ... သိဒ္ဓိရာဇ်မင်းကြီးဟာ ရထားစီးပြီး သဘင်ထွက်တဲ့အခါမှာ ဥမ္မာဒန္တီကိုမြင်ပြီး နန်းတော်ကိုရောက်တဲ့အခါမှာ ဥမ္မာဒန္တီစိတ်နဲ့ မြည်တမ်းပြီး ရူးသွပ်သွားသလိုမျိုး ခုလည်းဒီကောင်တွေ ငါ့သမီးကိုမြင်ပြီး





ရူးသွပ်သွားကြပြီလားမှ မသိတာ ... "

"ဖေဖေဟာလေ ... အရူးကျနေတာပဲ ... မဟုတ်တာတွေပဲပြောနေတာပဲ ... တကယ်တော့ သမီးဟာ ဖေဖေ့သမီးဖြစ်နေလို့ ကိုယ့်သမီးကို ကိုယ်လှတယ်ထင်နေတာပါ ... တကယ်တော့ ... ဖေဖေမိန်းကလေးလှလှလေးတွေကို မမြင်ဖူးလို့ဖြစ်မှာ ... သမီးတို့ကျောင်းမှာဆို လှတဲ့ကောင်မလေးတွေမှ တစ်ပုံကြီး ... သမီးဆို အဲဒီကောင်မလေးတွေကို ငေးပြီး အားကျလိုက်တာ ... "

"ဒါတော့ ... မဖြစ်နိုင်ပါဘူး သမီးရယ် ... ငါ့သမီးထက်သူတို့တွေက ပိုလှကြလို့လား ... "

"လှတာကတော့ မပြောနဲ့တော့ဖေဖေရေ ... တကယ့်ကို အပုံစားတွေ ... နဂိုရှိတော့ နဂိုင်းထွက်ဆိုသလို ရုပ်ကလေးကလည်းချော ... ခုခေတ်အလှအပအပြင်အဆင်တွေကလည်း ကောင်းဆိုတော့ ... ဖေဖေ့သမီးဆိုတာ ရုပ်ဆိုးလွန်းလို့ ဟိုးအောက်ဆုံးအဆင့်ကိုတောင်ရောက်နေပြီ ... နောက်နှစ်ဆိုရင်တောင် အလှအပတွေနဲ့ ကျောင်းသူအသစ်

လေးတွေ ရောက်လာဦးမှာမို့ ... သမီးတို့ မြေကြီးအောက်ကို တစ်ထစ်ပြီးတစ်ထစ်ဆင်းသွားရမှာ ဖေဖေရေ ... ”

“သွားစမ်း ... အရူးမလေး”

ခုတော့ တစ်ယောက်အပေါ်တစ်ယောက်စေတနာတွေ ပိုမိုလို့ဖြစ်သွားကြတာမို့ အားလုံးပြေလည်မှုတွေ ရသွားခဲ့ပါပြီ။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉–လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







ဏီဇဟာလေ ဘယ်တော့မှ သူနဲ့လွတ်တယ်ဆိုတာ ...ရှိလိုက်အောင်ပါပဲလား။

ခုလည်း သူမ ပြင်ဦးလွင်ကို တစ်ပတ်လောက်သွား ...ယ်ဆိုတာ ဘယ်သူ့ကိုမှ မပြောဘဲ တိတ်တိတ် ခိုးထွက်လာခဲ့တာ။

ဒါတောင် သူမ၏ ဖခင်ဖြစ်သူဦးသီဟနှင့်ဆုံဖြစ် ...အောင် ဆုံလိုက်ပါသေးသည်။

ဏီဇကို သူမ ပြင်ဦးလွင်ကိုရောက်တော့ အထူး

သတိရနေတဲ့အချိန်မှာ ဏီဇဟာ အလိုလိုပေါ်လာတာဟာ တကယ်ကိုထူးဆန်းလှပါသည်။

သူမ ပြင်ဦးလွင်ကို ရောက်နေမှန်း သိလို့လိုက်လာတာလား။ ဒါမှမဟုတ် သူ့ဟာသူလာရင်းနဲ့ ကြုံကြိုက်သွားတာလားဆိုတာကို ရွှေပေလွှာ စဉ်းစားလို့ မရနိုင်တော့ပါ။ ထူးတာကတော့ တကယ့်ကို ထူးနေသည်လေ။

ခဏနေရင် ဖေဖေက ဏီဇတို့ကို ထမင်းကျွေးဖို့ သွားမှာ ရွှေပေလွှာ ဏီဇကိုအရမ်းတွေ့ချင်လှပါသည်။

ဏီဇနှင့် တွေ့ဖို့အတွက် အချိန်းအဆက်တွေလည်း မလုပ်ရဲပါ။ တကယ်လို့ ပေါ်သွားရင် ရွှေပေလွှာပင် ဒုက္ခလှလှကြီး ရောက်မှာဖြစ်သလို ဏီဇနှင့် ရှေ့လျှောက်ဆက်သွယ်ဖို့ နေရာမှာလည်း အခက်အခဲတွေ အရမ်းတွေ့တော့မှာလေ။ ဒါကြောင့် ရွှေပေလွှာ ဒီအတိုင်းလေးသာ ငြိမ်ငြိမ်လေး နေခဲ့ရတာ ... ။

"ဖေဖေသွားတော့ မလို့လား ... "

"အေးသမီး ... ဘာလုပ်မလို့လဲ ... "

"ဖေဖေ ဘယ်ဆိုင်ကိုသွားမလို့လဲလို့ မေးမလို့ပါ ... ဖေဖေ





ကို အဲဒီဆိုင်မှာ ထားခဲ့ပြီး သမီးတို့က ဈေးတွေဘာတွေ ဝယ်ရင်ကောင်းမလားလို့ပါ ... ပြီးတော့ ... ဖေဖေ့ကို သမီးတို့လာကြိုမှာပေါ့ ... "

"မလုပ်ပါနဲ့သမီးရယ် ... နောက်တော့မှ ဖေဖေလိုက်ပို့ပေးပါ့မယ် ... ဒီက ယာဉ်စည်းကမ်းတွေက ရန်ကုန်ကနဲ့ မတူဘူးသမီးရဲ့ ... သမီးကို ဒီမှာ ဖေဖေကား မမောင်းစေချင်လို့ပါသမီးရယ်နော် ... ဖေဖေ့ဘက်က ဒီကောင်တွေကို ကတိပေးခဲ့လို့ပါသမီးရယ် ... ဖေဖေ့ ပါးစပ်ကိုကလည်း မငြိမ်တာပါ ... တကယ်ဆို သမီး မာမီပြောတဲ့အတိုင်း မင်းတို့တစ်ခုခု ဝယ်စားကြကွာဆိုပြီး ငွေနှစ်ထောင်လောက် ထုတ်ပေးလိုက်ရင် ... အကောင်းသား"

"လာပြန်ပြီလား ... ဒီစကား ... ဖေဖေလည်း မာမီ့အတိုင်း ဖြစ်လာပြီ ... လူတွေကို အမြဲတမ်း အထင်သေးတဲ့အကြည့်နဲ့ မကြည့်ပါနဲ့လို့ ... တကယ်လို့ အဲဒီကောင်လေးတွေက ဖေဖေတို့ထက် နှစ်ဆမကပိုပြီး ချမ်းသာနေတယ်ဆိုရင် ... ဖေဖေပေးတဲ့ ငွေနှစ်ထောင်သုံးထောင်နဲ့ ဘယ်လောက်ရှက်

စရာကောင်းလိုက်မလဲ ... ”

“ဒီလောက်လည်း မဟုတ်သေးပါဘူးသမီးရယ် ... ငွေနှစ်ထောင်နဲ့ဆို ခေါက်ဆွဲကြော်လေး ... ထမင်းကြော်လေး စားလို့ရပါတယ် ... သမီးကအလကားနေရင်း ဒီကောင်တွေဘက်က ဖေဖေ့ကို ရန်တွေ့နေပါလား ... ”

“ရန်တွေ့နေတာ မဟုတ်ဘူး ဖေဖေရေ ... ဖေဖေအရှက်ကွဲမှာစိုးလို့ ... ဖေဖေအရှက်ကွဲရင် သမီးနဲ့မာမီလည်း အရှက်ကွဲတာနဲ့ အတူတူပဲလေ ... ”

“အေး ... ဒါကြောင့် ဖေဖေ သူတို့ကို ထိုက်ထိုက်တန်တန်ကျွေးမလို့ ချိန်းထားတာပဲ သမီးရဲ့ ... ”

“မဟုတ်ကဟုတ်ကတွေလည်း မကျွေးနဲ့ဦး ဖေဖေ့သိက္ခာက ရှိသေးတယ် ... ”

“ကဲ ... ကဲ ... ‘သမီး’ပဲ ဩဝါဒပေးလိုက်တော့ ဖေဖေ ဒီကျက်သရေမရှိတဲ့ အကောင်တွေကို ဘာဟင်းတွေနဲ့ ကျွေးလိုက်ရမလဲ ... ”

“အင်း ... စားပွဲဝိုင်းရဲ့ အလယ်ခေါင်မှာ ဘဲကင်တစ်ကောင်





ထား ... ”

“ဟာ ... ဒါဆို အနည်းဆုံး လေးထောင့်ငါးရာလောက်ပါသွားပြီပေါ့ သမီးရ ... ”

“ပါပါပေါ့ ... ကျွေးမယ်ဆိုကတည်းက အနည်းဆုံး နှစ်သောင်းအထက်မှာတော့ ရှိမယ်ဖေဖေ ... ဖေဖေလည်း ဖေဖေ့အပေါင်းအသင်းတွေကို ကျွေးနေကျပဲဟာ ... ”

“ဒါကတော့ ဒီလိုရှိတာပေါ့ သမီးရာ ... ဖေဖေ့အပေါင်းအသင်းတွေနဲ့ ဒီကောင်တွေက အဆင့်ချင်းမှမတူတာ ... နေပါစေ ... ဒီကောင်တွေရုပ်နဲ့ ဒီလောက်ကြီး သားနားနေစရာ မလိုပါဘူး သမီးရာ ... ဖေဖေ့ကြည့်လုပ်ပါ့မယ်”

“ဖေဖေ ... ”

“ဘာလဲ ... သမီး ... ”

ရွှေပေလွှာက အဖေလုပ်သူကို အသံခပ်မြှင့်မြှင့်နှင့် ခေါ်လိုက်သလို ဖခင်ဖြစ်သူ ဦးသီဟကလည်း အသံမြှင့်မြှင့်ဖြင့် ပြန်ထူးလိုက်ပါသည်။

“အဲဒီကောင်လေးတွေက သိပ်တော့ အနုံညာတာတွေ

မဟုတ်ဘူးနော် ... သမီး သူတို့ကို မြင်ဖူးနေသလိုလို ရှိလို့ပါ ဖေဖေ ... တော်ကြာ အကြောင်းတစ်ခုခုနဲ့ လာတိုက်ဆိုင်နေရင် အရှက်တွေကွဲကုန်မှာမို့ပါ ... ”

“ဘာအကြောင်းမှ တိုက်ဆိုင်နေစရာမလိုဘူး ... သမီး သိထားဖို့က ဒီကောင်တွေကို ဖေဖေ ထမင်းကျွေးမယ် ... ငါ့သမီး စိတ်ချမ်းသာသလို ထိုက်ထိုက်တန်တန်ကို ကျွေးမှာပါ ... အဲဒီကနေပြီးရင် တစ်ခါတည်း ‘ဂျောင်း’ပဲ ... တစ်သက်လုံး ဒီကောင်တွ ဖေဖေ့အနားကိုမလာစေရဘူးပဲမှတ်”

“ဒါဆို ဖေဖေလိုလူမျိုးကို သူတို့ အကူအညီပေးလိုက်ရတာ ထိုက်ထိုက်တန်တန် ပေးလိုက်ရတဲ့ အကူအညီမျိုးလို့ ဆိုရမှာပေါ့နော် ဖေဖေ ... ”

“အေးပေါ့ ... အေးပေါ့ ... ဟင် ... သမီး ဘယ်လိုပြောလိုက်တယ် ... ”

အစကတော့ သမီးပြောတာကိုရောတောပေါ်တော လက်ခံလိုက်ပေမယ့် နောက်မှ ပြန်စဉ်းစားတော့ ဒီစကားတွေဟာ သမီးဖြစ်သူက သူ့ကိုတမင်ထိုးနှက်နေတာပါလားဆိုတာကို ဦးသီဟ





သိလိုက်ရပါသည်။

“သမီးက ဒီကောင်တွေဘက်က ဘာလို့ နာနေရတာလဲ”

“နာနေတာ မဟုတ်ဘူးဖေဖေ ... ရှက်နေတာပါ ... ”

“အဓိပ္ပာယ်မရှိလိုက်တာ ... ကိုယ်လည်းသိတာမဟုတ်ဘဲနဲ့ ... ပြီးတော့ နောင်လည်း တွေ့မှာမဟုတ်တော့တဲ့ကောင်တွေကိုများကွာ သမီးမို့ သူတို့ကို ဘာတွေကျွေးမယ် ဘယ်လိုဧည့်ခံမယ်ဆိုတာကို ကိုယ်ခေါင်းအရှုပ်ခံလို့ စဉ်းစားနေရတယ် ... စိတ်ချသမီး ... ဖေဖေ သမီးနဲ့ နင့်မာမီကို အရှက်လည်း မကွဲစေရဘူး ... ပြီးတော့ ဖေဖေ့အတွက်လည်း အကုန်ကျအသက်သာဆုံးဖြစ်အောင် ကြည့်စီစဉ်ခဲ့မယ် ဟုတ်လား ... ငါ့သမီး စိတ်သာချနေ ... ”

“အကျိုကကော ... ဒါကြီးပဲလား ... ”

“အေးလေ ... ဒါ မနေ့ကမှ ဝတ်ထားတာ အကောင်းကြီးပဲဟာ ... ချွေးမထွက်တော့ လုံးဝကို အနံ့အသက်မရှိဘူး”

“ဟင် ... မနေ့က ဟိုကောင်လေးတွေနဲ့ တွေ့တုန်းကလည်း ဒီအကျို။ ဒီနေ့လည်း ဒါကြီးပဲဆိုတော့ သူတို့က ဖေဖေ့ကို

အထင်သေးကြမှာပေါ့လို့ ... လဲလိုက်ပါဖေဖေရာနော် ... သမီးထုတ်လိုက်မယ် ... ”

“ဟုတ်သားပဲ ကိုကိုရယ် ... သမီးပြောတာ မှန်တယ် ... ထုတ်ပေးလိုက်သမီး ... ”

ရွှေပေလွှာက ပါလာသော သူမအဖေ အင်္ကျီတွေကို တစ်ထည်ချင်း ရွေးချယ်လိုက်ပါသည်။

“ဟာ ... ဟုတ်ပြီ ... ဒီအင်္ကျီက ဖေဖေနဲ့လိုက်တယ် ... ”

“သားနားစရာ မလိုပါဘူး သမီးရာ ... ကိုယ့်ကိုယ်က ချွေးစော်မနံဘူးဆိုရင် ပြီးတာပဲ ... ”

“ဘယ်ရမလဲ ဖေဖေရ ... ဒီကောင်တွေ ဖေဖေ့ကိုမြင်ပြီး ဖျားသွားစေရမယ် ... အဲဒီအင်္ကျီနဲ့ ဖေဖေနဲ့ အရမ်းလိုက်တာ ... ဖေဖေအသက်က လေးဆယ်ငါးနှစ် ... သူတို့အသက်က ၁၉နှစ်လောက် ဆိုပေမယ့် လူချင်းယှဉ်လိုက်ရင် ဖေဖေက ပိုငယ်သလိုလိုကိုး ထင်သွားစေရမယ် ... ”

“သူတို့အသက်ကို သမီးက ဘယ်လိုလုပ် ၁၉နှစ်လို့ ပြောနိုင်ရမှာလဲ ... ”





“ဒါတော့ ဖေဖေရာ ... သူတို့လည်း သမီးအသက်ပတ်ဝန်းကျင်လောက်ပဲ ရှိမှာပါ ... မသကာကြီးလှ ၁နှစ်ပေါ့ ... ”

“မဟုတ်နိုင်ပါဘူး သမီးရာ ... ဒီကောင်တွေရုပ်ကြီးတွေက ရင့်ထော်နေတာ ... နှစ်ဆယ်ကျော် သုံးဆယ်နီးနီးကို ရှိနိုင်လောက်ပါပြီ ... သမီးအသက်ပတ်ဝန်းကျင် ဘယ်နည်းနဲ့မှ မဟုတ်နိုင်ဘူး ... သမီးအမေ အသက်ပတ်ဝန်းကျင်လောက်ဆို ပိုပြီး နီးစပ်သေးတယ် ... ”

“ဟင်း ... ဟင်း ... ဟင်း ... ဖေဖေဟာလေ တကယ်ကိုရယ်ရတယ် ... ကောင်းပါတယ်လေ ... ဖေဖေဟာ ဘယ်တော့မှ ကိုယ့်ကိုယ်ကိုယ် အသက်ကြီးတယ် မထင်သေးတာပဲ ကောင်းပါတယ် ... မယုံရင် ဖေဖေကြို့ရင် အဲဒီကောင်တွေ အသက်ကို မေးကြည့်ပါလား ... သမီးထက်တောင် ငယ်ရင်ငယ်နေဦးမှာ ... ”

“မဖြစ်နိုင်တာ သမီးရာ ... ဘာလဲ သမီးက သမီးကိုယ်သမီး အသက်သုံးဆယ်ကျော်လောက် မှတ်နေတာ ဟုတ်လား”

“ရပါတယ် ... ဖေဖေမယုံရင် မေးကြည့်လိုက်ပါ ... အဲဒီ


ကောင်တွေထဲက အသက်နှစ်ဆယ်ကျော်တာ တစ်ယောက် ပါခဲ့ရင် သမီး ခေါင်းဖြတ်ခံရဲတယ် ... ”

“တော်စမ်းပါသမီးရာ ... တစ်နေ့နေ့ ဒီအရေမရအဖတ်မရ စကားတွေကို အခြေအတင် ပြောနေရတာ ကျက်သရေ လည်း မရှိပါဘူး ... ပေး ... ပေး ဖေဖေဝတ်ရမယ့်အင်္ကျီကို မြန်မြန်လေးသာပေး ... အချိန်တွေတောင် နောက်ကျနေ ပြီ ... ”

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉–လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







“ဟော့ကောင် ... ၁၂နာရီတောင် ထိုးပြီး ... အန်ကယ်ကြီး လည်း မလာသေးပါလား ... ”

“ကေန္တတော့ ငါတို့ကို ‘ညာ’သွားပြီထင်တယ် ... ”

“ဒီလိုလုပ်လို့ကတော့ ဘယ်ရမလဲ ... နောက်ထပ်ဆယ့်ငါး မိနစ်လောက် စောင့်ပြီးလို့မှ မလာရင် တို့ နန်းမြိုင်ဟိုတယ် ကို လိုက်သွားကြမယ် မကောင်းဘူးလား ... ”

“အေး ... ကောင်းတယ် ... ”

"ဒါပေမဲ့ မနေ့ကတော့ သူတို့ကို သေသေချာချာ 'မှာ'ထားတာနော် ... လိုက်မလာနဲ့တဲ့ ဆိုင်ကပဲ စောင့်နေတဲ့ ... တော်ကြာ လိုက်သွားလို့မှ စိတ်ဆိုးပြီး မကျွေးတော့ဘူးဆိုရင် ဘယ်လိုလုပ်မလဲ ... "

"မကျွေးတော့ဘူးဆိုရင်လည်း နေပါစေတော့ပေါ့ကွာ ... ငါ့အတွက်ကတော့ သူရောက်မလာလေ ကောင်းလေပဲ ... အချိန်တန် ရောက်မလာလို့ တို့လိုက်သွားတာကတော့ တို့မှာ အပြစ်မရှိပါဘူးကွာ ... ငါ့အတွက် 'အမိက'ကတော့ ဒီမျက်နှာလေးကို မြင်လိုက်ရရင်ပဲ ဘာစားစရာမှ မလိုတော့ဘူးလေကွာ ... "

"ငါတို့ကိုကော ဘယ်သွားထားမလဲ ... "

"ဒီအတွက်တော့ မပူနဲ့သူငယ်ချင်း ... ငါကျွေးမယ် ... 'အမိက'က ဦးသီဟကြီးနောက် ၁၅မိနစ်အတွင်း ရောက်မလာဖို့ပဲ ... "

"ဟော့ကောင်တွေ ... အန်ကယ်တစ်ယောက်လုံး ရောက်နေတာ ကြာလှပြီ ... မင်းတို့က အရမ်းစကားများတာကို





ကွ ... ဘာမှာရမလဲလို့ မေးဖို့ဟာ မေးလို့ကို မရဘူး ... ယောကျ်ားလေးတန်မဲ့ အတင်းကလည်း အပြောသန်လိုက်သနဲ့ ... "

"ဟာ ... အန်ကယ်ရောက်နေတာကြာပြီ ဟုတ်လား ... "

"အေးလေကွာ ... "

"ဒါဆို ကျွန်တော်တို့ ပြောနေတာတွေကိုကော ကြားလားဟင် ... "

"ကြားတာပေါ့ကွာ ... မင်းတို့တွေ အန်ကယ့်အတင်း ပြောနေကြတာလေ ... ဒီထက်ပိုပြီး အန်ကယ် သည်းမခံနိုင်တော့လို့ ... မင်းတို့စကားကို ဖြတ်လိုက်ရတာ ... "

"ဆောရီးပဲ အန်ကယ်ရာ ... ကျွန်တော်တို့ အန်ကယ့်အပေါ်မှာ ပြစ်မှားမိပါတယ် ... "

"လူငယ်တွေပဲကွာ ... ဒီလောက်တော့ ရှိမှာပေါ့ ... ကဲ... ကဲ ... မင်းတို့စားချင်တာကို မင်နူးထဲမှာ ကြည့်သာ မှာတော့ ... "

"ကျွန်တော်တို့ ကြိုက်တာမှာရမှာလား အန်ကယ် ... "

“ရပါတယ်ကွာ မှာသာမှာပါ … တို့တွေက ဒီတစ်ခါတွေ့ပြီး နောက်ဆို ပြန်ဆုံချင်မှ ဆုံကြတော့မှာပါကွာ … အန်ကယ်ကလည်း အန်ကယ့်အလုပ်နဲ့အန်ကယ် မအားဘူးဆိုတော့ မင်းတို့နဲ့ ရှေ့လျှောက်ပြန်ဆုံတွေ့ဖို့ဟာ မလွယ်တော့ဘူးလေ … ဒါကြောင့် ဒီတစ်ခါ ထမင်းစားရင်းနဲ့ပဲ တို့တွေနှုတ်ဆက်လိုက်ကြတာပေါ့ကွာ … ”

“ဘာလို့ မတွေ့ရတော့မှာလဲ အန်ကယ်ရယ် … အန်ကယ့်စကားက ကျွန်တော်တို့အပေါ်မှာ စိမ်းကားလွန်းပါတယ် … လာချင်ရင် အနီးလေး မလာချင်ရင် ခရီးဝေးဆိုတဲ့ ကျွန်တော်တို့ မြန်မာစကားပုံလည်း ရှိပါတယ် … အန်ကယ်ကသာ ကျွန်တော်တို့ကိုမခင်လို့ ခရီးဝေးချင်ဝေးနေမှာပါ … ကျွန်တော်တို့အတွက်ကတော့ အန်ကယ့်ကို ‘ခင်’တယ်လေးစားတယ် … ဒါကြောင့်မို့ အန်ကယ်နဲ့ ပတ်သက်ရင် အမြဲတမ်း ‘ခရီး’ ‘က’ နီးနေမှာပါ အန်ကယ် … ”

“ဒါနဲ့များကွာ … အန်ကယ့်ကို ‘ညာ’ပြီလေးဘာလေးနဲ့ မင်းတို့မို့ ပြောရက်ကြတယ် … ”





“ဒါကတော့ … ဒီကောင်ရန်ပြေ … အဲဒီရန်အောင်ဆိုတဲ့ကောင် ပြောတာ … အဲဒီကောင်ပါးစပ်က သူများကို ဘယ်တော့မှ အကောင်းပြောတတ်တာ မဟုတ်ဘူး … ဒါ သူ့အကျင့်ပဲလေ … ”

“အန်ကယ်တို့ ဘယ်တော့ ပြန်မှာလဲ … ”

“နောက်သုံးလေးရက်ဆို ပြန်တော့မှာကွ … ”

“အန်ကယ်မပြန်ခင် အန်ကယ်တို့မိသားစုကို ကျွန်တော်တို့က တစ်လှည့် ထမင်းကျွေးချင်လို့ပါ … ”

“ရပါတယ် … ငါ့တူတို့ရယ် … အန်ကယ်တို့မှာ စားဖို့လည်း အချိန်မရှိတော့လို့ပါ … ခုလို အန်ကယ်တို့မိသားစုကို သတိတရရှိတဲ့အတွက် အရမ်းကျေးဇူးတင်ပါတယ် … မင်းတို့ကကော ဘယ်တော့လောက် ပြန်မှာလဲ … ”

“အင်း … အန်ကယ်တို့ ပြန်တဲ့အချိန်ပဲ လိုက်ပြန်ရရင်ကောင်းမလားမသိဘူး … ဟော့ကောင် ကိုသက်နဲ့ရန်အောင်မင်းတို့သဘောကကော ဘယ်လိုလဲ … ”

“မင်းသဘောပဲလေ … မင်းစိတ်တွေ အေးချမ်းမှုရသွားပြီ

ဆိုရင်တော့ ပြန်ပေါ့ … တို့ကတော့ အဆင်သင့်ပဲ … ”
“ဒီကောင် လွင်မောင်က ဘာဖြစ်နေလို့လဲ … ”
“ဒီကောင်က ဗီလင်တွေတက်နေလို့ အန်ကယ်ရဲ့ … အဲဒါ သူစိတ်တွေက ရူးမလိုလို ဘာလိုလို ဖြစ်နေလို့ သူ့မိဘတွေက … သူ့အတွက် စိတ်ပြေရာပြေကြောင်းဆိုပြီး ခရီးထွက်ဖို့ ကျွန်တော်တို့နဲ့ လွှတ်လိုက်တာဗျ … ”
“ဟ … လွင်မောင်က ဒီလိုလား … ဒါကြောင့် အန်ကယ် သူ့ကိုကြည့်နေတာ … တစ်ခါတစ်ခါ ပျော်လိုက် … တစ်ခါတစ်ခါကျတော့ ငေးငေးငိုင်ငိုင်ကြီးဖြစ်လိုက်နဲ့ … အန်ကယ်က ဒါကို မြင်မြင်ချင်း သတိထားမိလိုက်တာ … ဒီကောင် စိတ်မှန့်ရဲ့လားလို့တောင် ထင်မိတာ သိလား … ”
“ဒီလောက်ကြီးတော့လည်း မဟုတ်ပါဘူး အန်ကယ်ရာ … ကျွန်တော်က အရမ်းခံစားတတ်လွန်းလို့ ဖြစ်နေတဲ့သဘောတွေပါ … ဒီကောင် ရန်အောင်တို့ ကိုသက်တို့ဆို ကျွန်တော့်လို အသည်းနှလုံးမျိုးမရှိတော့ … သူတို့ကိုကြည့်ရတာ အရမ်းကို ပေါ့ပါးတာလေ … ရည်းစားဆိုတာလည်း မပြော





နဲ့တော့ တစ်ယောက်ပြီးတစ်ယောက်ပဲ … တစ်ခါတလေ တစ်နေ့တည်းတောင် နှစ်ယောက် အချိန်ပိုင်းနဲ့ တွဲတာက လည်း ရှိသေးတယ် … ”
“ဟ … တယ်ဟုတ်ပါလား … ဒါပေမဲ့ အန်ကယ် မင်းတို့ကို ဆုံးမချင်တာတစ်ခုတော့ ရှိတယ်ကွာ … ရည်းစားတွေ ထည်လည်း ထားတာကတော့ မကောင်းပါဘူး … ကိုယ့်ဟာကိုယ်ရှာ … သေသေချာချာတွေး … ဒီကောင်မလေးဟာ ငါနဲ့ ရာသက်ပန်အတူနေလို့ ဖြစ်မဖြစ်ဆိုတာကို စဉ်းစား … အဲ … လက်တွဲလို့ဖြစ်ပြီး … သူ့ကိုပဲ ကိုယ်တစ်သက်လုံး ချစ်သွားနိုင်မယ်ဆိုရင်တော့ တွဲသာတွဲပေတော့ ငါ့တူရေ … ကဲ ဒီက လွင်မောင်ကကော ရည်းစားနဲ့ ကွဲလာတာလား … ”
“ရည်းစားနဲ့ ကွဲတာလည်း မဟုတ်ဘူး … ရည်းစားရှိသေးတာလည်း မဟုတ်ဘူး … ကောင်မလေးကို သူ့ဟာသူ တစ်ဖက်သတ်ကြိုက်ပြီး … ဗီလင်တွေ ဝင်နေတာလေ … ”
“မင်းအသက်က ဘယ်နှစ်နှစ်ရှိပြီလဲ မောင်လွင်မောင် …”

"ဆယ်ကိုးနှစ်ပါ အန်ကယ် ... "

"ဟ ... ငယ်ငယ်လေးရှိသေးတာပဲ ... အန်ကယ်က မင်းအသက်ကို နှစ်ဆယ့်ရှစ် နှစ်ဆယ့်ကိုးလောက် ရှိမယ်ထင်နေတာ ... "

"ရက်စက်လိုက်တာ အန်ကယ်ရာ ... "

"အသက်၁၉နှစ်ပြည့်ပြီးတာမှ တစ်လလောက်ပဲ ရှိပါသေးတယ် ... "

"ဩော် ... မင်းက ဒါဆို တော်တော်ရင့်တာပဲနော် ... "

"ဒီစကားကို အန်ကယ်တစ်ယောက်ပဲ ပြောတာ ကြားဖူးပါတယ် ... "

"ဟင်း ... ဟင်း ... ဟင်း ... "

သမီးရေ ငါ့သမီးမှန်သွားပြီ၊ ဦးသီဟတစ်ယောက် ရင်ထဲက သမီးဖြစ်သူ တွက်ထားသော ဒီကောင်တွေ၏ အသက်ဟာ အမှန်ပဲဆိုတာ ကျိတ်၍ချီးကျူးလိုက်ပါသည်။

မနေ့တုန်းကတော့ 'ဏီဇ' တို့ကို ကျေးဇူးရှင်ဆိုပြီး ဦးသီဟ လိုက်လိုက်လျောလျော ဆက်ဆံခဲ့ပါသော်လည်း၊ သူ့သမီး





ကို ခိုးခိုးကြည့်လို့ မကျေနပ်တာရယ်၊ သူ မရောက်သေးဘူးထင်ပြီး သူ့အတင်းတွေ ပြောနေတာကို မကျေနပ်တာရယ် ပေါင်းပြီး ဏီဇကို အပီချနေပါတော့သည်။

"မောင်လွင်မောင် ... မင်းရဲ့ ဖိလင်လေးကို 'အန်ကယ်' မသိရဘူးလား ... "

"သိရပါတယ် အန်ကယ် ... ကျွန်တော့်ဝေဒနာတွေက ပြင်းထန်လွန်းလို့ ဒီဝေဒနာတွေကို တွေ့ရင်တွေ့သလို ကြုံရင်ကြုံသလိုရင်ဖွင့်ရတဲ့အခါမျိုးမှာတော့ ... ကျွန်တော့်ရင်ထဲက ဝေဒနာတွေက နည်းနည်း လျော့လျော့သွားသလိုရှိတာမို့ ဖွင့်ပြောဖို့ အမြဲတမ်း အဆင်သင့်ရှိနေပါတယ် အန်ကယ်..."

တကယ်တော့ ဦးသီဟက လွင်မောင်ဆိုသူ ကောင်လေး၏အကြောင်းကို သိချင်နေ၍တော့ မဟုတ်ပါ။ မနေ့တုန်းက ဒီကောင်လေးတွေနှင့် သူ့သမီး ရွှေပေလွှာတို့ ကြုံတွေ့သွားခဲ့တုန်းက အားလုံးထဲတွင် အကဲဆုံး အသည်းဆုံးဖြစ်နေသော 'လွင်မောင်' ဆိုသော ကောင်လေးကို သူ ချောက်ချချင်လွန်းနေ၍ ဖြစ်ပါသည်။

"ကဲ လင်းစမ်းပါဦး မောင်လွင်မောင် ... မင်းအကြောင်း

လေ ... ”

ဦးသီဟက ပါးစပ်ထဲ ထမင်းတစ်လုပ်ကို မစားချင်စားချင်နှင့် ပစ်သွင်းလိုက်ပါသည်။

“ကျွန်တော် ကျောင်းမှာ ကောင်မလေးတစ်ယောက်နဲ့ 'ခင်' ဖူးပါတယ် အန်ကယ် ... ”

“ဒါကတော့ကွာ မဆန်းပါဘူး ... နေပါဦး မင်းက ဘယ်ကျောင်းမှာ တက်နေလို့တုန်း ... ”

“U.F.L မှာပါ အန်ကယ် ... ”

ဦးသီဟ အနည်းငယ် မျက်လုံးပြူးသွားသည်။

“အတန်းနဲ့ ဘာသာကကော ... ”

“ဒုတိယနှစ် ကိုးရီးယားဘာသာတွဲပါ အန်ကယ် ... ”

“အန်ကယ်လည်း သမီးကိုပို့ရင်းနဲ့ ဒီကျောင်းကို အမြဲရောက်နေတာပဲ ... မင်းကို မပြောနဲ့ ... မင်းနဲ့တူတဲ့ ရုပ်မျိုးကိုတောင် မတွေ့မိပါဘူးကွာ ... ”

“အန်ကယ့်ကိုလည်း ကျွန်တော် တစ်ခါမှ မမြင်ဘူးဘူး ... ”

“အေးပေါ့ကွာ ... ငါက လူကြီးဆိုတော့ မင်းက ဘယ်အထိ





ထားမိပါ့မလဲ ... ”

အန်ကယ်ဦးသီဟ အထင်မှားနေပြီခင်ဗျ ... ။ ကျွန်တော် မောင်ဇော်ဇဆိုတဲ့ကောင်ဟာလေ ... မနက်မိုးလင်းလို့ ကျောင်းကိုရောက်တာနဲ့ အန်ကယ်ကားကိုပဲ အရင်ဆုံး မျှော်တာပါ အန်ကယ်။ ပြီးတော့ ကားပေါ်ကဆင်းလာမယ့် အန်ကယ့်သမီး ချောချောလေးကိုလေ ... အဲဒါဆို ကျွန်တော့်ဘဝအတွက် အဲဒီနေ့ဟာ ပီပြင်ပြီး အရမ်းကို အဓိပ္ပာယ်ရှိသွားရော အန်ကယ်ရဲ့ ... ။

အန်ကယ်နာမည် ဦးသီဟ၊ အန်ကယ်ဟာ နေ့တိုင်းလိုလို စပို့ရှပ်အညိုရောင်ဖျော့ဖျော့လေးမှာ ကော်လာက အနက်စင်းလေးတစ်စင်းပါတဲ့။ အင်္ကျီကို ကြိုက်လွန်းလို့လားတော့ မသိပါဘူး။ နေ့တိုင်းလိုလို ဝတ်တတ်တာရယ်၊ ပြီးတော့ အန်ကယ့်ပါးစပ်က အမြဲတမ်း ပီကေဝါးနေတာရယ်၊ အဲဒါတွေကအစ ကျွန်တော် အကုန်မြင်နေ သိနေပါတယ် အန်ကယ်။ ကုန်ကုန်ပြောမယ် သမီးနဲ့ဇနီးကို ကားကောင်းကြီးစီးစေပြီး အန်ကယ်ကတော့ အလုပ်သွားရင် စူပါရှ(ဖ်)လေးနဲ့ သွားရတဲ့ ဆိုးဝါးလှတဲ့ အန်ကယ့်ရဲ့ ရင်နာစရာအဖြစ်တွေကိုကစ သိနေပါတယ် အန်ကယ်လို့ ဇော်ဇ ဖြေလိုက်

ချင်ပါသည်။

"မင်းကောင်းမလေးကကော မင်းနဲ့ အတန်တူတူပဲလား"

"မတူဘူး အန်ကယ် ... သူက ဒီနှစ်မှ ရောက်တဲ့ ပထမနှစ်ကျောင်းသူပါ ... "

"သြော် ... အေးအေး ... မင်းတို့ထက်တော့ ငယ်မှာပေါ့နော် ... "

"ဒါပေါ့ အန်ကယ်ရာ ... ကောင်မလေးက ငယ်နေတော့ သူ့အချစ်ကို လက်ခံဖို့ မဝံ့မရဲဖြစ်နေတယ်လေ ... အဲဒါကို ဒီကောင်က သူ့ကို ကောင်မလေးက မကြိုက်နိုင်လို့ တမင်ရှောင်နေတာပါဆိုပြီး ဖီလင်တွေက တက်ပါလေရော ..."

ဖေဇက ဦးသီဟတစ်ယောက် သူ့သမီးနှင့် ပတ်သက်၍ သူတို့အပေါ် ကင်းကင်းရှင်းရှင်း ရှိစေရန် တမင် ပထမနှစ်ပါဟု ပြောလိုက်တာကို၊ ဦးသီဟ ယုံကြည်သွားပါသည်။

ဒီနေရာမှာ ရန်ပြေ၏ ပထမနှစ်က ကောင်းမလေးကို 'လိုက်'လို့မရ၍ ဖေဇ စိတ်ညစ်နေရတာလို့ ဝင်ထောက်ပေးလိုက်တော့ ပိုပြီး ယုတ္တိရှိသွားပါသည်။





"ငယ်သေးလို့တော့ ဟုတ်မယ်မထင်ပါဘူး မောင်လွင်မောင်ရာ ... တက္ကသိုလ်ရောက်ပြီဆိုတော့ ... သူကလေးတို့မှာ တွေးတောကြံစည်တတ်တဲ့ ဦးနှောက်ကလေးတော့ ရှိမှာပေါ့ ...

မင်းကကော ကောင်မလေးမကြိုက်တာ ဘာချို့ယွင်းချက်များ လုပ်မိလို့လဲ ... "

"ကျွန်တော် သူမကြိုက်တာ ဘာမှ မလုပ်မိပါဘူး အန်ကယ်ရာ ... "

"အေးပေါ့ကွာ ... သူ့မှာလည်း စဉ်းစားစရာတွေ ရှိမှာပေါ့... အန်ကယ့်အနေနဲ့ အမှန်အတိုင်းပြောရမယ်ဆိုရင်တော့ မောင်လွင်မောင် စိတ်မဆိုးနဲ့နော် ... ဒီကောင်မလေးနေရာမှာသာ အန်ကယ်ဆိုရင်လည်း မင်းကို မကြိုက်နိုင်ဘူးကွာ"

"ဟာ ... အန်ကယ်ကလည်း လူကို ရေရေလည်လည်သိက္ခာချတယ်ဗျာ ... "

"အေးလေကွာ ... မိန်းကလေးဆိုတာ အဲလို လပ်ယားလပ်ယာ လျှောက်သွားပြီး ... စည်းမရှိကမ်းမရှိတွေ လျှောက်

လုပ်နေတဲ့ ကောင်လေးတွေမျိုးဆိုရင် … ဘယ်တော့မှ အတည်ကြံချင်ကြတာ မဟုတ်ဘူးကွ မောင်လွင်မောင်ရ…"

"အန်ကယ့်ကို စိတ်ပြေရာပြေကြောင်း ရင်ဖွင့်လိုက်ကာမှ ပိုဆိုးလာပါလား အန်ကယ်ရာ … "

"အလကားပါ မောင်လွင်မောင်ရာ … မင်းစိတ်ခတ်မကျ ပါနဲ့ … အန်ကယ်က အလကားစတာပါ … "

"အချစ်ဆိုတာ ဒီလိုပဲကွ … အလှည့်အပြောင်းအကွေ့ အကောက်တွေ အရမ်းများတယ် … အဲဒါကို မင်းကြံ့ကြံ့ခိုင် ရင်ဆိုင်ဖို့ အရေးကြီးတယ် … အန်ကယ် ငယ်ငယ်တုန်းကလည်း ဒီလိုပဲ … မင်းအန်တီစိတ်နဲ့ ရှုးမတတ်အောင် ခံစားရတာ … မင်းအန်တီက ရုပ်ကလည်း အရမ်းချော တာ… "

"ခဏနော် အန်ကယ် … ကျွန်တော် ကြားဖြတ်မေးရဦး မယ် … အန်ကယ့်ဇနီးနဲ့သမီး ဘယ်သူက ပိုလှလဲဟင်"

"နေစမ်းပါကွာ … ဒါတွေက အရေးမကြီးပါဘူး … အန်ကယ့် စကားကိုသာ နားထောင်စမ်းပါ … အဲသလို မင်းအန်တီက





လှလည်းလှ … မာနကလည်းကြီး နာမည်ကလည်း ကြည့် ဦးလေ … ခင်စိမ်းဝင်းတဲ့ သူ့ကို အားလုံးက'စိမ်း'လို့ပဲ ခေါ် ကြတာ …

စိမ်းဆိုတဲ့အတိုင်း တကယ်ကို စိမ်းကားတတ်တဲ့ မိန်းမပါပဲ ကွာ … အန်ကယ့်များဆို မတူသလို မတန်သလိုပေါ့ကွာ… ဒါပေမဲ့ အန်ကယ့်ကို ပစ်ပစ်ခါခါကြီးလားဆိုတော့လည်း မဟုတ်သေးဘူးကွ …

သူ့စိတ်ထဲ သဘောတွေ့တဲ့အခါဆို ရယ်ရယ်မောမော ဆက် ဆံတတ်သလို … သူ မလိုလားတဲ့အခါမျိုးဆို လှည့်ကို တောင် မကြည့်ဘူး … အဲဒီနေ့များဆို အန်ကယ်မှာ အရူး အလိုမ့် ခံရတာပေါ့ကွာ …

ဒါပေမဲ့ … သူ့ဘက်က အန်ကယ့်အပေါ် ပျော့ပြောင်းတတ် တဲ့ အခါမျိုးကလည်းရှိတော့ အန်ကယ်'ဖွဲ့'ကိုတော့ လုံးဝ မလျော့ဘူး … 'ဖွဲ့'ကိုဆောင်ထားတဲ့ သဘောပါကွာ … မင်းတို့လည်း ကြားဖူးမှာပေါ့ … တို့မြန်မာစကားလေ … ဖွဲ့တစ်လုံးဆောင် အိုတောင်မဆင်းရဲဆိုတာလေ … "

"ဟာ အန်ကယ်မှားနေပြီ ... ဘူးတစ်လုံးဆောင် အိုတောင် မဆင်းရဲပါ ..."

"ဩော် ... မှားလို့ ... မှားလို့ ပြောချင်ဇောနဲ့ အန်ကယ် ဘာတွေပြောမိမှန်း မသိတော့ဘူး ... အဲဒီလိုနဲ့ အန်ကယ် 'စိမ်း'ကို နွေ၊ မိုး၊ ဆောင်း သုံးရာသီစလုံး အသေကပ်တာ ပေါ့ကွာ ...

စိမ်းမကြိုက်တာဆို ဘာမှ မလုပ်ဘူး ... အဲ စိမ်းက ပန်းကို သိပ်ကြိုက်တာ ... သူ ကျောင်းကိုလာတိုင်း သူဝတ်တဲ့အင်္ကျီနဲ့ လိုက်ဖက်တဲ့ပန်းကို အမြဲပန်တတ်တာလေ ... ဒါကိုတော့ အန်ကယ်ကောင်းကောင်း သတိပြုမိတာ ...

ဒါကြောင့်မို့ 'စိမ်း'အတွက် ... နေ့တိုင်း ပန်းကို တစ်မျိုးပြီး တစ်မျိုး အမျိုးစုံအောင် နေ့တိုင်းကို ယူလာပေးတာ ... အန်ကယ့်အမေက ပန်းရောင်းတာမို့လား ..."

"ဟာ ... တကယ်ပဲလား အန်ကယ်ရာ ... အန်ကယ့်ကို ကြည့်ရတာ ... ဒီလောက်ဆင်းရဲမယ့်ပုံ ... မဟုတ်ဘူးနော် ကိုသက် ..."





"ဟုတ်တယ်နော် ... လွင်မောင် ..."

"ဟော့ကောင်တွေ မင်းတို့က အရှူးကြနေတာပဲ ... အန်ကယ့်အမေက ပန်းရောင်းတယ်ဆိုတာက ကိုယ့်ခြံထဲက ပန်းကို ကိုယ်ရောင်းတာကွ ... အန်ကယ့်မိဘတွေပိုင်တဲ့ ခြံကြီးက အကျယ်ကြီး ... သဇင်တွေ၊ သစ်ခွတွေဆိုတာမှ မျိုးကိုစုံနေတာ ... အဲဒါ ပိုက်ဆံချမ်းသာတဲ့လူမှ နေနိုင်လုပ်နိုင်တဲ့ လုပ်ငန်းကွ ... ဘယ်နှယ့်ကွာ ... မင်းတို့က အသားလွှတ်ကြီး အန်ကယ်ကို အထင်သေးနေကြတာ ..."

"ဒီလိုတော့ မဟုတ်ပါဘူးဗျာ ... ကျွန်တော်တို့က အန်ကယ့်ကို အထင်တွေစွတ်ကြီးနေလို့သာ အန်ကယ်နဲ့ဆက်ပြီး အပေါင်းအသင်းလုပ်ချင်တာပါ ... ကျွန်တော်တို့ ဘွဲ့ရပြီးလို့ အလုပ်အကိုင်လေးဘာလေး လိုချင်ရင်လည်း အန်ကယ့်ကိုပဲ အားကိုးရမှာပါ ..."

"ဟာ ... ဒါတော့ မဖြစ်ဘူး ... အန်ကယ် ဒီလောက်အထိတော့ မင်းတို့ကို တာဝန်မယူနိုင်ဘူး ..."

"အန်ကယ် အရမ်းရက်စက်တယ် ..."

"ရက်စက်တာတော့ မဟုတ်ပါဘူး မောင်ရန်အောင်ရယ် ... ဒီကိစ္စမျိုးက ခုထဲက ပြတ်ပြတ်သားသား ပြောထားတာ ပိုကောင်းတာပေါ့ ဟုတ်ဘူးလား ... "

"အဲဒါနဲ့ အန်တီနဲ့ အန်ကယ်က အဆင်ပြေသွားရောလား..."

"ဒါပေါ့ ... သူ့ကို အမြဲတမ်း အနားကမခွာဘဲ တကျည်ကျည် လုပ်နေတော့ နောက်ဆုံးတော့ အန်ကယ့်အချစ်ကို လက်ခံ လိုက်ရတာပေါ့ကွာ ... "

"ပိုင်တယ်ဗျာ ... အန်ကယ့်လုပ်ရပ်တွေဟာ တကယ်နမူနာ ယူစရာပါပဲ ... "

"ဒါပေါ့ကွ ... အန်ကယ်က လူကြီးဖြစ်ပြီး မြှောက်ပေးရတာ ကတော့ မကောင်းဘူးပေါ့ကွာ ... ဒါပေမဲ့ မင်း ကောင်မ လေးအချစ်ကို တကယ်လိုချင်တယ်ဆိုရင်တော့ ... သူ့ နောက်ကို ထပ်ချပ်မကွာ မနားတန်းလိုက်ပေး ... ပြီးတော့ သူ နှစ်သက်မဲ့ပစ္စည်းလေးတွေကို ခဏခဏ လက်ဆောင် ပေးပေး ... 'မခံဘူးကွာ' သူလည်း ဘာသားနဲ့လုပ်တာမှတ် လို့ မင်းကို ကောင်မလေး ချစ်ကိုချစ်လာစေရမယ် ... "





"အားတက်စရာကောင်းလိုက်တာ အန်ကယ်ရာ၊ တကယ် ပါပဲ ... အန်ကယ်နဲ့တွေ့ရတာ ကျွန်တော့်အတွက် အချစ် ပါရဂူကြီးတစ်ယောက်နဲ့ တွေ့ရသလိုပဲမှတ်ပါတယ် ... တကယ်ပါနော် ... ကျွန်တော့်ကို ကောင်မလေးက ပြန် လက်ခံမှာပါနော် အန်ကယ် ... "

"တကယ်မဟုတ်ပါဘူး မောင်လွင်မောင် ... နှစ်ကယ် ... နှစ်ကယ် ... လောင်းတောင်လောင်းလိုက်ချင်သေးတယ်... ဒါပေမဲ့ ... နောက်ကျရင် မင်းတို့နဲ့ အန်ကယ်က တွေ့ချင်မှ တွေ့ဖြစ်တော့မှာမို့လား ... "

"လာပြန်ပြီ ... အန်ကယ့် ဒီ တွေ့ချင်မှတွေ့ဖြစ်တော့မှာ ဆိုတဲ့စကားကြီး ... နိမိတ်မရှိတဲ့ စကားကြီးကို မပြောပါနဲ့ အန်ကယ်ရာ ... ဖွဟဲ့ လွဲစေ ... ဖယ်စေ ... "

"ကဲ ... ကဲ ... စကားတွေလည်း အများကြီး ပြောဖြစ်သွား ပြီ ... စားလို့လည်းပြီးပြီ ... တို့တွေ လမ်းခွဲကြပါစို့လား ကွာနော် ... "

ဦးသီဟက ဏီ၈၊ ရန်ပြေနှင့် သက်ငြိမ်တို့သုံး

ယောက်ကို တစ်ဦးချင်း လက်ဆွဲနှုတ်ဆက်ကာ မကြေကွဲပေမယ့် ကြေကွဲသည့်ပုံဟန်ဆောင်ကာ လမ်းခွဲခဲ့ကြပါတော့သည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







မိုးလင်းထိပေါ့ ... ဂီတာလာတီးမယ်
မင်းလေတစ်ယောက်တော့ နားဆင်နိုင်ဖို့
တံခါးလေးဖွင့်လို့ သူကြိုနေသင့်တယ်
အသိအမှတ်တစ်ခုလောက် ပြုပါတော့
ကောင်မလေးရယ် ... မရှောင်ပြေးနဲ့ ... မင်းခန်းစီးလေး
ဖွင့်ကာ နှုတ်ဆက်ဖို့ ကောင်းပါတယ် ... ကောင်မလေးရယ်
မရှောင်ပြေးနဲ့ ... မင်းမကြိုက်ခဲ့ရင် ကိုယ်အခုချက်ချင်း

လှည့်ပြန်ပါမယ်
မင်းမိဘများ ဆူနေသေးရင်
အိပ်စက်နားဆင်ကွယ် ... ဒီသီချင်းလေးနဲ့ပေါ့
ကိုယ်တစ်ခုပြောမယ် ... ကိုယ်မင်းကိုပဲ
ချစ်ပါတယ် ... ကောင်မလေးရယ် ...
မရှောင်ပြေးနဲ့ ... မင်းခန်းစီးလေးဖွင့်ကာ
နှုတ်ဆက်ဖို့ ကောင်းပါတယ် ... ကောင်မလေးရယ်
မရှောင်ပြေးနဲ့ ... မင်းမကြိုက်ခဲ့ရင် ကိုယ်အစချက်ချင်း လှည့်
ပြန်ပါ့မယ် ...

မလှမ်းမကမ်းမှ ပေါ်ထွက်လာသော ဂီတသံနှင့် သီချင်းသံကြောင့် ရွှေပေလွှာ အိပ်လို့မပျော်တော့ပါ။ အချိန်က ည ၁၁နာရီကျော်နေပြီမို့ သူမ၏ အဖေနှင့်အမေက 'တခေါခေါ'နှင့် အိပ်ပျော်နေကြပါပြီ။

ဒီဂီတာနှင့် သီချင်းဆိုသံကို ရွှေပေလွှာ ကောင်းကောင်းသိပါသည်။

ဒါ ဏီဇတို့သုံးယောက် ဖြစ်မည်ဆိုတာကို ဗေဒင်





ကြည့်နေ မေးနေစရာ မလိုတော့ပါ။

ဏီဇတစ်ယောက် သူမကို အရမ်းတွေ့ချင်နေမည်ဆိုတာကို ရွှေပေလွှာ သိထားသော်လည်း ဘယ်လိုမှ တွေ့ဖို့ဟာ အခွင့်အရေး မပေးနိုင်တော့မှန်း ရွှေပေလွှာသိပါသည်။

တကယ်ဆို ခုလို ပျော်စရာကောင်းတဲ့ မြို့ကြီးမှာ မမျှော်လင့်ဘဲ သူတို့နှစ်ယောက် ဆုံစည်းခွင့်ရတာဟာ၊ အရမ်းကို ကုသိုလ်ကံထူးတယ်လို့ ဆိုရမှာပါ။ ဒီနေရာမျိုးမှာ နှစ်ယောက်သား လျှောက်လည်လိုက်ရရင် ဘယ်လောက် ပျော်စရာကောင်းလိုက်မလဲ။

'ရွှေပေ' လူချင်းတွေ့ဆုံနှုတ်ဆက်ခွင့်မပေးနိုင်တာကို တောင်းပန်ပါတယ် ဏီဇရယ်။ တကယ်တော့ ရွှေပေ ဏီဇကို အရမ်းတွေ့ချင်နေတာပါလို့တစ်ဦးတည်းရေရွတ်မိလိုက်ပါတော့သည်။

ရွှေပေလွှာက ဏီဇအတွက် စာသုံးလေးကြောင်းလောက် ရေးပေးလိုက်ပါသည်။

***ဏီဇ ...***

***ရွှေပေ့ကို ခွင့်လွှတ်ပါနော် ... ရန်ကုန်ရောက်မှ ရွှေပေတို့***

*အတိုးချ စကားတွေပြောကြတာပေါ့နော် ... မနက်ဖြန်လည်း ဒီလိုပဲ သီချင်းလာဆိုနော် ... ရွှေပေ မအိပ်ဘဲ နားထောင်နေမယ် ...*

*ဏီဇရဲ့*

*ရွှေပေ*

စာရွက်လေးကို အထဲမှ ကတ်ထူးပြားလေးတစ်ခု ထည့်ကာ ခေါက်လိုက်ပါသည်။

'ကဲ'ပဲပေါ့ ဏီဇရယ်၊ ဒီစာလေးကို ဒီပြတင်းပေါက်က ပစ်ချလိုက်တယ်၊ ဏီဇတို့ပြန်ရင်တော့ ကောက်ယူလိုက်ပေါ့ဟု စိတ်ထဲထားကာ ရွှေပေလွှာက ပြတင်းပေါက်ဆီ သွားရပ်လိုက်ပါသည်။

"ဟော့ ... ရန်ပြေ ... ဟိုပြတင်းပေါက်မှာ ရပ်နေတာ ရွှေပေလေးမို့လား ... "

"ရွှေပေဆိုလည်း ရွှေပေပေါ့ကွာ ... ဘယ်က 'လေး'တစ်လုံးက ပိုလာရပြန်တာလဲ ... "

"မတွေ့ရတာကြာလို့ ... သတိတွေ ပိုရလာပြီ ... တယုတယနဲ့ ရွှေပေလေးလို့ ခေါ်မိတာပါကွာ ... "





"အရေးထဲ ... အရူးကလည်း ထနေရသေးတယ် ... "

"ဟုတ်တယ်မို့လား သက်ငြိမ် သေသေချာချာ ကြည့်ပေးပါဦး ... "

"အေးပါ ဟုတ်ပါတယ် ... ရွှေပေလွှာတည်းတဲ့ အခန်းက ရွှေပေလွှာမထွက်လာလို့ ဘယ်သူထွက်လာရမှာလဲ ... ဘာလဲ ... မင်းက 'ဘိုသူရဲမ' ထွက်လာတယ် ထင်နေလို့လား ... "

"သွားစမ်းပါကွာ ... ငါအကောင်းမေးနေတာကို ... "

"အေးလေ ... ဟုတ်ပါတယ် ... ဟောတွေ့လား ဟိုမှာ အဖြူရောင်လေးတောင် ထောင်ပြနေသေးတယ် ... ဟာ... လွှတ်ချလိုက်ပြီ ... "

ပြောပြောဆိုဆို ဏီဇတစ်ယောက် ရွှေပေလွှာ လွှတ်ချလိုက်သော အဖြူရောင်ပစ္စည်းလေးကို အပြေးအလွှား ကောက်ယူလိုက်ပါတော့သည်။

အဟင်း ... ဟင်း ... ဟင်း ...

ဖခင်ဖြစ်သူ ဦးသီဟတစ်ယောက် လှုပ်လှုပ်ရှားရှား

ဖြစ်လာသည်နှင့်အတူ မျက်လုံးတွေပင် ဖွင့်လာပါသည်။

"ဖေဖေ ... တရေးနိုးပြီးလား ... ရေသောက်မလားဟင်"

"မသောက်ပါဘူးကွာ ... သမီးက ဘာလို့ မအိပ်သေးတာလဲ ... "

"သမီး အိပ်လို့မပျော်လို့ပါ ဖေဖေ ... "

"ဟ ... သီချင်းသံတွေပါလား ... ဒါ ဘယ်ကလဲ ... "

"ကြာလှပြီ ... ဖေဖေတို့က အိပ်ပျော်နေလို့ မကြားတာ"

ခုမှပင် သီချင်းသံက ပို၍ ပို၍ ကျယ်လာပါသည်။ ရွှေပေ ပစ်ချလိုက်သော စာရွက်ခေါက်လေးကို ဖတ်ပြီး ဏီဇအားတွေ အရမ်းရှိလာလို့လားတော့ မသိပါ။ ဂီတာသံက ပိုပြီး ကျယ်လောင်လာသလို၊ သူ၏အသံဆိုး၊ အသံသြကြီးကလည်း လုံးသြလို့ ထွက်လာပါသည်။

"ဆိုးဝါးလိုက်တဲ့ အသံတွေ ... ဒီအသံတွေကြောင့် သမီး အိပ်မပျော်တာဖြစ်မှာ ... ငါ့မှာ လေးဂွသာရှိရင် ဒီကောင်တွေတော့ ... အာလူးသီး တစ်ယောက်တစ်လုံးစီ ထွက်သွားနိုင်တယ် ... "





"ဖေဖေရယ် ... သူများရပ်ရွာမှာ ဒီလိုမျိုးတွေ လျှောက်လုပ်လို့ ဘယ်ကောင်းပါ့မလဲ ... ဖေဖေအိပ်တော့နော် ... သမီးလည်း ကြိုးစားပြီး အိပ်လိုက်မယ် ... "

"ဒီအသံတွေ နားမထောင်နဲ့နော်သမီး၊ အလကား အောက်တန်းစားကောင်တွေ ... နား'သန'တယ် ... "

မသနပါဘူး ဖေဖေရယ်၊ နားထောင်လို့ ကောင်းကကောင်းနဲ့၊ ဏီဇဟာ ဒီလောက်သီချင်းဆိုကောင်းမှန်း ခုမှသိတယ်။ နှစ်ယောက်ထဲ တွေ့တော့မှ ဏီဇကို ဆိုခိုင်းမယ်၊ နေခင်းကြောင်တောင်ကြီးမို့ ဂီတာမပါရင်လည်း နေပါစေ၊ ဂီတာပါရင် ပိုတောင်ရှပ်သေးတယ်။ ရွှေပေလှာဆိုတဲ့ ကောင်မလေးက ဏီဇရဲ့ နှုတ်ဖျားက ထွက်လာတဲ့ သံစဉ်သန့်သန့်လေးကိုပဲ နားထောင်ချင်တာပါ ဖေဖေရယ်လို့ ရင်ထဲက ကျိတ်၍ ပြောလိုက်မိပါတော့သည်။









ညက အိပ်ပျက်ထားသည်မို့ ရွှေပေလွှာ မနက်မိုးလင်းတော့ တော်တော်နှင့် မထနိုင်တော့ပါ။

သူမ၏ဖခင် ဦးသီဟတစ်ယောက် အနည်းငယ်လှုပ်ရှားနေသလို မိခင်ဖြစ်သူ ဒေါ်ခင်စိမ်းဝင်းကလည်း ပစ္စည်းများကို တစ်ခုချင်း အိတ်ထဲတွင်ထည့်၍ သိမ်ဆည်းနေတာကို အိပ်ရာထဲမှ လှမ်း၍ တွေ့လိုက်ပါသည်။

"အေးအေးဆေးဆေး နေစမ်းပါမာမီရယ် ... သမီး သိမ်းပေးပါမယ် ... "

"ရပါတယ်သမီးရယ် ... မာမီလည်း အားနေတာပဲဟာ ... ဒီလောက်လေးလုပ်လို့ကတော့ ဘာမှ ဖြစ်မသွားပါဘူး ..."

မနက်အစောကြီး ဦးသီဟက အိပ်ရာက နိုးလာသည်။ ပြီးတော့ ဇနီးဖြစ်သူ နိုးအလာကို ထိုင်စောင့်နေသည်။ ဇနီးကိုတော့ နိုးစေချင်ပြီး သမီးကိုတော့ ဦးသီဟက ဆက်ပြီးတော့ အိပ်နေစေချင်ပါသေးသည်။

ဒီမိန်းမ မနိုးလို့ကတော့ ခဏနေရင် နှိုးမှဖြစ်တော့မည်။ သူ့မှာ ပြောစရာစကားတွေ ရှိနေပြီလေ။ ဒီစကားတွေကို သမီးရှေ့မှာ ပြော၍မဖြစ်ပါ။

သူ စဉ်းစားနေတုန်းမှာ ဒေါ်ခင်စိမ်းဝင်းက အိပ်ရာမှ နိုးလာပါသည်။

"စိမ်းရေ မျက်နှာမြန်မြန်သစ်ကွာ ... ကိုကို ပြောစရာစကား ရှိလို့ ..."

ဒေါ်ခင်စိမ်းဝင်း မျက်နှာသစ်ပြီးလို့ အဝတ်အစားလဲပြီးချိန်မှာတော့ သူတို့နှစ်ယောက် အပြင်ကို ခဏထွက်သွားကြပါသည်။





"ကိုကိုတို့ ဒီနေ့ပဲ ပြန်ကြရင် ကောင်းမယ်ထင်တယ် စိမ်း"

"ဘယ်လိုဖြစ်တာလဲ ကိုကိုရယ် ..."

"စိမ်းက တစ်ညလုံး တုန်းနေအောင်အိပ်နေတာညကအဖြစ်တွေကို ဘယ်သိပ့်မလဲ ..."

"ဘာတွေ ဖြစ်သွားလို့လဲ ကိုကိုရဲ့ ..."

"ညက ဟိုကောင်တွေလား မသိဘူး ... သီချင်းတွေ လာဆိုနေကြတယ် ..."

"ဘယ်ကောင်တွေလဲ ကိုကို ..."

"ဘယ်ကောင်တွေ ရှိရမှာလဲ 'စိမ်း'ရဲ့ ... ဟို 'အကုသိုလ်' ကောင်တွေလေ ... တကယ့်ကို ပြဿနာရှာတဲ့ကောင်တွေ ... အဆောင်ရှေ့မှာ သီချင်းတွေ အော်ကြီးဟစ်ကျယ်ဆိုနေကြတယ်လေ ... အဲဒါ ... တို့သမီးကို လာပြီဆိုနေကြတာဖြစ်မှာပေါ့ ..."

"ဟုတ်ပ့်ါမလား ကိုကိုရယ် ... ကိုကိုက ဒီကောင်တွေမှန်း ဘယ်လိုလုပ် သိနိုင်မှာလဲ ..."

"သိပ်သိတာပေါ့ စိမ်းရယ် ... ဒီကောင်တွေအသံဆိုတာ သိပ်

သေချာတယ် … အထူးသဖြင့် အဲဒီထဲမှာ ကိုကို့ကားကို ပြင်ပေးတဲ့ လွင်မောင်ဆိုတဲ့အကောင်က အကဲဆုံး … အသံကြီးကလည်းဆိုး ရုပ်ကြီးကလည်း ကျက်သရေ တစ်ပြားသားမှ မရှိ … အလကားကောင်တွေ ကိုယ့်ကို ကူညီလိုက်လို့သာ ရေလိုက်ငါးလိုက် ဆက်ဆံနေရတာ … ရန်ကုန်မှာသာဆို ဒီကောင်တွေကို ခွေးနဲ့ ရှူးတိုက်ပစ်လိုက်တယ် …”

“တော်ပါတော့ ကိုကိုရယ် … ကိုကို့မှာလည်း ဒီဒေါသနဲ့ ခက်နေတော့တာ … ကဲ ကိုကိုဘာပြောချင်တာလဲ … ”

“အေးလေ … ဒီကောင်တွေ ရှေ့လျှောက် ဆက်နှောင့်ယှက်ဖို့ အလားအလာတွေ အများကြီးရှိတယ် … ကိုကို မနေချင်တော့ဘူး … မနေချင်တော့တာထက် မနေသင့်ဘူးဆိုရင် ပိုမှန်တယ် … ကိုကိုတို့မှာက သမီးလေးနဲ့မို့လား၊ ဒီကောင်တွေက ဇရုတ်သုက္ခကောင်တွေ … ရည်းစားနဲ့အဆင်မပြေလို့ ထွက်လာတာတွေကော၊ ပြဿနာပေါင်းစုံနဲ့ကောင်တွေ … တော်ကြာ ကိုကိုနဲ့ခင်တယ်ဆိုပြီး အဝင်အထွက်တွေ ရှုပ်လာမှာစိုးရတယ်စိမ်းရာ … ပြန်ကြပါစို့ … စိမ်းတို့





မပြန်ချင်သေးဘူးဆိုရင်လည်း တစ်နေရာရာကို ဆက်ပြီး အလည်သွားကြတာပေါ့ ဟုတ်ဘူးလား … ”

“မသုံးပါဘူး … ‘စိမ်း’လည်း ဒီမှာနေရတာ ပျင်းလာပြီ ကိုကို့သဘောပဲ … ”

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။









မိုးလင်းထိပေါ့ ဂစ်တာလာတီးမယ်
မင်းလေးတစ်ယောက်တော့ နားဆင်နိုင်ဖို့
တံခါးလေးဖွင့်လို့ သူကြိုနေသင့်တယ်
အသိအမှတ်တစ်ခုလောက် ပြုပါတော့ကောင်မလေးရယ်
မရှောင်ပြေးနဲ့ ... မင်းစန်းစီးလေး ဖွင့်ကာနှုတ်ဆက်ဖို့
ကောင်းပါတယ် ... ကောင်မလေးရယ် ... မရှောင်ပြေးနဲ့...
မင်းမကြိုက်ခဲ့ရင် ကိုယ်အခုချက်ချင်း လှည့်ပြန်ပါမယ် ...

တစ်နေ့လုံး ရွှေပေလွှာရှိတဲ့ အဆောင်ပတ်ပတ်လည်းကို မွှေရပတ်ရတာ လူတွေလည်း မူးနောက်လို့နေပါပြီ။ ရွှေပေလွှာကိုတွေ့ဖို့ မဆိုထားနှင့် ဦးသီဟကိုတောင် မတွေ့ရပါ။ သမီးကိုမတွေ့ရလျှင်တောင်မှ အဖေကိုတွေ့ရရင် အမောနည်းနည်းပြေဦးမှာ ခုတော့ ညထိရောက်အောင် မနည်းစောင့်ပြီးမှ ဂစ်တာဝိုင်းလေးကို 'စ'ရပါတော့သည်။

အစောကြီးလည်း 'စ'လို့ မဖြစ်သေးပါ။ ဒီအဖိုးကြီးနှင့် အဖွားကြီးအိပ်မှ ဖြစ်ဦးမှာလေ။ ဏီဇတို့ ဂစ်တာသံကို ကြားရင်တော့ ရွှေပေလွှာ ထွက်လာမှာ သေချာသည်။ ဘယ်လောက်ပင်မှောင်ကြီးထဲမှာ ဖြစ်ပါစေ၊ ရွှေပေလွှာ့ကို အရိပ်လေးတွေ့ရရုံဖြင့် ဏီဇကျေနပ်မိမှာပါ ... ။

ညဥ့်ကလည်း အတော်နက်နေပါပြီ၊ ဆိုရသည့် သီချင်းအပုဒ်ပေါင်းကလည်း မနည်းတော့ပါ။ ဒါတောင် ရွှေပေလွှာကြိုက်သည့်သီချင်းတွေကိုကြီးပဲ သူတစ်နေ့လုံး ရွေးချယ်ထားရတာ။

ခုတော့ ဂစ်တာတီးရတဲ့ လက်တွေကလည်း 'ညောင်း' အသံတွေကလည်း 'ဂျောင်း'ကုန်ပါပြီ။ ရွှေပေလွှာ့ကို အရိပ်မပြောနဲ့ အရောင်လေးတောင် မတွေ့ရသေးပါ။





ဘာဖြစ်လို့ ... ရွှေပေလွှာဟာ ထွက်မလာတာပါလိမ့် ... ရွှေပေလွှာ ထွက်မလာရခြင်းရဲ့ တရားခံဟာ ဦးသီဟပဲဖြစ်မှာပါ။

အရမ်းစိတ်ပုပ်တဲ့ သူယုတ်မာကြီး 'သူ' တမင် သမီးဖြစ်သူကို ထိုင်စောင့်ကြည့်နေလို့ပဲ ဖြစ်မှာ၊ ဒါကြောင့်မို့ ရွှေပေလေးခင်မျာ ဏီဇတို့ကို ထွက်မကြည့်ရဲတာ ဖြစ်မှာပါ ... ။

ရွှေပေကြိုက်တဲ့ Examplez ရဲ့ 'မရှောင်ပြေးနဲ့' သီချင်းလေးနဲ့ အစဖွင့်ခဲ့ပြီး၊ ခုလည်း ရွှေပေ့ကို ဒီသီချင်းလေးနဲ့ နှုတ်ဆက်ပြီး သီချင်းဆိုပွဲလေးကို ရုပ်သိမ်းခဲ့ရပါတော့သည်။

မိုးလည်းလင်းတော့မယ် ရွှေပေရေ့၊ ဒီနှုတ်ဆက်သီချင်းသံလေးကို ကြားပြီး ရွှေပေ ဟောဒီက ဏီဇဆိုတဲ့ အကောင်ကြီးကို အစွမ်းကုန် လွမ်းလိုက်စမ်းပါ ရွှေပေ၊ 'ငိုချ' လိုက် ရွှေပေ ငိုသာချလိုက်။

"ဏီဏီတို့ နှုတ်ဆက်ခဲ့ပါတယ် ... ပြန်တော့မယ်နော် ..."

တကယ်တော့ သူငယ်ချင်းတွေရှေ့မှာမို့သာ နောက်သလိုလို ပြောင်သလိုလို စကားတွေ အော်ဟစ်ပြောသွားပေမယ့်၊

ဏီဇရဲ့အသံကြီးက တုန်ရင်အက်ကွဲပြီး မချိတင်ကဲ ဖြစ်နေမှန်း ရန်ပြေနှင့် သက်ငြိမ်တို့နှစ်ယောက်စလုံး သိလိုက်ကြပါသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။





## ၆



ရွှေပေလွှာတို့မိသားစုကို အရိပ်အခြေတောင် မတွေ့ရသည်မို့ ဏီဇတစ်ယောက် စုံစမ်းရန် နန်းမြိုင်ဟိုတယ်ကို ရောက်ခဲ့ရပြန်ပါသည်။

"သူတို့တွေ မနေ့နေ့လည်က ပြန်သွားကြပြီခင်ဗျ ... "

ဟိုတယ်မန်နေဂျာ၏ ပါးစပ်က အသေအချာထွက်လာလို့သာ ဏီဇ ယုံလိုက်ရတာပါ။ တကယ်ဆို ဦးသီဟပါးစပ်က သူတို့ သုံးရက်လောက်နေဦးမယ်လို့ သေသေချာချာကြီးကို ပြော

သွားတာလေ ... ။

ရက်စက်လိုက်တာ အန်ကယ်ဦးသီဟရယ်၊ အန်ကယ်သီဟကို မလိမ်တတ်မညာတတ်တဲ့ လူကြီးလူကောင်းတစ်ယောက်လို့ ထင်ခဲ့တာ၊ ကျွန်တော်မှားသွားပါပြီ ... ။

မေတ္တာဆိုတာ အလျားအနံအသွားအပြန် ရှိတယ်ဆို၊ ခုတော့ ကျွန်တော့်ရဲ့ မေတ္တာ 'အသွား' သာရှိခဲ့ပြီး အန်ကယ်ရဲ့ မေတ္တာ 'အပြန်'ကိုတောင် ကျွန်တော် မရလိုက်ပါလားဗျာ ... ။

"စိတ်မကောင်း မဖြစ်ပါနဲ့ဇော်ဇရာ ... တို့ ရန်ကုန်ရောက်ရင် ရွှေပေလွှာကို အချိန်မရွေး တွေ့နိုင်တာပဲကွာ ... "

"ဟုတ်တော့ ဟုတ်ပါတယ်ကွာ ... ဒါပေမဲ့ ... ရွှေပေလေးကို ဒီရပ်ဒီရွာမှာ မမျှော်လင့်ဘဲ တွေ့ရတော့ ငါ အရမ်းဝမ်းသာတာရယ် ... ရွှေပေနဲ့ ခုလို ဦးသီဟဆိုတဲ့ တံတိုင်းကြီးကာထားတဲ့ ကြားက ခဲရာခဲဆစ်လေး မြင်လိုက်တာရယ်... ရွှေပေ ငါ့ကို စွန့်စွန့်စားစား ပစ်ချပေးလိုက်တဲ့ စာရယ် ... ပြီးတော့ ရွှေပေ့ကို ငါ့ပါးစပ်တွေ ညောင်းသွားတဲ့အထိ ဖျော်ဖြေပေးခဲ့ရတဲ့ သီချင်းလေးတွေရယ် ... အဲလို အခက်အခဲ





မျိုးလေးတွေနဲ့ တွေ့ရတာ အရသာရှိလွန်းလို့ပါ ရန်ပြေသူငယ်ချင်းရာ ... "

"မင်းဟာလေ တော်တော့ကို ရူးတာပဲ ... မင်းရူးလို့လည်း ငါတို့ပါလိုက်ပြီး မနေ့က ဆိုလိုက်ရတဲ့ သီချင်းတွေလေ ... အဲဒီသီချင်းတွေက ဆိုသာဆိုနေရတာ တကယ်တော့ နားထောင်ပေးမဲ့ ရွှေပေလွှာတစ်ယောက် မရှိဘူးဆိုတာ ... တွေးကြည့်ရင် ရယ်စရာကြီးနော် ... "

"မင်းတို့ကတော့ ရယ်ချင်နေမှာပေါ့ ... ငါကတော့ ငိုချင်တာကွ ငိုချင်တာ ... လာပါကွာ ရွှေပေမရှိတော့မှတော့ ငါလည်း ဒီမှာ ဆက်မနေချင်တော့ဘူး ... ပြန်ကြရအောင်ကွာ ... "

ဒီလိုနှင့် သုံးယောက်သား ရန်ကုန်ကို အမြန်ပြန်ချလာပါတော့သည်။









"ဏီဇ ... "

"ရွှေပေ ... "

"မတွေ့ရတာ တော်တော်ကြာသွားပြီနော် ... "

"အရမ်းသတိရတာပဲ ဏီဇရယ် ... ရွှေပေတို့မိသားစု ဏီဇ အပေါ်မှာ ရက်စက်မိတယ်နော် ... "

"ရက်စက်တဲ့အထဲမှာ ရွှေပေမပါရင် ပြီးတာပဲ ... ဟုတ်တယ် မို့လား ... ရွှေပေက ဏီဏီအပေါ် တမင်ရက်စက်ချင်တဲ့

သဘောမပါဘူးမို့လား ... ”

“အင်း ... ”

“ဒါဆို ဏီဏီ ကျေနပ်တယ် ... ”

ပြောရင်းမှ ဏီဇ၏လက်ကို ဆွဲကာ ရွှေပေလွှာ ငိုချလိုက်ပါသည်။

“မငိုပါနဲ့ ရွှေပေရယ် ... ရွှေပေငိုရင် ဏီဏီရင်ထဲမှာ မကောင်းလွန်းလို့ပါ ... ”

“ဏီဇ သီချင်းဆိုတာလေးက အရမ်းကို နားထောင်လို့ကောင်းတာ ... နောက်နေ့မှာလည်း နားထောင်မယ်ဆိုပြီး ဝမ်းသာနေရတာကို ... ဖေဖေတို့မာမီတို့ ဆိုင်းမပါဘုံမဆင့်ဘဲ ထပြန်သွားကြတာလေ ... အရမ်းကို စိတ်နာဖို့ကောင်းတာပဲ ... ”

“နေပါဦး ... ရွှေပေရဲ့ သူတို့က ဘာလို့ ချက်ချင်းကြီး ပြန်သွားရတာလဲ ... တကယ်ဆို ဏီဏီတို့ကို ပြောရင် တူတူပြန်တော့ အဖော်တောင်ရဦးမှာ ... ”

ရွှေပေလွှာက ဏီဇ၏စကားကို ဘာမှ ချေပမနေ





တော့ပါ။ ‘ဏီဇ’ရယ် တကယ်တော့ ရွှေပေတို့ ကောက်ကာငင်ကာ ပြန်သွားရတဲ့ အဓိကအကြောင်းက ‘ဏီဇ’တို့ကြောင့်ပါ။ ဖေဖေဟာ ကျေးဇူးရှင်ဆိုပြီးတော့သာ ဏီဇတို့ကို ကျွေးမွေးပြုစုလိုက်ပေမဲ့ ... နောက်များမှတော့ ဏီဇတို့ သူ့ကိုလာပြီး အဆက်အဆံလုပ်မှာကို အရမ်းကြောက်နေတယ်လေ။ တကယ်လို့သာ ‘ဏီဇ’နဲ့ ’ရွှေပေ’တို့ အကြောင်း အဖြစ်မှန်ကိုသိသွားရင် မိုးကိုတောင် မီးနဲ့တက်ရှို့ချင် ရှို့ဦးမှာလေ။

“ဘာတွေ စဉ်းစားနေတာလဲ ရွှေပေ ... ”

“စိတ်ညစ်လို့ပါ ... ”

“ဘာမှ စိတ်ညစ်စရာ မလိုဘူး ... ဟောဒီက ‘ဏီဇ’ဆိုတဲ့ ကောင်ကြီးတစ်ယောက်လုံးရှိတာ ... ရွှေပေအားကိုးစမ်းပါကွာ ... ရွှေပေ့အတွက်ဆို အရိုးကြေကြေအရေခမ်းခမ်းပါ ... ”

“အဲဒါတွေကြောင့် ရွှေပေစိတ်ညစ်တာပေါ့ ... ‘ဏီဇ’ကို အားကိုးရအောင် ဘယ်တုန်းကများ ဏီဇ အမှန်အကန်တွေ လုပ်ဖူးလို့လဲ ... ”

"ဒီလောက်ကြီးတော့ ပစ်စလက်ခတ် မပြောပါနဲ့ကွာ ... အမှန်တွေလုပ်တာလည်း ရှိခဲ့ပါတယ် ... ဥပမာပေါ့ကွာ ... အန်ကယ်ဦးသီဟကို ကားပြင်ပေးလိုက်လို့ ... ရွှေပေ ရောက်နေတာကို သိတာရယ် ... သီချင်းလာဆိုလို့ ရွှေပေ တောင် ကျေနပ်မှုရသွားသေးတယ်မို့လား ... အမှန်အတိုင်း ပြောစမ်း ... ဏီဏီအသံကို ကြားရတော့ ရွှေပေ နည်းနည်း တော့ ပျော်သွားတယ်မို့လား ... ပြောလေ ... "

"မသိဘူး ... "

"အမြဲတမ်း ဏီဏီကို စိတ်ညစ်အောင်လုပ်နေရမှ ရွှေပေ စိတ်ချမ်းသာမယ့်ပေါ့ ဟုတ်လား ... ပြောလေ ရွှေပေရဲ့... ဏီဏီ ... ရောက်လာပြီး ရွှေပေတို့အဆောင်ရှေ့မှာ သီချင်း ဆိုတော့ ရွှေပေ ပျော်တယ်မို့လား ... "

"ကဲပါ ... ပျော်တယ် ... ပျော်တယ် ... "

"အေး ... ဒီလိုပဲ ဖြစ်ရမှာပေါ့ ... "

"နေပါဦး ... ဖေဖေ့ကို ဏီဇက ဘာလို့ နာမည်တွေပြောင်း ပြီး မိတ်ဆက်ထားရတာလဲ ... "





"ဒါကတော့ ရွှေပေရယ် ... အန်ကယ်ဦးသီဟနဲ့ ဏီဏီတို့ မှာ မကင်းရာကင်းကြောင်းတွေ အများကြီး ရှိလာနိုင်တာ ကြောင့် တမင်နာမည်တွေ ပြောင်းထားတာ ... 'ဏီဇ' နာမည်ကို လွင်မောင်လို့ ပြောင်းထားတာ ရွှေပေသိတယ် မို့လား ... "

"သိသားပဲ ... "

"ရယ်ရတယ်နော် ... ဖေဖေနာမည်ကို ပြောင်းပြန်လှန်ပြော လိုက်တာလေ ... ပြီးတော့ ရန်ပြေကို ရန်အောင်၊ သက်ငြိမ် ကို ကိုသက်လို့ ပြင်ပြောထားလိုက်တာ ... "

"ဖေဖေနာမည်ဆိုတာတော့ မပြောနဲ့တော့ ရွှေပေကြားရင် အရမ်းကို ရယ်မှာသိလား ... "

"ပြောစမ်း ... 'ဏီဇ' ဖေဖေနာမည်ကို ဘယ်လိုပြောထားလဲ ဆိုတာ ... "

"ဟီး ... ဟီး ... ဦးဘိုးဆင်လို့လေ ... "

"ဘာနာမည်ကြီးလဲ ... "

"အဲဒါက ရှေးမြန်မာကြီးတွေရဲ့ နာမည်လေ ... ဖေဖေနာ

မည်ကို အဲလိုလည်း ပြောလိုက်ရော ... ရွှေပေ့ဖေဖေက ဘာပြောတယ်မှတ်လဲ ...

မင်းအဖေကိုတော့ ဂုဏ်ယူပါတယ်တဲ့ ... ဒီနာမည်မျိုးက ဒီခေတ်မှာ ဒီအသက်အရွယ်တွေ မမှည့်ကြတော့ဘူးတဲ့ ... မင်းအဖေက တို့မြန်မာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်တတ်တဲ့လူမို့ ဦး ချီးကျူးပါတယ်ကွာတဲ့ ... "

"ဟင်း ... ဟင်း ... ကိုဇကလည်း ကိုဇအဖေကို ဘာလို့ အဲဒီနာမည်ကြီး မှည့်ပေးလိုက်ရတာလဲလို့ ... "

"ဒါကတော့ ရွှေပေ့ဖေဖေက ဦးသီဟဆိုတော့ ဖေဖေ့ကို ပိုပြီးခန့်ညားတဲ့နာမည်ကိုပေးဖို့ အမြန်ဆုံးစဉ်းစားလိုက်ရတာ ရွှေပေ၊ ကုန်းမှာဆင်၊ ရေမှာ ဝေလဆိုတဲ့စကားလုံးရှိတယ်မို့လား၊ အဲဒါကြောင့် ဖေဖေ့ကို 'ဆင်'ပါတဲ့နာမည်ပြောမယ်လို့ စိတ်ကူးလိုက်တာနဲ့ ကိုကို့အဖေရဲ့အဘိုးနာမည်ကို သွားသတိရတယ်လေ၊ ကိုကိုရဲ့ 'ဘေး'တော်မှာပေါ့ အဲဒီဖေဖေ့အဘိုးနာမည်က ဦးဘိုးဆင်တဲ့လေ၊ ဘယ်လောက် ခန့်ညားသလဲနော် ရွှေပေ၊ အဲဒါနဲ့ပဲ ဖေဖေ့နာမည်





ကို ဦးဘိုးဆင်လို့ မှည့်ပေးလိုက်တာလေ"

"သေလိုက်ပါတော့ ကိုဇရယ်"

"ဒါတွေထားလိုက်ပါတော့ရွှေပေရာ၊ တို့တွေခွဲနေရတဲ့အချိန်လေးကို သတိရပြီး ပျော်ရွှင်စရာစကားတွေပဲပြောကြရအောင်နော်"

"ကိုကိုသီချင်းဆိုဟာ ကောင်းလား ... "

"အရမ်းကောင်းတာပဲ ... "

"ကိုကို့ကို ချီးမွမ်းမယ့်သူဆိုလို့ ရွှေပေတစ်ယောက်ပဲ ရှိတာ"

"အဲဒါ မချီးမွမ်းတဲ့လူတွေက မနာလိုလို့ဖြစ်မှာ သိလား ... ဒါ လူ့သဘောတွေလေ ... တစ်ယောက် 'တော်နေ' 'ကောင်းနေတာကို' မချီးမွမ်းနိုင်လောက်အောင် မနာလိုတွေဖြစ်နေတာလေ ...

သီချင်းဆိုရင်တောင် ကိုကိုက အောင်မြင်မှာ သိလား ..."

"ဒါဆို ကိုကို့ဘဝက 'မီးခဲပြာဖုံး' ဖြစ်နေတာပေါ့ ဟုတ်လား ရွှေပေ ... "

"ဒါပေါ့ ... "

"ဗိုက်ဆာတယ် ... ရွှေပေရာ တစ်ခုခု သွားစားရအောင်..."

"သဘောပဲလေ ... "

တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ်ရှိရုံသာဟု ဏီဇနှင့်ရွှေပေလွှာတို့နှစ်ယောက် လက်ခံထားသော်လည်း အများတကာရဲ့ အမြင်မှာတော့ လွန်စွာမှ လိုက်ဖက်ညီလှသော် စုံတွဲတစ်တွဲဟု ထင်ကြမှာပါ။

တကယ်တော့လည်း ဏီဇနဲ့ ရွှေပေလွှာတို့နှစ်ယောက်ဟာ ချစ်ခြင်းဆိုတဲ့ သဘောတရားကြီးကို ဘယ်နည်းနှင့်မှ ဆန့်ကျင်၍ရမည်မဟုတ်မှန်း သေချာပါသည်လေ ... ။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







ဟူး လောကမှာ စောင့်ရတဲ့အလုပ်က တယ်ပင်ပန်းပါလား။

ရွှေပေလွှာ ကျောင်းအလာကို ဏီဇထိုင်စောင့်နေတာ၊ ခုဆို မိနစ်နှစ်ဆယ်ပင် ကျော်ပါပြီ။

ခါတိုင်းဆို ရွှေပေလွှာနှင့်သူ ကျောင်းကို မတိမ်းမယိမ်းလိုလို ရောက်ကြတာလေ။

ညက တစ်ညလုံး 'တွေးထားတဲ့' ဏီဇတစ်ယောက်

သူ ‘အတွေးတွေ’ ထမြောက်အောင်မြင်ရန်အတွက် ရွှေပေလွှာကား အလာကို စောင့်နေခြင်းဖြစ်ပါသည်။

သူ့ကို ဘာမှ ကြိုမပြောထားသည့်အတွက် ရွှေပေလွှာတစ်ယောက် ကျောင်းမလာဘဲတော့ နေမည်မဟုတ်ပါ။

‘ဏီဇ’ကို ဝိုင်းစောင့်ပေးနေကြတဲ့ ရန်ပြေနှင့် သက်ငြိမ်တို့နှစ်ယောက် စိတ်မရှည်တော့ပါ။

“တို့ ခဏသွားလိုက်ဦးမယ် ဏီဇ ... ”

“အေးအေး သွားကြ ... ကောင်းတယ် ... တကယ်တော့ မင်းတို့ ရှိနေရင် ငါ့အတွက် ပိုတောင် အနှောင့်အယှက်ဖြစ် နေသေးတယ် ... သွား ... သွား ... မြန်မြန်သာသွားကြ”

သူထင်ထားသည့် အတိုင်းပင်၊ ရန်ပြေနှင့်သက်ငြိမ်တို့နှစ်ယောက် ထွက်သွားသည်နှင့် ရွှေပေလွှာ့ကားလေးက ဝင်လာပါတော့သည်။

လက်စသတ်တော့ ... ဒီနှစ်ကောင် ‘ပုပ်’ နေတာကိုး။ သူတို့ရှိလို့ ရွှေပေ့ကားကမလာတာ။ သူတို့လည်း ထွက်သွားရော ရွှေပေကားလေးလည်း အဆင်သင့်ရောက်လာရောလေ။





ကားမောင်းလာသူက ထုံးစံအတိုင်း ဦးသီဟဖြစ်ပါသည်။ ဦးသီဟက သမီးဖြစ်သူကို ကိုယ်တိုင်မောင်း၍ ပို့ပေးပါသည်။

ဦးသီဟ ဟုတ်မဟုတ် သိချင်လျှင်၊ မက်(ခ)တူး အညိုနုရောင်လေးကို မောင်းလာတာလို့ ပြောရင်ရသလို၊ စပို့ရှပ် အညိုဖျော့ဖျော့လေး၊ ကော်လာမှာ အနက်စင်းလေးတစ်စင်းပါတဲ့ အင်္ကျီကိုဝတ်ထားတဲ့ ခပ်ချောချော၊ ခပ်ဖြောင့်ဖြောင့် လူကြီးလို့ ပြောရင် ဖြစ်ပါသည်။ ဒီနေ့ ဦးသီဟဝတ်လာတာကလည်း ဒီစပို့ရှပ်ပဲလေ ... ။

ကားရပ်သည်နှင့် ဏီဇက ရွှေပေလွှာကို တစေ့တစောင်း ကြည့်လိုက်ပါသည်။

ရွှေပေလွှာကလည်း အဖေလုပ်သူမသိအောင် ဏီဇကို တိတ်တခိုးကြည့်၍ ပြုံးပြလိုက်ပါသည်။

“အန်ကယ် ... ”

ဏီဇတစ်ယောက် ဘာမပြောညာမပြော ဦးသီဟကို သွား၍နှုတ်ဆက်လိုက်ပါသည်။

ရွှေပေလွှာခမျာ ဏီဇတစ်ယောက် သူမ၏ဖခင်ကို

ခေါ်လိုက်သည့်အသံကြောင့် လန့်ဖြန့်တုန်လှုပ်သွားမိပါသည်။

ဒုက္ခပါပဲ ဏီဇတစ်ယောက် ဘာတွေများ ပြဿနာရှာနေတာပါလိမ့်ဆိုတဲ့ အတွေးတွေက ခေါင်းထဲကို ဝင်လာပါသည်။

"ဟော့ မောင်လွင်မောင် ... "

"အန်ကယ့်ကို မတွေ့တာကြာလို့ ကျွန်တော် သတိရနေတာ ... တကယ်ပဲဗျာ ... မနေ့က အန်ကယ်အကြောင်း တွေးလိုက်မိတာနဲ့ ဒီနေ့ တန်းတိုးတော့တာပဲ ... "

"အေးကွ ... မင်းတို့ ဒီကျောင်းမှာ တက်နေတယ်သာပြောတာ အန်ကယ်တို့ချင်း တစ်ခါမှ 'မဆုံးမိကြဘူးနော် ... "

မထင်ပါနဲ့အန်ကယ်ရယ် ... အန်ကယ်ကသာ မဆုံဘူးထင်နေတာ ကျွန်တော်က အန်ကယ်ကို ဒီစပို့ရှပ်အညိုရောင်လေးနဲ့ နေ့တိုင်းတွေ့နေတာပါ။ ဒါပေမဲ့ တကယ်တန်း အန်ကယ့်ကား ရောက်လာတော့ ကြည့်မိလိုက်တာက ရွှေပေ့ကိုပါ။ မနက်မိုးလင်းလို့မှ အန်ကယ်ရဲ့သမီး ရွှေပေလွှာကိုမြင်မှ ကျွန်တော် ဘဝင်ကျတတ်တာပါ အန်ကယ်လို့ ကျိတ်၍ပြောနေမိပါသည်။

"သမီးသွားတော့လေ ... လမ်းမှာတော့ ဖေဖေကို ကျောင်း





ချိန်နီးနေပြီ အမြန်မောင်းပေးပါဆို ... "

သမီးဖြစ်သူ ရွှေပေလွှာတစ်ယောက် သူနှင့်ဏီဇ စကားပြောနေသည်ကို ဘာကြောင့်များ နားထောင်နေရတာပါလဲ၊ တကယ်ဆို ကိုယ်နဲ့သိတာလည်း မဟုတ်ဘဲနဲ့၊ ခါတိုင်းလို ကျောင်းရောက်ရင် ကားပေါ်က ချက်ချင်းဆင်းပြီး ထွက်သွားနေကြပဲဟာ။

"သမီး ညနေပြန်ချိန်ကို ပြောမလို့ပါ ဖေဖေရဲ့ ... သုံးနာရီခွဲနော် ... "

"ဘာများထူးလို့လဲ သမီးရယ်၊ ခါတိုင်းလည်း ဒီအချိန်ပဲပြန်နေကြဟာ"

"သွားလေ သမီး ... ဘာလုပ်နေတာလဲ ... "

"သမီးပိုက်ဆံအိတ် ရှာနေတာဖေဖေရဲ့ ... အိမ်က သေသေချာချာ ထည့်လာခဲ့တာ ... ဟာ မဟုတ်ဘူး စားပွဲပေါ်မှာ တင်ပြီး ထည့်ဖို့မေ့ခဲ့တာ ... "

"သမီးကတော့ ပြဿနာပဲကွာ ... "

"ကဲ ... ကဲ ... မောင်လွင်မောင် ... မင်းလည်း ကျောင်းတက်စရာရှိရင် တက်တော့ကွာ ... အန်ကယ်တို့ နောက်မှ

တွေ့ကြတာပေါ့ ... ”

“ရပါတယ် ... ကျွန်တော် ဒီနေ့ အတန်းလစ်မယ်လို့ စိတ်ကူးထားလို့ပါ ... ”

“ဖေဖေ့ဆီမှာ ပိုက်ဆံပါရင် သမီးကို နည်းနည်းပေးခဲ့ပါ ... ”

ဒုက္ခပါပဲ ဒီကောင်မလေး အရမ်းပြဿနာရှာတယ်။ အနားမှာ မနေစေချင်လို့ ဗွတ်အတင်းလွှတ်နေကာမှ ဦးသီဟကို ဆက်ပြီး အရှက်ခွဲနေပြန်ပြီလေ ... ။

တကယ်တော့ ရွှေပေလွှာတွင် ပိုက်ဆံအိတ်က ပါလာပါသည်။ တမင်တကာ ဏီဇနှင့် အဖေဖြစ်သူကို စိတ်မချ၍ အကြောင်းမျိုးစုံပြကာ၊ နေနေခြင်းဖြစ်ပါသည်။

“မပါဘူး သမီးရာ ... ဖေဖေ ဒီကအပြန် ကားဓာတ်ဆီထည့်ဖို့ ပိုက်ဆံပဲပါတာ ... သမီးလိုချင်ရင် ယူထားလိုက်ရော့...”

“နေပါစေတော့ ... ရပါတယ် ... ”

“ကျွန်တော့်ဆီက လိုချင်ယူလေ အန်ကယ် ... ”

“မဟုတ်တာပဲ ... မောင်လွင်မောင်ရာ ... သမီးလိုရင် အန်ကယ်ပြန်လာပို့ပေးနိုင်ပါတယ် ... ”





သူတို့သားအဖနှစ်ယောက်ရဲ့ အဖြစ်က ရယ်စရာကောင်းနေသည်မို့ ဏီဇက ရယ်ရယ်မောမော လုပ်နေသလို၊ ရွှေပေလွှာကလည်း ဏီဇလိုပင် လိုက်၍ ရယ်နေမိပါသည်။

“ကဲပါ ရော့ ယူထားလိုက် ... ပြီးရင် သမီးသွားတော့ ... ကျောင်းချိန်တောင် နီးနေပြီ ... ”

သမီးရွှေပေလွှာက အဖေနဲ့ ပြောစရာရှိလို့ ကားနားက မသွားတာက ထားပါဦး၊ ဒီကောင် လွင်မောင်ကကော၊ ဘာလို့များ ပေကပ်နေရတာပါလိမ့်။ တကယ်ဆို လူကြီးကို နှုတ်ဆက်ချင်လို့ နှုတ်ဆက်တယ်ဆိုရင်လည်း ပြီးရောပေါ့၊ သွားပါတော့လား။ ခုဟာက သူများသားအဖတွေကြားထဲ သူမို့ ပေကပ်ကပ်နိုင်လွန်းလှတာကို ဦးသီဟ ကျိတ်၍ ဒေါသထွက်မိနေပါသည်။

အရေးထဲ သမီးလုပ်သူကလည်း အကျိုးမပေးလိုက်ပုံများ၊ သူစိမ်းရှေ့မှာ ပြဿနာလာရှာနေရတယ်လို့ ရှက်စရာလည်းကောင်း၊ ဒေါသဖြစ်စရာလည်းကောင်း၊ အိမ်ရောက်မှ သူ့အမေနဲ့ကို တိုင်ပစ်လိုက်မယ် ... ။

အဖေနှင့်အမေလုပ်သူက သမီးလေး ရွှေပေလွှာကို

ချစ်လိုက်ရတာ၊ ပိုးမွေးသလို မွေးထားပြီး။ ဘယ်ကောင် လေးနဲ့မှ ရှုပ်ရှုပ်ယှက်ယှက်လုပ်ဖို့ မဆိုထားနှင့်၊ ယောကျ်ားလေးသူငယ်ချင်း ထားတာကိုတောင် ကြိုက်ကြတာမဟုတ်ဖူ ... ။

ခုတော့ သမီးလုပ်သူက သူစိမ်းယောကျ်ားလေး ရှေ့မှာ မရှက်မကြောက်စွာနှင့် အဖေကို ပြဿနာရှာနေတာလေ။

သမီးအလိမ္မာကို ဒေါသဖြစ်လွန်းနေသဖြင့် ဦးသီဟ တစ်ယောက် အသံတွေပါ ပြောင်းနေသလို ပြောသမျှ စကားတွေ က[illegible] အမှားတွေချည်းပါပဲ ... ။

ယောကျ်ားလေးတွေနှင့် ရောရောနှောနှောနေတာ မကြိုက်ပါဘူးလို့ အကြိမ်ကြိမ်ပြောထားရက်နဲ့ ခုတစ်စိမ်းကောင် လေးရှေ့မှာ သူ့ကပါ ရောင်လည်လည်နဲ့ မသွားနိုင်တော့ဘူးလေ။

တကယ်ဆို သူ့ကို လာနှုတ်ဆက်နေတဲ့ လွင်မောင် ဆိုတဲ့ ကောင်လေးဟာ၊ အစတုန်းကတော့ ဦးသီဟရုပ်ကို သေသေ ချာချာ သတိမထားလိုက်မိလို့ပါ။ ပြီးတော့ တနယ်တကျေးမှာဆို တော့ သူ့အသားတွေဟာ နေတွေဘာတွေ လောင်ထားလို့ ဖြစ်ချင် ဖြစ်နေမှာပါ။ အသားရောင်က နီစပ်စပ်ရှိမယ်လို့ ထင်ရပေမဲ့ ... ။





ခု ရန်ကုန်ရောက်တော့ သူ့ မူလနဂိုရ်အသားအရည် အတိုင်း ပြန်ဖြစ်သွားလို့ ထင်ပါရဲ့၊ လွင်မောင်ဟာ အသားလေး အနည်းငယ်ညိုပေမဲ့၊ ရုပ်ရည်လေးက သားသားနားနားနှင့် ကြည့် လို့ကောင်းသော လူငယ်လေးတစ်ယောက်ဟု ဆိုရပါမည်။

ဒီလောက် ရုပ်ရည်သားသားနားနားရှိတဲ့ ကောင် လေးမျိုးကို သမီးဖြစ်သူက တစ်ခါမှ မမြင်ဖူးဘူး ထင်ပါရဲ့၊ တစ်ခါ တစ်ခါ သမီးရွှေပေလွှာကို သူမသင်္ကာလို့ ကြည့်လိုက်တော့ ရွှေ ပေလွှာမျက်လုံးတွေက လွင်မောင့်ဆီကနေ ကမန်းကတန်း ပြန်ပြီး ခွာလိုက်တာကို သူ မြင်လိုက်ရပါသည်။

အိမ်မှသာဆို သွားတော့သမီးရေလို့ ခပ်တည်တည်၊ ခပ်ပြတ်ပြတ် ပြောလွှတ်လိုက်မိမည် ဖြစ်ပါသည်။

ခုတော့ တစ်စိမ်းကောင်လေးရှေ့မှာလည်း ဖြစ်နေ၊ ပြီးတော့ ဒီကောင်လေးတွေရှေ့မှာ သူဟာ သဘောကောင်းကြီး တစ်ယောက်လို အရောင်ဆောင်နေခဲ့မိတာမို့၊ ဗေဒါပြန် အံကိုခဲကာ အိမ်ရောက်တော့မှ ဇနီးဖြစ်သူကို အပြတ်တိုင်လိုက်မည်ဟု ကျိတ်၍ ကြုံးဝါးလိုက်ပါတော့သည်။

ရွှေပေလွှာက ဖခင်ဖြစ်သူကို နှုတ်ဆက်ပြီး ကားနားက ထွက်ခွာသွားပါတော့သည်။

ဟင်း အခုမှပင် ဦးသီဟ စိတ်အေးလက်အေး နေနိုင်ပါတော့သည်။ ဒါတောင် ပြဿနာတစ်ခုခု ရှာပြီး သမီးရွှေပေလွှာ ပြန်များလှည့်လာမလားလို့ ပူနေရသေးသည်လေ ... ။

"အန်ကယ် ကားကြီးကော ကောင်းသွားပြီလား ... ရန်ကုန်ရောက်တော့ ထပ်ပြင်ရသေးလား ... "

"ခုထိကို မပြင်ရသေးဘူး မောင်လွင်မောင်ရေ ... မင်း ပြင်ပေးပြီးထဲက အခုထိ ဘာတစ်ခုမှကို မဖောက်တော့တာ... အဲဒီတုန်းကလည်း အကောင်းကြီးကနေ ထဖြစ်တာကွ ... ပြဿနာရှာတာ ဖြစ်မှာပေါ့ကွာ ... "

"ဒီလိုတော့လည်း ဘယ်ဟုတ်ပါ့မလဲ ... အန်ကယ်ရယ် ... ကျွန်တော်တို့ရောက်လာလို့ အန်ကယ်လည်း အဆင်ပြေသွားတာပဲဟာ ... စက်ဆိုတာ တစ်ခါတလေတော့ ဒီလိုပဲရှိတာပေါ့ ... "

"ဒါပေမဲ့ အန်ကယ်ကို ဒီကားကြီးက ကျွန်တော်တို့ရဲ့ မိတ်





ဆွေဖြစ်သွားအောင် လုပ်ပေးတာကိုတော့ အန်ကယ် ဝမ်းမသာဘူးလား ... "

"သာပါတယ်ကွာ ... မင်းတို့နဲ့ မိတ်ဆွေဖြစ်ရတာ အန်ကယ် ကျေနပ်ပါတယ် ... "

"ဟုတ်တယ်နော် ... ကျွန်တော်တို့ကလည်း အန်ကယ်ကို မြင်မြင်ခြင်း အရမ်းကို ခင်သွားတာ ... အန်ကယ်က ရုပ်ကလည်း ခပ်ချောချောအရွယ်ကလည်း ခပ်ငယ်ငယ်ဆိုတော့ တစ်ခါတစ်ခါ မေ့ပြီး သူငယ်ချင်းလိုတောင် ဆက်ဆံမိတယ် ... "

"ဟင်း ... ဟင်း ... ဟင်း ... "

"ကျွန်တော်သွားလိုက်ဦးမယ်နော် အန်ကယ် ... "

"နေပါဦးကွာ ကြုံတုန်း စကားလေးဘာလေး ပြောကြတာပေါ့ ... "

တကယ်တော့ ဦးသီဟတစ်ယောက် သမီးဖြစ်သူ ထွက်သွားတာ သိပ်မကြာသေးလို့ ဇာဇ သူ့သမီးနောက်က လိုက်သွားမှာကို ကြောက်ကြောက်နှင့် ဇာဇကို မဟုတ်ကဟုတ်က

စကားတွေဖြင့် အချိန်တွေ ဆွဲထားခြင်းဖြစ်ပါသည်။

"အန်ကယ်တွေ့ချင်ရင် ကျွန်တော် ဒီနေရာမှာ အမြဲရှိပါတယ် ..."

"အေးပါကွာ ... ဒါပေမဲ့ အန်ကယ်က အမြဲမအားဘူးကွ... ဒီနေ့ပဲ အားတုန်းမို့ စကားပြောခွင့်ရတာလေ ..."

"ဩော် ဟုတ်ကဲ့ ... ကျွန်တော် သွားလိုက်ပါဦးမယ် ..."

"အေးအေး ... မင်းအဖေ ... ကိုဘိုးဆင်တစ်ယောက်ကော နေကောင်းပါရဲ့လား ..."

"ဟုတ်ကဲ့ ကောင်းပါတယ် အန်ကယ် ... 'ဖေဆင်'ကတော့ ကျွန်တော့်ကို 'ဆူ'ဖို့အတွက် အမြဲတမ်း ကျန်းကျန်းမာမာနဲ့ အားအင်တွေအပြည့် ရှိနေပါတယ်အန်ကယ် ..."

"မင်းအဖေကို မင်းဘယ်လို ခေါ်လိုက်တယ် 'ဖေဆင်လို့'လေ ... ကျွန်တော်က အဲလိုပဲ ခေါ်တာပါ ... ဒါဆို မင်းအမေကကော မင်းအဖေကို ဘယ်လိုခေါ်လဲ ... မေမေကလည်း 'ကိုဆင်'လို့ပဲ ခေါ်တာပဲ ... နောက်က 'ဆင်' ကတော့ အမြဲပါတယ်လေ ... ဒါကောင် ကျွန်တော့်ကွယ်





ရာမှာ သူ့ယောကျ်ားကို ချစ်စနိုးနဲ့ 'ဒါဒါဆင်'လို့ ခေါ်ချင်ခေါ်မှာ အန်ကယ်ရ ... ရယ်ရတယ်နော် ... ကျွန်တော် သွားလိုက်ဦးမယ် အန်ကယ် ..."

"မင်းကလည်းကွာ လောလိုက်တာ ... ဘာလဲ မင်း သိပ်အရေးကြီးနေလို့လား ..."

ဦးသီဟက သမီးနောက်ကို ဇာဇိမလိုက်နိုင်အောင် စကားတွေပြောပြီး အချိန်ကို တတ်နိုင်သမျှ ဆွဲထားပါသော်လည်း ဇာဇိကလည်း ရွှေပေလွှာနောက်ကို အမြန်လိုက်နိုင်ရေးအတွက် ဦးသီဟအမေးတွေကို မြန်မြန်ဖြေပြီးသွားဖို့အတွက်သာ ခွင့်တောင်းနေပါသည်။

ဒီတစ်ခါတော့ ဇာဇိ မလောတော့ပါ။ ဘာလို့လည်းဆိုတော့ ဟိုးခပ်လှမ်းလှမ်း ဇာဇိမြင်နိုင်လောက်တဲ့ နေရာကနေ ရွှေပေလွှာတစ်ယောက် ဇာဇိကို ရပ်စောင့်နေတာကို မြင်လိုက်ရလို့ပဲလေ ...။

အဖေဖြစ်သူနှင့် သူ အလွန်သံယောဇဉ်ရှိလှသူ 'ဇာဇိ' တို့နှစ်ယောက် ခုလို ကြည်ကြည်ဖြူဖြူ စကားပြောနေသည်ကို

ရွှေပေလွှာ အရမ်းကျေနပ်ပီတိတွေ ဖြစ်နေပုံပါ။

ကဲ အန်ကယ်ဦးသီဟရေ၊ ခင်ဗျားကြီး ကြိုက်သလို သာ မေးပေတော့။ ကျွန်တော့်ကို ရွှေပေလွှာ စောင့်ပေးနေတယ် ဆိုရင်တော့ ... ကျွန်တော်အန်ကယ်မေးသမျှတွေကို အေးအေး ဆေးဆေးလေး ဖြေပေးပါတော့မယ်ဗျာ ... ။

ဦးသီဟကား ထွက်သွားသည်နှင့် ဇာဇ ရွှေပေလွှာ ရှိရာကို အပြေးလေး ရောက်သွားပါသည်။

"ခံသွားရပြီမို့လား ဇာဇ ... "

"ခံသွားရတယ်လို့တော့ ... ဆိုလို့မရဘူးလေ ရွှေပေ ... အန်ကယ်နဲ့ ဇာဇာ ရင်းနှီးလေလေ ... ဇာဇာနဲ့ ရွှေပေ့ အတွက် အဆင်ပြေလေလေ မဟုတ်ဘူးလား ... "

"အောင်မလေး မထင်ပါနဲ့နော် ... သူ့သမီးနဲ့ ဘယ်လိုမှ ပတ်သက်မှုမရှိဘူးမှတ်လို့ ပြောနေတာပါ ... တကယ်လို့ ဇာဇသာ ရွှေပေနဲ့ ... "

"ဘာလို့ စကားရပ်သွားရတာလဲ ရွှေပေရဲ့ ... ဆက်ပြော လေ ... ပြောပါဆို ရွှေပေရာ ... ဇာဇာကြားချင်လို့ပါ ..."





"ဪ ... ဇာဇနဲ့ ရွှေပေ ... မကောင်းရာမကောင်းကြောင်းတွေ မှန်း သိရင် ... ဖေဖေက ဇာဇကို စကားပြောတော့မှာ မဟုတ်ဘူးလို့ ... "

"ဟာ ... အန်ကယ်ဦးသီဟက ဒီလောက်ဆိုးမဲ့ပုံ မဟုတ်ပါ ဘူး ... "

"မထင်ပါနဲ့ ဇာဇ ဆိုးတယ် ... မာမီက ပိုတောင်ဆိုးသေး တယ် ... "

"ဒါဆို ဇာဇနဲ့ ရွှေပေ တစ်တွဲတွဲရှိနေမှန်း သိရင်ဆူမှာလား"

"သတ်တောင်ပစ်ဦးမယ် ... "

"ဇာဇ မနေ့တုန်းက ရွှေပေပြန်သွားတော့ ဟောလီးဝုဒ်ကြီး နဲ့ စကားပြောနေတယ်ဆို ... "

"ဘယ်က ဟောလီးဝုဒ်ကြီးလဲ ... ဘယ်သူ့ကို ပြောတာလဲ ရွှေပေ ... "

"မာမာသက်ကို ပြောတာလေ ... သူ့ကို ရွှေပေတို့က ဟိုး လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်လောက်က အင်္ဂလိပ်မင်းသမီး တွေလို ဆံပင်ပုံစံကြီးနဲ့ အပြတ်ချယ်သထားလို့ သူ့ကို ဟော

လီဝုဒ်လို့ ခေါ်တာ ... ”

“ဟာ ... တကယ် ... မာမာသက်ကို ရွှေပေတို့က အဲ့လို ခေါ်တယ် ဟုတ်လား ... ဏီဏီတို့ကတော့ သူ့ကို ‘ရေမခ’ ကြီးလို့ခေါ်တယ် ... ”

“ရေမခဆိုတာ ဘာကြီးလဲ ... ”

“အဲဒီနာမည်က ဏီဏီတို့သုံးယောက် မှည့်ထားတာလေ”

“ဘာဖြစ်လို့လဲဟင် ... ”

“ပြီးခဲ့တဲ့ သင်္ကြန်ကျောင်းပိတ်ရက် အချိန်လောက်ကမှ သူ့ကို ဒီနာမည်မှည့်ပေးလိုက်တာ ရွှေပေရဲ့ ... ”

“အဲဒီတုန်းက ကျောင်းတွေ ပိတ်တော့မယ်ဆိုတော့ ... ကျောင်းမှာ ရေတွေပက်ကြတာမို့လား ... ဏီဏီတို့ဆို ကျောင်းမပိတ်ခင် နှစ်ရက်လောက်ထဲက ဟိုလူ့ကိုစပ်စပ်၊ ဒီလူ့ကိုစပ်စပ် ပက်ကြတာလေ ... ”

“ဏီဏီက ဘယ်သူ့ကို လိုက်ပက်တာလဲ ... ”

“စကားကောင်းပြောနေတာကို ဒီကောင်မလေး အေးအေး ဆေးဆေးကို နားမထောင်ဘူး ... ”





“ဏီဏီပက်တာက ရွှေပေရယ် ... ရွှေပေ့သူငယ်ချင်းတွေ ရယ်ပါ ... ပြီးတော့ ရန်ပြေနဲ့ သက်ငြိမ်တို့နဲ့ ပတ်သက်တဲ့ ကောင်မလေးတွေကိုလည်း နည်းနည်းပက်မိတယ် ... အဲဒါ ဏီဏီအမှန်အတိုင်း ဝန်ခံတာနော် ... ”

စကားပြောလို့မှ မဆုံးသေးပါ။ ရွှေပေလွှာထံမှ ပြင်းထန်သော လက်သီးတစ်လုံးက ဏီဇေါ်ရင်ဝကို လာမှန်ပါတော့သည်။

“အောင်မလေး နာလိုက်တာရွှေပေရာ ... လူလေးကြည့် တော့ သနားကမားနဲ့ တကယ့်ကို ‘ဝမ်ချိုင်း’ ကျနေတာပဲ ... ”

“အဲဒါမှတ်ထား ... ရွှေပေမကြိုက်တာကိုမှ ခိုးခိုးလုပ်တာ”

“ကောင်မလေးတွေကို ရေပက်တာ ရွှေပေမကြိုက်ဘူးဆိုတာမှ ဏီဏီမသိတာပဲ ရွှေပေရာ ... ပြီးတော့ တစ်ကျောင်းတည်းအတူနေလာပြီး အမြဲတမ်းတွေ့နေရတဲ့ မျက်နှာတွေပဲဟာ ... အပျော်ရေပက်တာ အပြစ်မရှိပါဘူး ... ”

“အင်း ... ဒါပေမဲ့ ရွှေပေ မကြိုက်ဘူး ... ဒီနှစ် ဘယ်သူ့ကိုမှ

ရေမပက်ရဘူးနော် ... ပက်ရင်တော့ ရွှေပေနဲ့ အပြတ်ပဲ"

"ဒါဆို ဒီနှစ် ကျောင်းမှာ သူများတွေ ရေပက်ကျရင် ဇာဇာ မပက်ရဘူးပေါ့ ဟုတ်လား ... စိတ်ညစ်စရာကောင်းတဲ့ 'တားမြစ်'ချက်ကြီးပါလား ရွှေပေရာ ...

ဒါဆို သူများတွေ ရေဆော့နေတုန်း ဇာဇာက ဒီအတိုင်း ငေါင်ငေါင်ကြီး နေရမှာပေါ့ ဟုတ်လား ... "

"နေပေါ့ ... မနေနိုင်ရင် သက်ငြိမ်တို့ ရန်ပြေတို့ကို ပက်ပေါ့... ပြီးတော့ ဇာဇအပေါင်းအသင်း ဘယ်ယောကျ်ားကိုမဆို ပက်ရတယ် ... "

"ယောကျ်ားလေးအချင်းချင်းတော့ ဘယ်မှာသာလာပြီး ဖီလင်လာမှာလဲလို့ ... "

"အပျော်ဆော့တာပဲဟာ ဖီလင်မလိုပါဘူး ... ဖီလင်လာချင်လို့ ပက်တယ်ဆိုမှတော့ ဇာဇ သဘောထားက မရိုးမသားတွေ ပါနေမှာပေါ့ ... "

"ဒါပေမဲ့ ... ကောင်မလေးတစ်ယောက်ကိုတော့ ပက်ခွင့်ပေးပါနော် ... "





ရွှေပေလွှာက ဇာဇကို မျက်စောင်းကြီး တစ်ချက် ပစ်ထိုးလိုက်ပါသည်။

"နေပါဦး ... ဇာဇာတို့ ခုန မာမာသက်အကြောင်း ပြောရင်းနဲ့ စကားပြတ်သွားတယ် ...

ရွှေပေတို့က သူ့ကို ဟောလီဝုဒ်လို့ ခေါ်တယ်နော် ... ဇာဇာတို့က သူ့ကို 'ရေမခ'လို့ ခေါ်တယ် ... အဲဒါဘာဖြစ်လို့လဲသိလား၊ သင်္ကြန်ကျောင်းပိတ်တော့မယ်ဆိုတော့ တစ်ယောက်နဲ့တစ်ယောက် အပျော်ကြည်နူးပြီး 'စ'ကြတာလေ၊ ကိုယ်စိတ်ဝင်စားတဲ့ ကောင်မလေးကို ရေတွေတစ်ဝကြီး ပက်ကြသလို သူငယ်ချင်းမိန်းကလေးတွေဆိုလည်း ပက်ကြတာမို့လား... အဲဒီ မာမာသက်ကျတော့'ဆရာ'သူ့ကို ဘယ်သူမှ ရေပက်မဲ့သူကို မရှိဘူး ... ဒါကြောင့် ဇာဇာက သနားလို့ သက်ငြိမ်ကို သွားပက်ခိုင်းတာ သက်ငြိမ်ကလည်း 'ဟာ' သူ့ကြီးကိုတော့ မပက်ပါရစေနဲ့တဲ့ ... သက်ငြိမ်ကလည်းမပက်သလို ... ဇာဇာတို့ သူ့ကို သတိထားကြည့်မိတော့ ... သူ့ကို ဘယ်သူမှ ရေပက်မဲ့သူ မရှိဘူးလေ ...

တကယ်ကို 'ဟား'နေရတယ် ... တခြားကောင် မလေးတွေကိုတော့ 'အသက' 'အသဲက' လာလာပြီး ပက် ကြတော့ စိုစိုကိုရွဲလို့ သူ့မှာတော့ ပကတိခြောက်သွေ့နေတာပဲ သိလား ... အဲဒီမှာတင် ဏီဏီတို့က သူ့ကို 'ရေမခ' လို့ နာမည်မှည့်ပေးလိုက်တာပဲ ရွှေပေရ ... "

"ဒီလောက်ကြီးလည်း မဟုတ်ပါဘူး ဏီဇရာ ... မာမာသက်က မစ္စအာဆီယံရွေးပွဲတောင် ဝင်ပြိုင်တာပဲဟာ ... "

"တကယ် ... ရွှေပေ တကယ်ပြောတာလား ... "

"တကယ်မဟုတ်လို့ ရွှေပေက အားအားယားယား ညာနေရမှာလား ... "

"ဟား ... ဟား ... ဟား ... ဟား ... "

ဏီဇတစ်ယောက် အော်ဟစ်ကာ ရယ်ချလိုက်ပါသည်။

"ဒီအကြောင်းတွေ ရန်ပြေနဲ့သက်ငြိမ် မသိသေးဘူး ... ဏီဏီတို့အတွက်တော့ သတင်းထူးပဲ ရွှေပေရဲ့ ... "

"ဒါကြောင့် ရွှေပေပြောတာပေါ့ ဏီဇတို့က မာမာသက်ကို





ရုပ်ကြီးက ကြောက်စရာကြီးဘာကြီးနဲ့ ရှေ့က စကားခံထားပြီး ... ကျိတ်ပြီး သဘောကျနေတာ မသိဘူးများ မှတ်နေလား ... "

"တော်ပါပြီ ရွှေပေရာ ... ဒီ မာမာသက်ကြီးကို မြင်ရတာနဲ့တင် အော့နှလုံးနာလွန်းလို့ပါ ... "

"ဒါနဲ့များ ဏီဇက သူနဲ့ အားရပါးရ စကားတွေ ပြောနေရသေးတယ် ... "

"ဒါကတော့ တစ်တန်းထဲသားချင်းတွေပဲ ရွှေပေရာ ... တွေ့ရင်တော့ နှုတ်ဆက်ရတာပေါ့ ... ကဲပါ ညကျရင် ဏီဏီတို့ ရွှေပေတို့အိမ်ရှေ့မှာ သီချင်းလာဆိုရမလား ... "

"ဘာဖြစ်လို့လဲ ... "

"ရွှေပေပဲ ... ဏီဏီသီချင်းဆိုတာ နားထောင်လို့ ကောင်းတယ်ဆို ... "

"ရတယ်လေ ... ရွှေပေနဲ့ ဏီဇ အပြီးပြတ်နိုင်တယ်ဆိုရင် လာဆိုပေါ့ ... "

"ဟ ... သီချင်းဆိုတာနဲ့ ဘာလို့ ပြတ်ရမှာလဲ ... "

"ရှုပ်ရှုပ်ယှက်ယှက်တွေ မလုပ်ချင်စမ်းပါနဲ့ ဏီဇရယ် ... ဏီဇတို့မှန်းသိရင် ... ဖေဖေက လမ်းထဲကလူတွေကို ပိုက်ဆံပေးပြီး ဝိုင်းရိုက်ခိုင်းမှာသိလား ... ခုတောင် ဏီဇကို လွင်မောင်အနေနဲ့သိထားလို့သာ ကောင်းကောင်းမွန်မွန် ဆက်ဆံနေတာ ... လွင်မောင်ဟာ ဏီဇမှန်း သိသွားတဲ့ တစ်နေ့ကြရင် ဏီဇတင်မဟုတ်ဘူး ရွှေပေပါ ပြဿနာအကြီး အကျယ်တက်မှာ သိလား ... အဲဒီအခါကျရင် ... ရွှေပေ ကျောင်းတက်ခွင့်တောင် ရမှာမဟုတ်တော့ဘူး ... "

"အန်ကယ်ဦးသီဟက ဏီဇဆိုတဲ့ကောင်ရှိမှန်း ဘယ်လို လုပ်သိမှာလဲ ရွှေပေရာ ... "

"ဘာလို့ မသိရမှာလဲ ... ဏီဇ အဖမ်းမိရတုန်းက ရဲစခန်းက ဖေဖေဆီ ဖုန်းဆက်လိုက်တယ် ... ခင်ဗျားသမီးနဲ့ ငြိစွန်း နေတဲ့ ဏီဇဆိုတဲ့ကောင်လေးက ခင်ဗျားသမီး ရွှေပေလွှာ နဲ့ ပတ်သက်ပြီး ရန်ဖြစ်လို့တဲ့ ... အဲဒါကို လာရှင်းပါလို့ ဖေဖေ့ကို ခေါ်တာလေ ... အဲဒီထဲက ဖေဖေက ဏီဇဆိုတာ ကို လိုက်စုံစမ်းနေတာ ဏီဇရဲ့ ... "





"ဟုတ်လား ... ဒါဆို အန်ကယ်ဦးသီဟဟာ စုံထောက်လုပ် စားရင် အောင်မြင်မှာနော် ရွှေပေ ... "

"ဘာဖြစ်လို့လဲ ... ဏီဇက ဖေဖေကို 'ညံ့'လွန်းလို့ ပြော တာမို့လား ... "

"ဟီး ... ဟီး ... ဟီး ... "

တကယ်တော့ ဦးသီဟကို ညံ့တယ်လို့ပင် ဏီဇပြော ချင်တာပါ။ ဏီဇဆိုတဲ့အကောင်ကို မစုံစမ်းချင်ရင်တော့ ထားပါဦး၊ ခု ရွှေပေလွှာပြောပုံအရ သူမ၏ ဖေဖေဟာ ဏီဇကို လိုက်စုံစမ်း နေတာတဲ့လေ။

သူနှင့် အနီးကပ်ဆုံးမှာရှိနေတဲ့ လွင်မောင်ဟာ ဏီဇ ဆိုတာမှန်း သိရင် ဦးသီဟတစ်ယောက် ဘယ်လိုဖြစ်သွားမည်ကို ဏီဇ မှန်းဆလို့ပင် မရတော့ပါ။

"လွင်မောင်ဟာ ... ဏီဇမှန်းသိသွားရင် အန်ကယ်ဦးသီဟ ဘာလုပ်မှာလည်းဟင် ရွှေပေ ... "

"အဲလိုဆိုရင်တော့ ရွှေပေ့ကို တစ်ယောက်ယောက်နဲ့ အိမ် ထောင်ပြုပေးလိုက်မယ်လို့ ထင်တာပဲ ... "

"ရမလား ရွှေပေရ … မင်းမဲ့တိုင်းပြည်မှ မဟုတ်တာ … "

"ဒါကတော့ သူ့သမီးပဲ … သူ လုပ်ချင်သလို လုပ်လိမ့်မှာပေါ့ … "

"ဒါဆိုရင်တော့ … ဇာီဇာီက ရွှေပေ့ကို ခေါ်ပြီး ဟိုးအဝေးကြီးကို ထွက်ပြေးမှာပဲ … "

"ရွှေပေက လိုက်ဦးမှကိုး … "

"မလိုက်လို့ ဘယ်ရမလဲ … အတင်းကို ချုပ်ပြီး ခေါ်သွားမှာ … နောင်ခါလာ နောင်ခါချေးပဲ … "

"အရှူး … "

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၉၊ ၁၉–လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







အပေါင်းအသင်းများနှင့်အတူ စားသောက်ဆိုင်တွင် စကားပြောနေသော ဦးသီဟတစ်ယောက် မလှမ်းမကမ်းရှိ စားပွဲဝိုင်းမှ လူတစ်ယောက်ကို မကြာမကြာ လှမ်း၍ကြည့်နေမိပါသည်။ ဒီလူကို သူ အတော်ကို မြင်ဖူးနေသည်မို့ စဉ်းစား၍မရအောင် ဖြစ်နေပါသည်။

စဉ်းစား၍ မရတိုင်း ဦးသီဟတစ်ယောက် ကျန်သည့်အပေါင်းအသင်းများနှင့် စကားပြော၍ပင် မပြောင့်တော့ပါ။

ဒီလူဟာ တကယ်တော့ မောင်လွင်မောင်နှင့် အတော်ကို တူနေသည်လေ။ လွင်မောင်က အသားအနည်းငယ်ညိုတာနှင့် ဒီလူက အသားဖြူနေတာ တစ်ခုသာ ကွာခြားတာပါ။

ဟာ ဟုတ်ပြီ ဒါ မောင်မောင်လွင်၊ သူ တက္ကသိုလ်တွင် တက်နေစဉ်က တစ်တန်းတည်းအတူနေခဲ့သည့် သူငယ်ချင်း၊ အကြွားသန်လွန်းသည့် မောင်မောင်လွင်နှင့်သူ မကြာခဏ ရန်ဖြစ်ခဲ့ရလို့ မောင်မောင်လွင့်ကို သူ ကောင်းကောင်းမှတ်မိနေတာ။

ဦးသီဟတစ်ယောက် ဘာမပြောညာမပြော၊ မောင်မောင်လွင်ရှိရာ စားပွဲဝိုင်းသို့ သွား၍ သူနှင့်တည့်တည့်တွင် ဝင်ထိုင်ကာ ပြုံးပြုံးလေး ကြည့်နေလိုက်ပါသည်။

"ဟာ ... သီဟ ... "

"မင်းနဲ့ငါ မတွေ့တာ အတော့်ကို ကြာသွားပြီနော် ... "

"ကျေးဇူးတင်တယ်ကွာ ... မင်းခုလို လာနှုတ်ဆက်တာနို့မို့ တို့နှစ်ယောက် မသေခင် တွေ့လိုက်ရမှာတောင် မဟုတ်ဘူး ... "

"အိမ်ထောင်တွေဘာတွေကော ကျပြီလား ... "





"အေး ... သားတစ်ယောက်ရှိတာ ... အဖေ့ကြောကို လန်နေတာပဲ ... "

"ငါလည်း သမီးတစ်ယောက်တည်းပဲ ... "

"လာလည်ပါဦးကွာ ... ငါ ရွှေတောင်ကြားလမ်းက အိမ်မှာပဲ ... "

မတွေ့တာက ကျောင်းပြီးထဲကဆိုတော့ နှစ်ပေါင်းနှစ်ဆယ့်ငါးနှစ်လောက် ကြာခဲ့ပြီမို့ ဦးသီဟနှင့် ဦးမောင်မောင်လွင်တို့နှစ်ယောက် ပျော်မဆုံးဘဲ တပြုံးပြုံးနှင့် ရှိနေကြပါသည်။

"ဟော ... ဟိုမှာ သား ကျွန်တော့်ကိုကြိုဖို့ လာတာနဲ့ အတော်ပဲ ... ခင်ဗျားနဲ့ မိတ်ဆက်ပေးရဦးမယ် ... "

"သား ... ခဏလာဦး ... "

"ဟင် ... မင်းသားက မောင်လွင်မောင်လား ... "

"ငါ့သားနာမည်က ဇော်ဇော ... "

"မင်း ... မင်း မောင်လွင်မောင်မို့လား ... "

ဇော်ဇော မျက်နှာတွေ အရမ်းပျက်လို့နေပါသည်။ ဦးမောင်မောင်လွင်တစ်ယောက် ဦးသီဟနှင့် သားဖြစ်သူ ဇော်ဇောတို့နှစ်

ယောက် ဘာတွေဘယ်လို ဖြစ်နေမှန်း မသိတော့ပါ။

"ကျွန်တော့်နာမည်က ဏီဇပါအန်ကယ် ... ဒါက ကျွန်တော့် ဖေဖေ ဦးမောင်မောင်လွင်ပါ ... "

"ဒါနဲ့များ မောင်လွင်မောင်ရယ် ... မင်းမို့ မဟုတ်မမှန်တွေ ပြောတတ်လွန်းတယ် ...

မောင်မောင်လွင် မင်းတော့ ဒီအကြောင်းတွေ ဘာမှ မသိ သေးဘူးထင်တယ် ... မင်းသားကလေ ငါ့ကို တစ်လျှောက် လုံး သူ့နာမည်ကို လွင်မောင်တဲ့ ... ပြီးတော့ သူ့အဖေ မင်းရဲ့နာမည်ကိုတော့ ဦးဘိုးဆင်တဲ့ ... "

"ဘာ ... သူက လွင်မောင် ... ငါက 'ဘိုးဆင်'တဲ့လား ... အေး ဏီဇ မင်းဟာလေ ဘယ်တုန်းကမှ စကားကို ဖြောင့် ဖြောင့်ဖြူးဖြူး မပြောခဲ့လို့ မင်းကို ဖေဖေ အမြဲတမ်း ဆုံးမ နေတာကို မင်းသိတယ်မို့လား ... လိမ်တာညာတာဟာ ခဏပဲရမယ်ဆိုတာလေ ... ကဲ အခုတော့ မင်း အရှက်ကွဲ ပြီမို့လား ...

မင်းမို့ကွာ ... မျက်နှာက ပြောင်လည်းပြောင်ပါတယ် ...





ငါသာဆို ရှက်လွန်းလို့ ငါ့မျက်နှာကို ဓားနဲ့ အကွင်းလိုက်လှီး ပစ်တယ် ... "

အေးပါ မောင်လွင်မောင်ရာ မင်းပြောတဲ့ စကားကို အန် ကယ် တကယ် ယုံသွားပါပြီ ... မင်းအဖေကို ဘိုးဆင်တစ် ယောက် နေကောင်းလားလို့ အန်ကယ်က မေးတုန်းက လေ ... မင်းက ဘာပြန်ဖြေလည်းဆိုတော့ 'ဖေဆင်'က ကျွန်တော့်ကို ဆူဖို့အတွက် အမြဲ ကျန်းမာနေပါတယ်ဆို တာလေ ... တကယ်ပါပဲဗျာကွာ မင်းဟာ အမြဲတမ်းကို အဆူခံနေရမယ့်ကောင်မျိုးပါလား ... လွင်မောင်ရာ ... "

"ဒီနေ့ကစပြီး ... မင်း မှတ်သာထားလိုက်ပါတော့ သီဟ ရာ ... ဒီကောင့်နာမည် 'ဏီဇ' ... နာမည်အရှည်က 'ဏီဏီ ဇ' ... "

"ငါ ခုမှ သတိရတယ် ... မောင်လွင်မောင် 'မင်း' ... 'မင်း' ဟာ ဏီဇဆိုတော့ ... "

"ဟုတ်ကဲ့ပါ အန်ကယ် ... "

"ဘာ ဟုတ်ကဲ့ပါလဲ ... "

"မသိဘူးလေ ... "

"မင်း ... ရွှေပေလွှာ့ကို သိလား ... "

"ဟုတ်ကဲ့ ... အန်ကယ် ရွှေပေလွှာက အန်ကယ့်သမီးပါ"

"ဒါဆို မင်း ရွှေပေလွှာ့ကို သိတယ်ပေါ့ ... "

"သိပါတယ် ... "

"မင်းတို့ချင်း သိနေကြတာ ဘယ်လောက်ကြာပြီလဲ ... "

"ကျောင်းတက်တဲ့သက်တမ်းတစ်လျှောက်လို့ ဆိုရမှာပါ ... ကျောင်းသက်က နှစ်နှစ်နီးပါးရှိပြီဆိုတော့ ကျွန်တော်တို့ချင်း သိကြတာ နှစ်နှစ်နီးပါး ရှိပါပြီ ... "

"ဘယ်လိုကဘယ်လို ရင်းနှီးသွားကြတာလဲ ... "

"ဒီလိုကဒီလိုပဲ ရင်းနှီးသွားတာပါ အန်ကယ် ... သူနဲ့ကျွန်တော်တို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် တွေ့ပြီး မကြာခင်မှာပဲ ရင်းနှီးသွားကြတာပါ ... "

"ဟေ့ကောင် ဏီဇ ... လူကြီးကို ကောင်းကောင်းပြော... ငါရှိနေလို့သာ ... သီဟက မင်းကို ခွင့်လွှတ်နေတာ ... တကယ်ဆို သီဟနေရာမှာ ငါသာဆိုရင် မင်းကို ထတီးပစ်





မှာ သေချာတယ် ... "

"ငါ အံ့သြတယ် မောင်ဏီဇ ... တကယ်တော့ 'ဏီဇ'ဆိုတဲ့ကောင်ဟာ ငါနဲ့အနီးကပ်ဆုံး နေရာမှာ လွင်မောင်အဖြစ်တည်ရှိနေတာကို မသိလိုက်တာ ငါ့ရဲ့ညံ့ချက်ပဲပေါ့ကွာ"

ပီသတဲ့ဏီဇရဲ့ လိမ်ညာအကွက်ဆင်ပုံက ထားပါဦး သမီးဖြစ်သူ ရွှေပေလွှာကပါ ဖခင်ဖြစ်သူကို ပိပိရိရိနှင့် သေသပ်စွာ ဖုံးဖိသွားခဲ့သည်များက ဦးသီဟကို မကျေမနပ်တွေ ဖြစ်စေပါသည်။

'ဏီဇ'ရာ မင်းကို ငါရှာနေတာကြာပါပြီ။ ခုတွေ့ပြန်တော့ မင်း အရမ်းကံကောင်းသွားတယ် မှတ်ပါ။ မင်းဟာ ငါ့သူငယ်ချင်းရဲ့သားဖြစ်နေတာ တစ်ချက်တည်းနဲ့ မင်းကိုငါ ဘာတစ်ခုမှ တုံ့ပြန်ခွင့် မသာတော့ပါဘူး ... ။

"သီဟ ... မင်းနဲ့ငါ့သားမှာ တစ်ခုခုတော့ အဖုအထုံးတွေ ရှိနေတယ် ထင်တယ် ... မင်း မကျေနပ်ရင် ငါ့ကိုပြောနော်"

"မကျေနပ်တဲ့ အချက်တွေကတော့ ရှိတယ်ကွ၊ ဒီကောင်က ငါ့သမီးနဲ့ပေါင်းပြီး ငါ့ကိုအရူးလုပ်နေကြတာလေ ... တကယ်တော့ တစ်ချိန်တစ်ခါက မင်းသားဏီဇရယ် ... ငါ့

သမီး ရှွေပေလွှာရယ် ပြဿနာတစ်ခုနဲ့ ရဲစခန်းက ငါ့ကို ဖုန်းဆက်ပြီ ခေါ်တာလေ ... ”

“ဟုတ်တယ်မို့လား ဖေဖေ ... ”

“ဟုတ်ပါတယ် ... အန်ကယ် ... ”

“အေး ငါကလည်း ငါ့သမီးကို ယုံတာပေါ့ကွာ ... သမီးကို မေးတော့ သူ ဖေဖေဆိုတာကို သိတော့သိတယ် ... ဒါပေမဲ့ သူနဲ့က လုံးဝ မပတ်သက်ပါဘူးတဲ့ ... သူတို့ဟာ သူတို့သမီးနဲ့ ပတ်သက်ပြီး ရန်ဖြစ်တိုင်း ... ဖြေရှင်းနေရမယ်ဆိုရင်တော့ သမီး သတ်သေလိုက်မယ်လေး ဘာလေးနဲ့ ပြောလာတော့ဗျာ ... ကျွန်တော်တို့မှာ ကိုယ့်သမီးကိုတောင် ကိုယ်ပြန်ချော့ယူရတဲ့အဖြစ်ကို ရောက်ခဲ့ရတယ် ... ”

“ဒီတုန်းက ခင်ဗျားသာ ရဲစခန်းကို လာခဲ့ရင် ခင်ဗျားနဲ့ ကျွန်တော် ပြန်တွေ့တာ ဒီထက်တောင် စောဦးမှာဗျ ... ဘာလို့လဲဆိုတော့ ကျွန်တော်လည်း ရဲစခန်းကို ရောက်သွားရတယ်လေ ...

ဒီကောင်ကို ချုပ်ထားတယ်ဆိုတော့ အမေလုပ်သူက ငို





လားရယ်လားနဲ့ဆိုတော့ အမြန်ကို သွားထုတ်ပေးလိုက်ရတာ ... သိဟာ ... ခင်ဗျားကျွန်တော့်ကို အားမနာပါနဲ့ဗျာ ဒီကောင့်ကို ခင်ဗျားပေးချင်တဲ့ အပြစ်ဒဏ်ပေးပါ ... ”

“အဲလိုတော့လည်း မရပြန်ဘူးဗျ ... မောင်မောင်လွင်ရ ... ဒီကောင်က ကျွန်တော့်ကျေးဇူးရှင် ဖြစ်နေတယ်လေ ... ပြင်ဦးလွင်မှာ ကျွန်တော်တစ်ယောက်တည်း ကားပျက်နေလို့ ဘာလုပ်ရမှန်းမသိတဲ့အချိန်မှာ ဒီကောင်က ပြင်ပေးလို့ ကားက ခုထိကို ကောင်းသွားတာ ...၊ ကျေးဇူးတင်လို့ သူ့နာမည်ကိုမေးတော့ ‘လွင်မောင်’တဲ့၊ ဒါတောင် ကျွန်တော်က ပြောလိုက်သေးတယ် ... မင်းဟာ ငါ့သူငယ်ချင်း မောင်မောင်လွင်နဲ့ အသားဖြူတာညိုတာတစ်ခုကလွဲရင် အရမ်းတူတာပဲလို့ ပြောတော့ ... သူက ဘာပြန်ပြောတယ်မှတ်လဲ ... လောကမှာ လူတူမရှား နာမည်တူမရှားပါတဲ့ ... ဒါတောင် မင်းနာမည်ကို ဦးဘိုးဆင်တဲ့ ... ”

“ဖေဖေ မင်း ... အဲလို လိမ်ညာနေရတာ ဘာအရသာရှိလို့လဲဟင် ... ဖေဖေ့ကို ပြောစမ်း ... ”

"အရသာရှိလို့တော့ ဘယ်ဟုတ်ပါ့မလဲ ဖေဖေရယ် ... အမှန်အတိုင်းပြောရင် လုံးဝမဖြစ်မှာမို့ လိမ်လိုက်ရတာပါ ... "

"မောင်လွင်မောင် မင်းကို အန်ကယ်မေးစရာရှိသေးတယ်"

"ကျွန်တော့်ကို ဏီဇလို့ပဲ ခေါ်ပါတော့ အန်ကယ် ... ကျွန်တော့်မှာ ကြိုကြိုသလိုသာ လိမ်လိုက်ရတာ ... အန်ကယ် အဲလို မောင်လွင်မောင်လို့ ခေါ်လိုက်တိုင်း ကျွန်တော့်တစ်ကိုယ်လုံး ကြက်သီးတွေ ဖြန်းခနဲဖြန်းခနဲထ ... ထလာရလို့ပါ ... "

"တွေ့လား ... သီဟ ... ဒီကောင့်ကို ငါ့သားတော်ရတာ အင်မတန်ရှက်တယ် ... သူ့ရဲ့စိတ်ဓာတ်က တော်တော့်ကို အောက်တန်းကျတာကွ ... "

"ဖေဖေကလည်းဗျာ ... ကျွန်တော့်အဖေမဟုတ်တဲ့အတိုင်းပဲ ... တကယ်ဆို အန်ကယ့်ရှေ့မှာ ... ဟုတ်တာမဟုတ်တာ အပထား ကျွန်တော့်ကို အမွှမ်းတင်ပေးရမယ်ဟာ ... ခုတော့ ဖွစ်အတင်းကြီးကို သိက္ခာချနေတော့တာပါလား"

"တယ်လေ ... ငါလုပ်ထည့်လိုက်ရလို့ ... "





"မောင်ဏီဇ ... မင်း ပြင်ဦးလွင်မှာတုန်းက အန်ကယ့်ကို ကားပျက်တုန်းကကူညီတာ ... သာမန်သူစိမ်းလူတစ်ယောက်ကို ကူညီလိုက်တဲ့ သဘောလား ... ဒါမှမဟုတ် ရွှေပေလွှာ့ အဖေမှန်းသိလို့ ကူညီလိုက်တာလား ... "

"အမှန်အတိုင်းဝန်ခံရမယ်ဆိုရင်တော့ ... ကျွန်တော်ဟာ မက်(ခ်)တူ အညိုရောင်ကားကို မြင်ရင် ကြည့်တတ်တဲ့ အကျင့်က ဖြစ်နေတယ်လေ ... ဒီကြားထဲ ကားနံပါတ်က ရွှေပေစီးနေတဲ့ ကားနံပါတ် ... "

"ဘာ ဘယ်သူစီးနေတဲ့ကား ... "

"ရွှေပေလေ ... ရွှေပေ ... အန်ကယ့်သမီး ရွှေပေလွှာစီးနေတဲ့ ကားဖြစ်နေတယ်လို့ ပြောမလို့ပါ ... "

"ဩော် ... မင်းက သမီးကို ရွှေပေလေးဘာလေးနဲ့ အဖျားဆွတ်ခေါ်ရတဲ့ အဆင့်ထိ ရောက်နေတာလား ... "

"ဟုတ်ကဲ့ပါ အန်ကယ် ... ကျွန်တော် သူ့ကို ရွှေပေလို့ပဲ ခေါ်ပါတယ် ... 

အဲဒါနဲ့ပဲ ကားကိုမြင်လိုက်တော့ အန်ကယ်ဦးသီဟကိုပါ

တန်းတွေ့ပါလေရော ...

အစတုန်းကတော့ ကျွန်တော် ခပ်လှမ်းလှမ်းကနေ ကားကို ကြည့်နေလိုက်သေးတယ် ...

ဒါ ရွှေပေ့ကားပဲ ... ဒါပေမဲ့ ရွှေပေတို့တော့ ဒီမြို့ကို ရောက်နေမယ်ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး ...

ဘာလို့လဲဆိုတော့ ရွှေပေဟာ ... သူ ပြင်ဦးလွင်ကို သွားမယ်ဆိုရင် ကျွန်တော့်ကို အကျိုးအကြောင်းတော့ ပြောခဲ့မှာပေါ့ ... ခုတော့ ကားကြီးကို လာတွေ့တော့ ကြောင်တောင်ကြောင်သွားတယ် ... ဟိုကောင် ရန်ပြေတို့က ဘာပြောတယ်မှတ်လဲ ... ”

“ဘယ်က ရန်ပြေလဲ ... ”

“ဩော် ... ရန်အောင်ကို ပြောတာပါ အန်ကယ် ... တကယ်တော့ ဒီကောင့်နာမည်က ရန်အောင်မဟုတ်ပါဘူး ရန်ပြေပါ ...

အဲ ရန်ပြေကပြောတော့ ရွှေပေလွှာတို့ကားကတော့ အစစ်ပဲကွ ... သူတို့ကားကို အငှားလိုက်တာပဲ ဖြစ်မယ်တဲ့ ...”





“ဟာ သေပြီဗျာ ... မောင်မောင်လွင် ... မင်းသားဟာလေ ... ငါ့ကို လိမ်ညာရုံတင် မကသေးဘူး ... အထင်တွေပါ စွတ်သေးနေတာကိုး ... ”

“မဟုတ်ပါဘူး အန်ကယ်ရယ် ... သူပြောတဲ့ စကားကို ကျွန်တော် မယုံပါဘူး ... ဒါကြောင့် အချိန်အတော်ကြာစောင့်ကြည့်နေတာ ... အန်ကယ်ဆိုင်ထဲက ထွက်လာတာကို မြင်ပါလေရော ... ”

“မင်းက ငါ့ကို သိနေတယ်လား ... ”

“ကြာပါပြီ အန်ကယ် ... ကျွန်တော် အန်ကယ့်ကို သိနေတာ နှစ်နှစ်နီးပါး ရှိပါပြီ ... ”

“ဩော် ... လက်စသတ်တော့ မင်းငါ့ကို လေ့လာထားတဲ့ ‘ဝါ’က တော်တော်ရင့်နေပြီကိုး ... ”

“ဟုတ်ကဲ့ပါ ... ”

“ဟေ့ကောင် ဏီဇ မင်းတော်တော့ ... သီဟာမေးတာထက် ဘာမှ ပိုမပြောနဲ့ ... ”

စကားကြောရှည်လွန်းသော သားဖြစ်သူ ဏီဏီဇ

ကို ဦးမောင်မောင်လွင်တစ်ယောက် ထပြီး နားရင်းပါးရင်း အုပ်ချင်လာပါသည်။

သူငယ်ချင်းဖြစ်သူ သီဟကလည်း သီဟပင်။ သူ့စကားတွေက သားဖြစ်သူ 'ဏီဇ'ကို ရေလာမြောင်းပေးစကားတွေ ပြောနေသည်မို့၊ ဏီဇဆိုတဲ့ကောင်ကလည်း အလိုက်ကန်းဆိုးမသိတဲ့အပြင် လူကိုလည်း မကြောက်တတ်သည့် အကျင့်တွေကြောင့် အလွန်အကျူံတွေ ဖြေပါလေရော။ တော်ကြာ အမှားတွေ ပါခဲ့ပါလျှင် ခုမှ တွေ့ရသော သူတို့ သူငယ်ချင်းနှစ်ယောက်အတွက် မျက်နှာပူစရာတွေ ဖြစ်ကုန်တော့မှာ ... ။

"မောင်ဏီဇ ... မင်း အန်ကယ်ပြန်သွားပြီး အဆောင်ကို လိုက်လာတာ တမင်သက်သက်ပေါ့ ဟုတ်လား ... "

"အမှန်အတိုင်း ဝန်ခံရရင် ဟုတ်ပါတယ် ... ရွှေပေ့ကို မြင်ချင်လွန်းလို့ပါ ... "

"ငါ့သမီးကကော မင်းကို မောင်လွင်မောင်လို့ အန်ကယ် ပြောနေတာကို ဘာလို့ မဟုတ်ကြောင်း မပြောရတာလဲ"

"ဒါကတော့ အန်ကယ် ရွှေပေနဲ့ ကျွန်တော်က စိတ်တူကိုယ်





တူလေ ... ကျွန်တော်လိမ်ထားတာဟာ အကြောင်းတစ်ခုခု ရှိလို့ဖြစ်မှာပဲဆိုတာကို ရွှေပေက. သိနေမှာပေါ့ ... ဒါ့ကြောင့် ငြိမ်နေတာဖြစ်မှာပေါ့ ... "

တောက် အသည်းယားဖို့ ကောင်းတဲ့ကောင်၊ ရှေ့ဆက်မေးနေရင်လည်း ဦးသီဟတစ်ယောက် စိတ်ဆိုးရုံအပြင် မရှိတော့ပါ။ 'အဓိက'က သမီးပါ။ သူ့သမီး ရွှေပေလွှာကို သူ ပိုစိတ်ဆိုးမိပါသည်။ မိဘနှစ်ပါးကတော့ ကလေးလေးဆိုပြီး ယုယကြင်နာလိုက်ရတာ။ တကယ်တော့ သားသမီးယုံ့ စုံလုံးကန်းဆိုတဲ့ စကားဟာ တကယ်ကိုမှန်မှန်း ဦးသီဟ သိလိုက်ရပါတော့သည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉–လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







အိမ်ကို ဒေါနှင့်မောနှင့် ရောက်ချလာသော ဦးသီဟတစ်ယောက်၊ သမီးနှင့် ဇနီးဖြစ်သူတို့နှစ်ယောက် ကြည်နူးနေကြသည်ကို ကြည့်ပြီး ဘာက စပြောရမည်ကို မသိတော့ပါ။

ခု သူပြောမည့်စကားက သားအမိနှစ်ယောက်၏ ချစ်ခြင်းကို ခွဲရမည့်စကား ဖြစ်နေသည်လေ။ သူ့အနေနှင့် 'ဏီဇ' ဆိုသည့်ကောင်ကို အညှိုးထားခဲ့တာ ကြာခဲ့ပေမဲ့ ... ။

ဏီဇရယ်လို့ သိလိုက်ရသည့် အချိန်မှာ သူငယ်ချင်း

မောင်မောင်လွင်၏သား ဖြစ်နေသည်။ မျိုးရိုးက ဆွေကြီးမျိုးကြီး ထဲက ဖြစ်နေသလို၊ လွင်မောင်အယောင်ဆောင် 'ဏီဇ'ဆိုတာ ဟာလည်း သူထင်ထားသလို မိုက်မိုက်ကန်းကန်းကြီးထဲက မဟုတ် ပါ။

ဏီဇမှန်းမသိခင် လွင်မောင်အနေနှင့် သူ ဒီကောင် လေးကို ကောင်းကောင်းမွန်မွန်နှင့်ပင် ပေါင်းသင်လာနိုင်ခဲ့သည် လေ။ ဘာပဲပြောပြော ဦးသီဟအနေနှင့် ဏီဇကို ခွင့်လွှတ်သွားနိုင် ပါသော်လည်း၊ ဇနီးဖြစ်သူ ခင်စိမ်းဝင်းကတော့ ဘယ်လိုနေမည် သူ မပြောတတ်ပါ။ ဇနီးသည်ကို ဖွင့်ပြောဖို့ရန် သူ လိမ္မာပါးနပ်ပါမှ ဖြစ်ပါမည်။ သို့မဟုတ်ပါက ဓာတ်ဆီအပြည့်ပါသော တိုင်ကီကို မီးစ နှင့် သွားထိုးသလို 'ဝုန်း'ခနဲနေအောင် ပေါက်ကွဲမှာတော့ သေချာ ပါသည်။

သမီးဖြစ်သူက စာကျက်နေသည်။ အမေလုပ်သူက အနားတွင် ဝတ္ထုစာအုပ်တစ်အုပ်ကို ထိုင်ဖတ်နေပြီး လက်ဖက် ခွက်ထဲမှ လက်ဖက်ကို သမီးအားအချိန်မှန်မှန် ခွံ့ကျွေးနေသည့် မြင်ကွင်းက တကယ်ကို ကြည်နူးစရာပင် ကောင်းပါသည်။





ဒီမြင်ကွင်းကို ဦးသီဟ အလွယ်တကူနှင့် မဖျက်ဆီး ရက်ပါ။

သူ အနားရောက်လာတော့ ဇနီးနှင့်သမီးက ပြုံးရယ် ၍ နှုတ်ဆက်ကြပါသည်။

"ဖေကြီး … ဂျေဒိုးနတ်ပါလာလားဟင် … "

"အေး … ပါတယ်သမီး … "

"တော်ပါသေးရဲ့ … မပါရင်တော့ ဖေကြီးကို ဒီတစ်ခါ သမီး ခွင့်မလွှတ်တော့ဘူးလို့ စိတ်ကူးထားတာ … "

တကယ်တော့ သမီးဖြစ်သူ မှာလိုက်သော မုန့်ကို ပင် မဝယ်ချင်တော့လောက်အောင် ဦးသီဟစိတ်တွေ 'တို'နေပါ သော်လည်း ကိုယ့်စိတ်ကို ကိုယ်မနည်း ဖြေလျှော့ကာ ဝယ်လာခဲ့ရ ခြင်း ဖြစ်ပါသည်။

"ကိုကို … ထမင်းစားတော့မလားဟင် … "

"မစားတော့ပါဘူး 'စိမ်း'ရယ် … ဗိုက်ထဲက မဆာတော့ ဘူး … "

ဦးသီဟတစ်ယောက် သူ့အခန်းထဲသို့ မျက်နှာ

မကောင်းစွာနှင့် ဝင်သွားသည်ကို ဒေါ်ခင်စိမ်းဝင်းကော ရွှေပေလွှာပါ သိလိုက်ကြပါသည်။

"ဖေဖေ ဘာဖြစ်လာလဲ မသိဘူးနော် ... မာမီ မျက်နှာပျက်နေသလိုပဲ ... "

"အေး ... မာမီလည်း ဒီလိုပဲထင်တယ် သမီး ... ခဏနေဦး မာမီလိုက်သွားလိုက်ဦးမယ် ... "

ဦးသီဟ ခုတင်ပေါ်တွင် ပက်လက်အနေအထားကြီးနှင့် တွေ့လိုက်ရပါသည်။ ခါတိုင်းဆိုလျှင် ခင်ပွန်းဖြစ်သူက ရောက်ရောက်ချင်း ဒီလိုမနေတတ်ပါ။ ထမင်းစားသည်။ စားပြီးလျှင် တီဗွီကို ပြီးသည့်အထိ ကြည့်သည်။ ပြီးမှ စာအုပ်လေးတစ်အုပ် ဖတ်လိုက်သေးသည်။ အနည်းဆုံး ၁၂နာရီလောက်မှ အိပ်တတ်တာ။

"ကိုကို ... ဘာဖြစ်နေတာလဲ ... နေမကောင်းလို့လား ... "

"ကောင်းပါတယ်ကွာ ... "

"ဒါဆို စိတ်ညစ်စရာ တွေ့လာလို့လား ... "

"အင်း နည်းနည်းပါးပါးတော့ ရှိတယ်စိမ်း ... "

"အလုပ်ကိစ္စနဲ့လား ... "





"စကားကြောရှည်လိုက်တဲ့ မိန်းမ ... ဒီက သူ့ကို သနားလို့ ဖွင့်မပြောရက်လို့ မပြောတာကို 'မရ'ရအောင် မေးခွန်းတွေ တစ်ခုပြီးတစ်ခု ထုတ်နေတာ အရမ်းစိတ်ညစ်ဖို့ ကောင်းတာပဲ ... "

"မဟုတ်ပါဘူး ... "

"ဒါဆို စိမ်းတို့ကြောင့်လား ... စိမ်းတို့နဲ့ ဆိုင်တဲ့ကိစ္စလား"

ဦးသီဟ ငြိမ်နေပါသည်။

"ပြောလေကိုကို ... စိမ်းတို့နဲ့ ပတ်သက်နေလားလို့ ... အဲ့လို မပြောဘဲ ကိုကို စိတ်ထိုင်ညစ်နေရင်တော့ စိမ်းမနေနိုင်တော့ဘူး အရမ်းကို သိချင်နေလို့ပါ ... ပြောပါကိုကိုရယ် ... ပြဿနာရှိလည်း နှစ်ယောက်တူတူ ရင်ဆိုင်ကြတာပေါ့ ... "

"မင်းသမီး မကောင်းဘူးကွာ ... "

"သမီး ဘာဖြစ်လို့လဲ ကိုကို ... စိမ်း ရင်တွေခုန်လွန်းလို့ပါ"

"မင်းသမီးမှာ ရည်းစားရှိနေတယ်ကွ ... "

"ရှင် ... "

"မရှင်နဲ့ စိမ်း ... ဟိုတစ်ခါ ရဲစခန်းက ကိုကိုတို့ကို ဖုန်းဆက်

ခေါ်တုန်းကလေ ... သမီးကတို့ကို သူမဟုတ်ပါဘူးဆိုပြီး အကြောက်အကန် ငြင်းခဲ့တာကို စိမ်းမှတ်မိတယ်မို့လား ... မှတ်မိတာပေါ့ ကိုကိုရယ် ... ဟို ဏီဇဆိုတဲ့ ကောင်လေး မို့လား ... ”

“အေး ... အဲဒီကောင်လေးနဲ့ပဲ ... ”

“ဒါဆို ကိုကို ဘာမှ မလုပ်ခဲ့ဘူးလား ... ”

“ဘာလုပ်လို့ ရမှာလဲကွ ... ”

“ဟင်ကိုကိုပဲ ... ဏီဇဆိုတဲ့ကောင်နဲ့ ရှုပ်ရှုပ်ယှက်ယှက်တွေ ဖြစ်ရင်တော့ ရှင့်သမီးကိုလည်း ကျောင်းထုတ်ပစ်မယ်ဆို... ပြီးတော့ ဒီကောင့်ကိုလည်း ရှင်ပဲသတ်မယ်ဆို ... ”

“အိုကွာ ... ဒါတွေက ဒေါသဖြစ်လွန်းလို့ ပြောတဲ့စိတ်ကူး ယဉ်စကားတွေပါ ... တကယ်တော့ ဘယ်လုပ်ရဲပါ့မလဲ ...”

“သမီး ... တော်တော်မိုက်တာပဲ ... သူကြည့်တော့ ငြိမ် ကုပ်ကုပ်ပဲဆိုတော့ စိမ်းလည်း လုံးဝ မထင်မိဘူးပေါ့ ကိုကို ရယ် ... နေဦး ‘စိမ်း’ သွားမေးဦးမယ် ... ”

“စိမ်း နေဦး ... တို့နှစ်ယောက်စလုံး စိတ်လိုက်မာန်ပါတွေ





လုပ်မိလို့ အမှားတွေဖြစ်ကုန်ဦးမယ် ... ခဏလေး စိတ် အေးအေးထားပြီး စဉ်းစားကြရအောင်ကွာ ... ”

“မေးတော့ မေးရမှာပေါ့ ကိုကိုရဲ့ ... ဒီလိုမှ ဖွင့်မမေးရရင် စိမ်းတော့ သမီးမျက်နှာကို ကြည့်ချင်တော့မှာ မဟုတ်ဘူး... ဘယ်လိုလဲ ကိုကို စိမ်း သွားမေးလိုက်ရမှာလား ... ”

“တို့သမီးလေးနဲ့ တို့ရဲ့ဘဝ အေးအေးချမ်းချမ်းလေးနေတာ ကို ဖျက်ဆီးပစ်တယ်ကွာ ... ”

“သူများကိုပဲ တစ်ဖက်သတ် ဒေါသဖြစ်မနေနဲ့လေ ... ဒါ ကတော့ ရှင့်သမီးကိုယ်တိုင် ပါလို့ဖြစ်ရတာပဲဟာ ... ”

“နေပါဦး ... ကိုကိုက ဘယ်လိုလုပ် သိလာတာလဲ ... ”

“ဒီလိုကွာ ... ဒီနေ့ စားသောက်ဆိုင်မှာ ကိုကိုသူငယ်ချင်း နဲ့ တွေ့တယ် ... မတွေ့တာက ကျောင်းကထွက်တဲ့ သက် တမ်းတစ်လျှောက် ရှိပြီလေ ... တွေ့လို့ ဝမ်းသာအားရ စကားပြောရမယ် မကျန်သေးဘူး ... သားလုပ်တဲ့သူက ရောက်လာလို့ ကိုကိုနဲ့ မိတ်ဆက်ပေးတော့ ... သူ့ရဲ့သားက ဏီဇဖြစ်နေတယ်လေ၊ ဒီကောင်လေးကို စိမ်းလည်း သိမှာ

ပါ၊ ကိုကိုတို့ပြင်ဦးလွင်တုန်းက သိခဲ့ရတဲ့ ကိုကို့ကားကိုပြင်ပေးတဲ့ မောင်လွင်မောင်ဆိုတာပဲလေ ...

ဒါပေမဲ့ သူ့အဖေက သူ့နာမည်ကို ပြောတော့ ဏီဇဆိုပြီး မိတ်ဆက်ပေးတော့ ကိုကို တကယ်အံ့သြသွားရတာပေါ့ ... တကယ်တော့ လွင်မောင်ဟာ 'ဏီဇ'တဲ့လေ ... တမင်တကာ ကိုကို မရိပ်မိအောင် နာမည်လိမ်ထားတာတဲ့ကွာ"

"ဒါဆို 'စိမ်း'တို့က အညာခံလိုက်ရတာပေါ့ ဟုတ်လား ..."

"ဒါပေါ့ ... "

"အဲဒါကို 'ကိုကို'သိတော့ ဒေါသတွေ ဖြစ်မသွားဘူးလား"

"ဘာပြောကောင်းမလဲ စိမ်းရာ ... ဒီ 'ဏီဇ'ကို ကယ်တင်လိုက်တာ တစ်ခုက သူ့အဖေဟာ ကိုကို့သူငယ်ချင်း ဖြစ်သွားလို့ပဲလေ ... "

"ဒီလိုနဲ့တော့ ကျေအေးလို့ ဘယ်ဖြစ်ပါ့မလဲ ကိုကိုရဲ့ ... နေပါဦး ကိုကို့သူငယ်ချင်းဆိုတာက ဘယ်သူလဲ ... "

"မောင်မောင်လွင်တဲ့ကွာ ... သူ့မိဘမျိုးရိုးက ပိုက်ဆံတော့ ရှိပါတယ် ... ဒါပေမဲ့ ဒီကောင်က အကြွားသန်လို့ ကိုကိုနဲ့





ခဏခဏ ရန်ဖြစ်ရတာ ... "

"တကယ်ပဲ 'သမီး'က အဲဒီကောင်လေးနဲ့ ကြိုက်နေတယ်ဆိုရင်ကော ... ကိုကိုသဘောတူမှာလား ... "

"မပြောတတ်ပါဘူးကွာ ... သူဟာ လွင်မောင်ဆိုတဲ့ အနေအထားနဲ့ဆိုရင် ကိုကိုသဘောတူရင် တူနိုင်ပေမဲ့ ... ခုတော့ လွင်မောင်ဟာ ဏီဇဖြစ်နေတယ်ဆိုတော့ အခြေအနေတွေက တစ်မျိုးဖြစ်သွားနိုင်တယ် စိမ်း ... ကိုကိုဟာ 'ဏီဇ'ဆိုတဲ့ကောင်ကို နာမည်ကြားရုံနဲ့ ဒေါသတွေ အလိုလိုဖြစ်လာတာလေ ... "

"ဟုတ်ပါရဲ့နော် ... ဘာ နာမည်ကြီးမှန်းကို မသိဘူး ... ဘာရည်ရွယ်ချက်နဲ့များ သူ့မိဘတွေက မှည့်ခဲ့တာပါလိမ့် ဒါတောင် သူ့နာမည်အရှည်က 'ဏီဇ'တောင် မဟုတ်သေးဘူး 'စိမ်း'ရဲ့ 'ဏီဏီဇ'တဲ့ဗျာ ... "

"သတ်သာ သေလိုက်ဖို့ပဲ ကောင်းတော့တယ် ... "









“မငိုပါနဲ့ ရွှေပေရာ ... ခရုမှာအဆံ လူမှာအကြံတဲ့ ... ဆိုရိုးစကားလည်း ရှိသားပဲ ... ရွှေပေသာ ဏီဏီဘက်က ရပ်တည်ပေးနေမယ်ဆိုရင် ... ဏီဏီနဲ့ ရွှေပေ ဘယ်တော့မှ မဝေးစေရဘူး ...”

“ဏီဏီက ဘယ်လိုကြံမှာလဲ ...”

“အဝေးကြီးကို ထွက်ပြေးမှာပေါ့ ...”

“ဒါကတော့ မဖြစ်နိုင်တာပဲ ဏီဇရယ် ... အဲဒါကိုတော့

ရွှေပေ လုံးဝ လက်မခံဘူး ... ”

“ဒါဆိုလည်း ရွှေပေ့ ဖေဖေ၊ မေမေတို့နဲ့ ဖြစ်အောင် ညှိကြည့်ပါ ရွှေပေရာ နော် ... ”

“ဘာလဲ ... ဘာကိုညှိကြည့်ရမှာလဲ ... ခုဟာက ရွှေပေ့ကို မေမေက ကိုဇနဲ့ လုံးဝ သဘောမတူတဲ့ ကိစ္စပဲ ... အဲဒါကို သဘောတူပါလို့ ရွှေပေက ဘယ်လိုလုပ် ပြောလို့ရမှာလဲ လို့ ... ”

“ခက်တော့တာပဲ ... အန်ကယ်ဦးသီဟကကော ဘာပြောသေးလဲ ... ”

“ဘာပြောရမှာလဲ ... အဲဒီနေ့ကစပြီး မာမီက ရွှေပေ့နဲ့ ပတ်သက်ပြီး စိတ်နာလွန်းလို့ ငိုတယ် ... သူ့မိန်းမငိုတော့ ဖေဖေကလည်း ရွှေပေ့ကို စိတ်ဆိုးမှာပေါ့ ... ခုထိ ရွှေပေ့ကို စကားတစ်ခွန်းမှကို မပြောတော့ဘူး ... ဟင့် ... ဟင့် ... ဟင့် ... ”

“စိတ်တော့ ညစ်မနေပါနဲ့ ရွှေပေရာ ... ဒီလို စိတ်ညစ်စရာမျိုးတွေက မိသားစုတိုင်း ကြုံတွေ့ရတတ်တဲ့ ပြဿနာတွေ





ပါ ... တဖြည်းဖြည်းနဲ့ အန်ကယ်နဲ့အန်တီ ခံနိုင်ရည်ရှိလာတဲ့ တစ်နေ့ကျရင် အားလုံး အဆင်ပြေသွားမှာပါ ... ”

“မပြေဘူး ကိုဇ ... မာမီက ရွှေပေကို ကိုဇနဲ့ သဘောမတူဘူးတဲ့ ... ”

“ဘာလို့လဲ ကိုက နူနေလို့လား ... ”

“ဆိုးလို့တဲ့ ... ”

“အကြောင်းရှိလို့ ဆိုးတာပဲဟာ ... အလကားနေရင်း ဆိုးနေတာမှ မဟုတ်တာ ... ”

“အင်းပါ ... ကိုဇ အဲလိုဆိုးတော့လည်း ရွှေပေနဲ့ အဝေးကြီးကို ရောက်သွားမှာပေါ့ ... ”

“ဒီလိုတော့ မပြောပါနဲ့ ရွှေပေရာ ... ကိုကိုပြောထားတယ် နော် ... ကိုကိုနဲ့ရွှေပေ ဘယ်တော့မှ မဝေးစေရဘူးဆိုတာလေ ... အဲဒါကို ရွှေပေ့ခေါင်းထဲမှာ စွဲစွဲမြဲမြဲ မှတ်လို့သာ ထားလိုက်ပေတော့ ...

မငိုပါနဲ့ ရွှေပေရာ ... နှာခေါင်းကြီးတစ်ခုလုံးလည်း နီပွနေပြီ၊ ကိုကိုက ကိုဇဆိုရင် ရွှေပေ့ကို နီပွလို့ မှည့်လိုက်ရင် ပို

ကောင်းမယ် ... ”

“ကောင်းပါတယ် ဇာဇီ အဲလို အမြဲတမ်း ပျော်ရွှင်နိုင်စေဖို့ ရွှေပေဆုတောင်းပါတယ် ... ”

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







ကျောင်းဆင်းတော့ မထင်မှတ်ဘဲ ရွှေပေလွှာတစ်ယောက် မာစီးဒီးကားအနက်ကြီးပေါ် တက်သွားပြီး၊ ကားကြီးက တစ်ရှိန်ထိုး မောင်းထွက်သွားပါသည်။

“ဟ ... ဒါ ဘာသဘောကြီးလဲ ... ဇာဇီ လုံးဝ မထင်လိုက်ပါ ... ဒီကားကြီးက မဆီမဆိုင် ရွှေပေလွှာ့ကို ခေါ်တင်သွားသည်တဲ့လေ ... ”

ကားမောင်းသူက ရုပ်ရည်သားသားနားနား ပြီး

တော့ ရွှေပေလွှာ့အမေလည်း ပါလိုက်သေးသည်။

အဓိပ္ပာယ်မရှိလိုက်တာများဗျာ၊ ကိုယ့်သမီးကို လူတစ်ယောက်နဲ့ သဘောမတူဘူးဆိုတာနဲ့ပဲ။ သဘောတူနိုင်တဲ့ လူကို အတင်းရှာဖွေပြီး သမီးနဲ့ ရင်းနှီးစေချင်တယ်ဆိုတဲ့ သဘောကြီးက အောက်တန်းကျလိုက်တာ။

ဏီဇ သိပ်ရှည်ရှည် မတွေးအားတော့ပါ။ ထွက်သွားသော မာစီးဒီးကားကြီးနောက်ကို တရကြမ်း စွတ်လိုက်သွားပါတော့သည်။

နောက်ကလိုက်လာသော ကား၏အရှိန်က ပြင်းထန်လွန်းသဖြင့်၊ သာလွန်မော်က သူ၏ကားကိုပါ အရှိန်ထပ်တင်လိုက်ပါသည်။

ဏီဇ၏ကား နောက်က လိုက်လာမှန်း ရွှေပေလွှာ သိလိုက်ပါသည်။

ဏီဇ၏ကားက မီလာပြီမို့ သာလွန်မော်၏ကားကို ဘေးချင်းကပ်ကာ တိုက်မည့်ဟန် ပြုလိုက်ခွာလိုက်နှင့် ပေါက်တုံ့ခွာတုံ့ ဖြစ်နေပါသည်။





ရွှေပေလွှာက ဘယ်လိုပင် မျက်နှာရိပ်မျက်နှာကဲဖြင့် ဏီဇကို တောင်းပန်နေပါသော်လည်း မရတော့ပါ။

ကိုယ့်ကိုယ်ကိုယ် ဒီကျောင်းက မိန်းမချောလေးတစ်ယောက်ကို သူ့ကားပေါ် ခေါ်တင်လာခဲ့ရသည်ဆိုပြီး ဂုဏ်ယူဝင့်ကြွားနေသော သာလွန်မော်တစ်ယောက်၊ မိန်းမချောလေးကို ခေါ်တင်ရခြင်း၏ အန္တရာယ်ကြီးပုံကို ကောင်းကောင်းကြီး သိရှိလာပါတော့သည်။

မီးပွိုင့်ရောက်တော့ ကားနှစ်စင်းလုံး ပြိုင်တူ ရပ်သွားကြပါသည်။

"ဏီဇ ... ရွှေပေ့နောက်ကို ဆက်လိုက်ရင်တော့ ဒီတစ်သက်အပြတ်ပဲ ... "

စကားဆုံးသွားသည်နှင့် ရွှေပေက ဖုန်းကို ပိတ်ချလိုက်ပါသည်။

အဲလိုတော့ ရွှေပေလွှာတစ်ယောက် ဏီဇအပေါ်မှာ အာဏာရှိပါသေးသည်။

ဏီဇ၏ကားက ဆက်၍မလိုက်တော့ဘဲ၊ မာစီးဒီး

ကားကြီးကိုအရှုံးပေးကာ တစ်ဖက်လမ်းသို့ ကွေ့သွားပါတော့သည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







"ဘာမဟုတ်တာတွေ လျှောက်လုပ်နေရတာလဲ ဏီဇရယ်"

"ဘာမဟုတ်တာတွေလဲ ... ရွှေပေ့အတွက်သာ မဟုတ်တာတွေ ဖြစ်ချင်ဖြစ်မယ် ... ဏီဏီအတွက်ကတော့ အကုန်ဟုတ်တာတွေချည်းပဲ ... "

"ကားပေါ်မှာ မာမီလည်း ပါတယ် ... ဏီဇလုပ်ပုံက အရမ်းရှက်ဖို့ ကောင်းတာ ... သိက္ခာလည်း ကျတယ် ... "

"သိက္ခာကျမယ်ဆိုရင်လည်း ဏီဏီက အကျခံရဲပါတယ် ...

ခုနေမှာတော့ ဏီဏီဘဝက သူများတကာလို ရူးပြီးခတ်ပြီး သား အဆင်သင့်စားရတဲ့ ဘဝမျိုး မဟုတ်ဘူးလေ … သူများ တကာတွေ အဆူအဆဲအကဲ့အရဲ့ခံပြီး ကြမ်းနိုင်ရမ်းနိုင်မှ ရမဲ့ ဘဝမျိုး ဖြစ်နေပြီလေ … အဲဒါ အဓိကတရားခံက ရွှေပေပဲ … ”

“ရွှေပေ … ဘာတစ်ခုမှ မသိပါဘူး ဏီဇရယ် … ဒီကိစ္စ အားလုံး မာမီသဘောတွေအတိုင်းပါ … ”

“ဘာလဲ … ရွှေပေ့ မေမေက ရွှေပေ့ကို အဲဒီလူနဲ့ ပေးစား မလို့မို့လား … ”

“ရွှေပေ … ဘာမှ မသိပါဘူးလို့ ဆိုနေမှပဲ … ”

“တောက် … ရွှေပေ့မေမေ မတရားဘူးကွာ … သူများချစ် ခြင်းကို ခွဲတယ် …

သူ့သမီးကို ဏီဏီနဲ့ သဘောမတူရအောင် ဏီဏီက ဒီ လောက်လည်း ဆင်းရဲစုတ်ပြတ်မွဲတေနေတဲ့ကောင်လည်း မဟုတ်ပါဘူး … ”

“တော်ပါတော့ ဏီဇရယ် … မာမီ့ကို မစော်ကားပါနဲ့ …





ရွှေပေ့အထင်မှာတော့ … မာမီဟာ ရွှေပေမသိအောင် ဒီ လောက်ကြီးအထိတော့ လုပ်မယ်မထင်ပါဘူး … ”

“အဲဒါပဲနော် … အရေးအကြောင်းရှိလို့ ရွှေပေ ခေါင်းငုံ့ပြီး ငြိမ်ခံနေမယ်ဆိုရင်တော့ ဏီဏီနဲ့ အတွေ့ပဲ … ”

“ဒီနေ့ကော ဘယ်လိုပြန်မှာလဲ … ”

“မနေ့က အတိုင်းပဲတဲ့ … မာမီက မှာလိုက်တယ် … ကား ပျက်နေလို့ သူ့သူငယ်ချင်းရဲ့သားနဲ့ပဲ လာကြိုမှာတဲ့ … ”

“အဲဒီလူက နာမည်ဘယ်လိုခေါ်လဲ … ”

“ကိုသာလွန်မောင်တဲ့ … ”

“ထွီ … နာမည်ကြီးက ရွံစရာကြီး … ”

စိတ်ညစ်နေတဲ့ကြားက ဏီဇ၏ ဒေါသဖြစ်နေပုံကို ရွှေပေလှာ ကျိတ်၍ရယ်ချင်နေပါသည်။

“အဲဒီကားနဲ့ ရွှေပေ မလိုက်ရဘူး … ဏီဏီ လိုက်ပို့မယ်”

“ဘယ်ရမလဲ … ရွှေပေ အဆူခံရမှာပေါ့ … ”

“ဒါဆို အဲဒီကားကို တို့ ရန်ရှာရင် အပြစ်မပြောနဲ့ ဒါပဲ … ”

“ဒါဆိုရင်တော့ … ဏီဇနဲ့တို့ ‘ဝေး’ပြီပဲ … ”

"ဘာ ... ဘာပြောတယ် ရွှေပေ ... နင်က ဒီလူ့အတွက်နဲ့ ငါ့ကို ရန်လုပ်တတ်နေပြီပေါ့ ... ဟုတ်လား ... "

"ဟုတ်တယ် ... ဏီဇကို အဲဒါတွေကြောင့် ရွှေပေစိတ်ညစ်တာ ... "

"မရဘူး ရွှေပေ ... စိတ်ညစ်လို့ မရဘူး ... အဲဒါတွေကို အကြောင်းပြုပြီ ... ဏီဏီ့ကို တမင်မကွဲကွဲအောင် လုပ်မလို့ မို့လား ... "

ပြောရင်းနှင့် ဒေါသကို မထိန်းနိုင်တော့ဘဲ ရွှေပေ၏ ပခုံးနှစ်ဖက်ကို ဆွဲကိုင်လှုပ်ယမ်းကာ တအားကို ဆောင့်ဆွဲပစ်ခါလိုက်ပါတော့သည်။

"ဒါ နင့်စိတ်အကုန်ပဲပေါ့ ဟုတ်လား ... ငါပြောတဲ့အတိုင်း 'ဝေးပြီပဲ'လို့ မှတ်လိုက်တော့ ဏီဇ ... "







ရွှေပေလွှာ့ကို သူမျိုးစုံ ချဉ်းကပ်ပါသော်လည်း လုံးဝ လှည့်မကြည့်တော့ပါ။

ဖြစ်နိုင်လျှင်၊ အဲလို တင်းမာနိုင်လွန်းသော ရွှေပေလွှာဆိုသည့် ကောင်မလေးကို ကားပေါ် အတင်းဆွဲခေါ်ကာ သူတို့နှစ်ယောက် တွေ့နေကျနေရာလေးမှာ ပြေပြေလည်လည် ဖြေရှင်းချင်ပါသေးသည်။

"အဲဒါ မင်းအပြစ်ပဲ ဏီဇ ... ဘယ့်နှယ်ကွာ ကိုယ်နဲ့ဆိုင်သာ

ဆိုင် မပိုင်သေးတဲ့သူကို မင်း အဲလို သွားပြီး အကြမ်းဖက်လို့ ရမလားကွ ... ”

“ဟုတ်တယ် ရန်ပြေ၊ ငါစိတ်မထိန်းနိုင်လို့ ရိုင်းသွားတယ်... ဘယ်နှယ့်ကွာ သူစကားတွေက ငါ့အပေါ် ထောက်ထားညှာတာ,တာ လုံးဝမရှိဘဲ ... သူ့မိဘတွေဘက်ကိုသာ တစ်ဖက်သတ် စောင်းပေးနေတာဆိုတော့ ငါ့စိတ်တွေက သည်းမခံနိုင်တော့ဘူး ဖြစ်သွားတယ် ... အဲဒီအတွက် ငါ တောင်းပန်ချင်တာကို ငါ့ကို လုံးဝကိုလှည့် မကြည့်တော့ဘူး ... ”

“အန်ကယ်ဦးသီဟနဲ့ကော မင်းတွေ့သေးလား ... ”

“ဟင့်အင်း ... မတွေ့တော့ဘူး ... အဲဒီနေ့ကစပြီး သူကျောင်းကို လုံးဝမလာတော့ဘူး ... ငါ့အထင်တော့ ... ဒါ သူ့မိန်းမကြီးက တမင် ငါနဲ့တွေ့မှာစိုးလို့ မလာခိုင်းတာပဲဖြစ်မှာ ... ”

“အန်ကယ် ဦးသီဟနဲ့ တို့ ဆွေးနွေးကြည့်ရင်ကော ... ဦးသီဟက စိတ်သဘောထား သိပ်မဆိုးပါဘူးကွ ... ”





“အေး ... ကောင်းတယ် ရန်ပြေ ... မင်းအကြံ မဆိုးဘူး... ဒါပေမဲ့ သူ့သမီးကိုယ်တိုင်က ငါ့ကို မခေါ်တော့ပါဘူးဆိုမှတော့ ငါက ပြေလည်အောင် ဘယ်လိုညှိနှိုင်းလို့ ရပါတော့မလဲ ...

ပြီးတော့ သူ့သမီး နုနုထွတ်ထွတ်လေးကို ငါက ဆောင့်တွန်းဆွဲခါတယ်ဆိုတာကကော ပြောလို့ ဘယ်ရပ့ါမလဲ ... ပြောမိရင်လည်း ငါ့လည်ပင်းကို ထညှစ်မှာပေါ့ကွ ... ”

“အဲဒါတွေတော့ မင်းမပြောနဲ့ပေါ့ကွ ... ရွှေပေကလည်း သူ့အဖေကိုတော့ ဒီအကြောင်းတွေ ပြောမယ် မထင်ပါဘူး... တကယ်ကို ပြောလိုက်တယ်ဆိုရင်တော့ မင်းမှာလည်း မျှော်လင့်ချက်မရှိတော့ဘူးပေါ့ကွာ ... ”

“အေး ... ကောင်းတယ် ... ဒါဆို တို့ သူ့ရုံးကိုလိုက်သွားကြမယ် ... သူ့ကို သတိရလို့ လာသလိုလိုနဲ့ ... ရွှေပေနဲ့ ငါ့ကို သဘောတူပေးဖို့ မသိမသာပြောမယ် ... ”

တကယ်တော့ ဏီတေစ်ယောက် ရွှေပေလွှာ သူ့ကို မခေါ်တော့သည့် ကိစ္စနှင့် ပတ်သက်၍ ဆောက်တည်ရာ မရအောင်

စိတ်တွေ ရှုပ်ထွေးခဲ့ရပါသည်။ ဦးသီဟနှင့်သွား၍ ဆွေးနွေးမည်ဟုသာ ရန်ပြေတို့နှင့် တိုင်ပင်ကြသော်လည်း တကယ်တော့ မသွားဖြစ်ခဲ့ပါ။ ဒီကိစ္စဟာ ကလေးတွေအနေနှင့် ဖြေရှင်းလို့ရတဲ့ ကိစ္စမှမဟုတ်တာလေ။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







ဒေါသဖြစ်ဖြစ်နှင့်သာ ရွှေပေလွှာ ဏီဇကို မခေါ်မပြောဘဲ နေခဲ့တာ။ တကယ်တော့ သူဟာ ဏီဇကို တစ်နေ့မတွေ့ရလျှင် မနေနိုင်အောင် လွမ်းတတ် သတိရတတ်သူပါ။

ဏီဇ သူ့ကို ဆွဲကိုင်လှုပ်ယမ်းခဲ့သည်မှာ တစ်ကိုယ်လုံးလည်း နာကျင်ကိုက်ခဲလို့ နေပါသည်။ ဒါတွေကိုလည်း ရွှေပေ ကျေကျေနပ်နပ်ကြီး ခံယူနိုင်ပါတယ်လေ။ တကယ်တော့ မပြတ်မသားလုပ်ခဲ့သည်က သူမပဲမို့လား။ တစ်ယောက်နဲ့တစ်ယောက်

ပါးစပ်ကဖွင့်မပြောပေမဲ့ အစွမ်းကုန် သံယောဇဉ်ရှိခဲ့ကြတာကိုလည်း သူတို့နှစ်ဦးစလုံးအသိပါလေ။ ဒါကိုမှ သူမက အခြားယောကျာ်းသား တစ်ယောက်မောင်းသော ကားနှင့် သွားလာနေသည်ကို ဇော်ဇေ မကြည့်နိုင်ဘူးဆိုတာဟာလည်း မှန်ပါသည်။

တကယ်တော့ အပြစ်လုပ်မိတဲ့သူက 'သူမ'သာလျှင် ဖြစ်တော့တာမို့ ကိုယ့်ကိုယ်ကိုယ် ကျိတ်၍ ဒေါသဖြစ်ခဲ့မိပါသည်။

စေတနာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







"ရွှေပေ ... နင် ဇော်ဇေတို့အကြောင်း ကြားပြီးပြီလား ..."

"ဟင့် ... အင်း ဇော်ဇေ ဘာဖြစ်လို့တုန်း ..."

"နင်ကသာမသိတာ ရွှေပေ ... ဇော်ဇေက နင်နဲ့ နင့်အမေ သဘောတူထားတဲ့ ကိုသာလွန်မော်ကို အမြဲပြဿနာရှာ တာလေ ... မနေ့ညနေကတော့ သာလွန်မော်ရဲ့ တပည့် လုပ်ထည့်လိုက်တာ ဇော်ဇေတို့ အီစလံဝေသွားတယ်လို့ကြား တယ် ... ခေါင်းကွဲသွားလို့ ဆေးရုံကတောင် မဆင်းရ

သေးဘူးတဲ့ ...”

“နင့်ကို ဘယ်သူပြောတာလဲ အေးသီ ... ”

“ငါ့အစ်ကို ပြောတာလေ ... ပန်းသတင်းလေညင်းဆောင် လူသတင်း လူချင်းဆောင်ဆိုတဲ့ စကားအတိုင်းပေါ့ဟယ်... ငါ့အစ်ကိုတွေကလည်း ဒီလိုပဲ အမြဲတမ်း ရန်ဖြစ်နေကြတာမျိုးဆိုတော့ ... ဏီဇသတင်းကြားလာလို့ ငါ့ကိုပြောပြတာ”

“ဒါဆို ဏီဇက ငါ့အတွက်ကြောင့်မို့ ဒေါသဖြစ်နေတာကထားပါဦး ... ဟိုသာလွန်မော်က ဏီဇကို ဘာလို့ ရက်ရက်စက်စက် လုပ်ရတာလဲ ... ဒီကောင်က သူယုတ်မာပေါ့ဟုတ်လား ... ”

“နင်က ခုမှ သိတာကို ... ငါတို့ကဖြင့် သိနေတာကြာပြီ...”

“ငါ့မာမီကကော ... သာလွန်မော်ကို သူယုတ်မာမှန်း ဘာလို့ မသိရတာလဲ ... ”

“ဒါကတော့ ... သာလွန်မော်က ပိုက်ဆံချမ်းသာတယ်လေ... ပိုက်ဆံချမ်းသာတဲ့လူဆိုရင် လူတွေက အပြစ်မမြင်တတ်တာ သဘာဝပဲ ရွှေပေရဲ့ ...”





“နင် ငါတို့သားအမိကို လှောင်နေတာလား အေးသီ ... ”

“ငါက ပြောပြတာပါ ‘ရွှေပေ’ရာ ... တကယ်တော့ ဏီဇဟာသနားဖို့ ကောင်းပါတယ် ... နင့်အပေါ်မှာလည်း သစ္စာရှိရှိနဲ့ ချစ်တယ်ဆိုတာကိုတော့ နင်သိထားဖို့ လိုတာပေါ့ ...”

“ငါသိပါတယ် ... တကယ်တော့ ဏီဇနဲ့ပတ်သက်ပြီး နင့်တို့ ငါ့ကိုစိတ်ဆိုးနေကြတာမို့လား ... ဒီကိစ္စမှာ မာမီက သာလွန်မော်ကို ဘယ်လိုသဘောနဲ့ခေါ်လာတယ်ဆိုတာကို ငါမသိတာ အမှန်ပဲ အေးသီ ... ခုလို ... ဏီဇနဲ့ ငါ့အကြောင်းကို မာမီတို့ သိပြီးသွားမှ ... ဒီသာလွန်မော်ဆိုတဲ့လူ ရောက်လာတာကတော့ ... ထူးဆန်းနေမှန်း ငါ သတိထားမိပါတယ် ... ဒါပေမဲ့ ငါ့ကို ဘာတစ်ခုမှ မထိခိုက်ဘဲ ဘလိုင်းကြီးမိုက်ရိုင်းလို့ကတော့ မာမီမျက်နှာက ရှိနေသေးတယ်မို့လား ... ပြီးတော့ သာလွန်မော်က မာမီ့သူငယ်ချင်းရဲ့သားဆိုတော့ မာမီမျက်နှာပျက်အောင် ဘယ်လုပ်လို့ရမလဲဟယ်၊ ခုလို သာလွန်မော်က ... ဏီဇကို ချောင်းမြောင်းပြီး လုပ်ကြံလိုက်တာကတော့ ရိုင်းလွန်းပါတယ် ... ငါမခံဘူး အေး

သီ ... ခုချက်ချင်း အိမ်ကိုပြန်မယ် ပြီးတော့ ... သာလွန်မော် အကြောင်း မာမီ့ကိုပြောမယ် ... ပြီးတော့ ငါ ဏီဇကို ဆေးရုံမှာသွားတွေ့မယ် ... "

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉–လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







"ဏီဇ ... "

ရွှေပေလွှာ့အသံလေးက တိုးတိုးလေးနှင့် ညင်ညင် သာသာလေးပါ။

"ဏီဇဆီမှ ဘာသံမှ မကြားရပါ ... "

"သူ အိပ်ပျော်နေလား ဆရာမ ... "

"ခုနတော့ နိုးနေတယ် ... ခု ပြန်အိပ်သွားပြီထင်တယ် ... ကျွန်မနှိုးပေးရမလားဟင် ... "

"နေပါစေ မနိုးပါနဲ့ ... ဇာဇီ အိပ်ပါစေ ... "

"ကျွန်မ သူနိုးတဲ့အထိ ထိုင်စောင့်ပေးနေပါ့မယ် ... "

"ကိုဇာဇီ ... ညီမလားဟင် ... "

"မဟုတ်ပါဘူး ... ကျွန်မက သူသူငယ်ချင်း ရွှေပေလွှာပါ"

"ဟင် တကယ် ... ရွှေပေလွှာဆိုတာ ... ရွှေပေလားဟင်"

"ဟုတ်ပါတယ် ... ကျွန်မ ရွှေပေလွှာခေါ်ရွှေပေပါ ... "

"ဟင် ... ဒါဆို ကျွန်မ ကိုဇာဇီကို နိုးလိုက်မယ် ... ကိုဇာဇီက မနေ့က တစ်နေ့လုံး ကယောင်ကတမ်းတွေ ဖြစ်ပြီး ... ရွှေပေ ... ရွှေပေနဲ့ ခေါ်နေတာ ... "

"အဲလိုဆိုလည်း ကျွန်မကို ခေါ်ပေးကြရောပေါ့ရှင် ... "

"ကျွန်မ ... အန်ကယ် ... ဟို ... ကို 'ဇာဇီ' အဖေကို ပြောပါတယ် ... အဲဒီ 'မရွှေပေ'ကို ခေါ်ပေးရင်ကောင်းမှာ ပဲလို့ ... "

"သူတို့က ဘာလို့ ခေါ်မပေးကြတာလဲ ... "

"အစတုန်းကတော့ ခေါ်ဖို့ တိုင်ပင်ပါသေးတယ် ... ဒါပေမဲ့ မိန်းကလေးဘက်က မကျေနပ်မှာစိုးလို့ဆိုပြီး မခေါ်ဖြစ်





တော့ဘူးလေ ... "

"သူညကကော အိပ်ပျော်လားဟင် ... "

"ညကတော့ ... အိပ်ဆေးတိုက်သိပ်ထားပါတယ် ... "

"ဇာဇီ သနားပါတယ်နော် ... "

ရွှေပေလွှာက ဇာဇီ၏ နဖူးပြင်တွင် ကျနေသော ဆံပင်လေးတွေကို တယုတယ သပ်တင်ပေးလိုက်ပါသည်။

နဖူးမှ ချွေးစလေးများကိုလည်း သူမ၏ လက်ကိုင်ပဝါလေးဖြင့် ဖြည်းဖြည်းချင်း သုတ်ပေးလိုက်ပါသည်။

တကယ်တော့ ငယ်ငယ်ရွယ်ရွယ်၊ နုနုပျိုပျိုလေးမှာ [illegible]ယ်နှိုင်မလိုက်အောင် စိတ်ကြမ်းကိုယ်ကြမ်းရှိလှသော ဇာဇီ၏ မျက်နှာလေးဟာ သေသေချာချာကြည့်လိုက်တော့ ... တကယ့် ကလေးလေးလို သနားစရာလေး ဖြစ်နေတော့တာလေ။

"သူ တကယ်နေကောင်းပါတယ်နော်ဆရာမ ... "

"ကောင်းပါတယ် မရွှေပေရယ် ... ဘာမှ စိတ်မပူပါနဲ့ ... မရွှေပေနဲ့ ကိုဇာဇီတို့က ချစ်သူတွေလားဟင် ... "

"ဟင်း ... ဟင်း ... ဆရာမကလည်း ရှက်စရာကြီး ... "

"ရှက်စရာမဟုတ်ပါဘူး မရွှေပေရယ် ... တကယ်လို့ မရွှေပေတို့နှစ်ယောက်ဟာ ချစ်သူတွေဆိုရင် အရမ်းကိုလိုက်ဖက်ညီတာပဲလို့ ကျွန်မ ပြောမလို့ပါ ... ဟုတ်တယ်မို့လားဟင်... မရွှေပေ ... ကိုဏီဇကို အရမ်းချစ်တာပဲလားဟင် ... "

"သြော် ... ချစ်သူတွေဆိုမှတော့ ချစ်တာပေါ့ ဆရာမရယ်"

ခဏအကြာမှာတော့ ဏီဇတစ်ယောက် တလှုးလှုး တလိမ့်လိမ့် ဖြစ်လာပါသည်။ တကယ်တော့ ရွှေပေလွှာ ရောက်လာတည်းက ဏီဇ သိနေပါသည်။ တမင်ဟန်ဆောင်ကာ အိပ်ချင်ယောင်ဆောင်နေခြင်းသာ ဖြစ်ပါသည်။

ခုလို ဟန်ဆောင်အိပ်နေခြင်းကြောင့် ရွှေပေလွှာဆီက သူကြားချင်တဲ့ စကားတွေကိုလည်း အပြည့်အဝ ကြားလိုက်ရပြီလေ။ ဘယ်လောက်များ စိတ်ချမ်းသာစရာ ကောင်းလိုက်သလဲလို့ ... ။

"ဏီဇ ... နိုးပြီလားဟင် ... ရွှေပေ ဏီဇနားမှာ ရှိတယ်လေ"

"တကယ်လာဟင် ... အိပ်မက်တော့ မဟုတ်ပါဘူးနော်"

"ဘယ်က အိပ်မက်ရမှာလဲ ဒီမှာလေ ရွှေပေ့လက်ကို ကိုင်





ကြည့်လေ ... "

"အား ... ဟုတ်ပြီ ... ဒါ ရွှေပေ့ရဲ့ လက်ကလေး ... "

ဏီဇက ရွှေပေလွှာ၏ လက်ဖဝါးလေးကို သူ၏ လက်ကြီးဖြင့် တစ်ဝကြီးဆုပ်ကိုင်ထားလိုက်ပါသည်။

ထိုစဉ်မှာပင် အခန်းထဲသို့ ဦးမောင်မောင်လွင်၊ ဒေါ်စန္ဒီဆွေနှင့် ဦးသီဟတို့ ဝင်ရောက်လာပါတော့သည်။

"နေကောင်းလားသား ... "

ဒေါ်စန္ဒီဆွေက သားကို သတင်းမေးရင်းနှင့် ရွှေပေလွှာကိုပါ အပြုံးလေးနှင့် ဆီးကြိုလိုက်ပါသည်။

"သမီးကကော ရောက်နေတာကြာပြီလား ... "

"ဟုတ်ကဲ့ပါ အန်တီ ... သမီးရောက်တော့ ဏီဇက အိပ်ပျော်နေလို့ ထိုင်စောင့်နေတာ ... ခုမှ နိုးခါစပဲရှိသေးတာ"

"နိုးခါစမဟုတ်ဘူး 'မရွှေပေ'ရဲ့ ... သူက လုံးဝကို မအိပ်တာ ... "

"မဟုတ်ပါဘူး ... ခုနအိပ်နေလို့ ရွှေပေတောင် နှိုးလို့မှမရတာ ... "

"အဲဒါ တမင်အိပ်ချင်ယောင်ဆောင်နေတာ မရွှေပေရဲ့ ... သူ့သူငယ်ချင်းတွေက မရွှေပေလာလိမ့်မယ်လို့ အကြောင်းကြားထားကတည်းက မရွှေပေလာရင် သူ အိပ်ချင်ယောင်ဆောင်နေမယ်လို့ ကျွန်မကို ပြောထားတာရှင့် ... "

"အရမ်းဆိုးတဲ့ ဏီဇပဲ ... တကယ်ကို လိမ်ညာဏ်များတယ်"

"များတာတော့ မပြောနဲ့တော့ သမီး ... ဖေဖေကို တစ်ချိန်လုံး သူ့နာမည် 'လွင်မောင်'ဆိုပြီး ပြောခဲ့တာရယ် ... သူ့အဖေနာမည် ဦးဘိုးဆင်မို့ သူက အဖေကို 'ဖေဆင်'လို့ ခေါ်တာရယ် ... အိုး စုံနေအောင်ကို မဟုတ်မဟတ်တွေ ပြောသွားတာလေ ... "

"အဲဒါတွေကပဲ ကျွန်တော့်သားကို ချစ်စရာကောင်းတယ်လို့ပဲ မှတ်လိုက်ပါတော့ ကိုသီဟရယ် ... နော် ... သမီးကိုလည်း အန်ကယ်နဲ့အန်တီတို့က မောင်ဏီဇ ့ဒို တစ်သက်လုံး ထိန်းကျောင်းပေးဖို့ တာဝန်ပေးလိုက်ပါပြီကွယ် ... သားဆိုးကြီးအတွက် အန်ကယ့်သမီးလေး ကျေကျေနပ်နပ်ကြီး တာဝန်ယူလိုက်ပါတော့နော် ... "





ဏီဇ၏မျက်နှာက အဖေလုပ်သူ၏ စကားကို အရမ်းကြီး ကျေကျေနပ်နပ်တွေ ဖြစ်သွားသလို ... ရွှေပေလွှာကတော့ ခေါင်းလေးကိုသာ ငုံ့ထားလိုက်ပါတော့သည်။

မြဘုန်းလူလူ (ဆေးတက္ကသိုလ်)

14-1-2005